www.burmeseclassic.com

# မြန်မာတိုင်းရင်းသား

# စကားပုံများ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | နိဒါန်း | .... | ၁ |
| ၁။ | မြန်မာစကားပုံများ | .... | ၁၆ |
| ၂။ | မြန်မာတိုင်းရင်းသားစကားပုံများ | .... | ၂၁ |
| ၃။ | စကားပုံ အနက်ဖွင့် | .... | ၃၀ |
| | မြန်မာစကားပုံများ | .... | ၃၀ |
| | မြန်မာတိုင်းရင်းသားစကားပုံများ | .... | ၈၆ |
| | (၁) ဂျိန်းဖော့ | .... | ၈၆ |
| | (၂) မရူ | .... | ၈၈ |
| | (၃) ရဝမ် | .... | ၉၁ |
| | (၄) လရှီ | .... | ၉၃ |
| | (၅) လီဆူး | .... | ၉၅ |
| | (၆) အဇီး | .... | ၉၈ |
| | (၇) ကယား | .... | ၁၀၀ |
| | (၈) ကရင် | .... | ၁၀၄ |
| | (၉) ချင်း | .... | ၁၁၂ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


(၁၀) လူရှေ့ .... ၁၁၇

(၁၁) တအာန်း .... ၁၂၀

(၁၂) ထားဝယ် .... ၁၂၅

(၁၃) မနု နှင့် တောင်ရိုး .... ၁၂၈

(၁၄) ပအိုဝ်း .... ၁၃၁

(၁၅) မွန် .... ၁၃၅

(၁၆) ရခိုင် .... ၁၃၈

(၁၇) ရှမ်း .... ၂၄၁

(၁၈) အင်းလေး — ၁၄၅

လေ့ကျင့်ရန် မေးခွန်းများ .... ၁၄၉


BURMESE CLASSIC .com

# နိဒါန်း

**စကားပုံဟူသည်**

စကားဝိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ပုံဆောင်၍ဖွဲ့ထားသော စကားစုဖြစ်သည်။ မှတ်သားရာ၌လည်းလွယ်၊ ပြောဆိုရာ၌လည်း နားထောင်ရသူ နားဝင်ပီယံဖြစ်စေရန် မြန်မာစကားပုံများ၌ ကာရန်ငဲ့ကာဖွဲ့ထားသောသဘောရှိသည်။ ကာရန်သဘောပါခြင်းက စကားပြေရိုးရိုးထက်ပို၍ မှတ်မိလွယ်စေသည်။ ထို့ကြောင့် စကားပုံ၌ ကာရန်ထုံး ဝါး ပါတတ်ပြီး အနှစ်သာရများ စုစည်းနေပေသည်။ မှတ်သားစရာ သတိပြုစရာ သင်ခြင်စရာ သင်ခန်းစာယူစရာ အများအပြားကိုလည်း ရရှိနိုင်ပေသည်။

အထက်ပါ လက္ခဏာများကို ထင်ရှားအောင်သာဓကဆောင်ပြရလျှင်

ကံယုံ၍ ဆူးပုံမနင်းရာ
ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်
တနေ့တလံ၊ ပုဂံဘယ်ရွှေ့မလဲ
ခရီးတွင်လို့၊ ရှာစဉ်မသိ

အစရှိသော စကားပုံများ၌ ယုံ၊ ပုံ။ တိုင်၊ နိုင်။ လံ၊ ဂံ။ တွင်၊ စဉ် များသည် ကာရန်ယူထားခြင်းဖြစ်သည်။

စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း
တိတ်တိတ်နေ၊ ထောင်တန်
နွားကွဲ၊ ကျားကိုက်
မပြည့်တဲ့အိုး၊ ဗောင်ဗင်ခတ်

U.P.—S. 193—20000—13-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



အစရှိသော စကားပုံများ၌ ကာရန်မပါ သော်လည်း အချိန် ကာလပိုင်းနှင့် ဖြတ်ရပ်ဆိုရသော စည်း ဝါး သဘောပါသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဤပုံစံနှစ်မျိုးစလုံးသည် ရွတ်ဆိုရာ၌လွယ်ကူပြီး မှတ်မိလွယ်စေသည်ကို တွေ့ရ၏။

စကားပုံ၌ပြောလိုသောအကြောင်းကို ပုံဆောင် (တနည်း) ပုံတင်ဖွဲ့ခြင်းဟူသည်မှာ

လသာတုန်း ဗိုင်းငင်
ရေနစ်တဲ့လူ၊ ဝါးကူလို့ထိုး
ဗူးလေးရာ၊ ဖရုံဆင့်
ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်
အိုးကမပူ၊ စလောင်းကပူ

အစရှိသော စကားပုံများ၌ အချိန်အခါရှိခိုက် အခွင့်အခါကောင်း ကြုံခိုက်၌ လုံ့လဝီရိယစိုက်ထုတ်လိုက်ပါဆိုသည်ကို လသာသော ဥပမာဆောင်ပြသည်။ ဒုက္ခရောက်နေသူကို အခြားတယောက်က ဒုက္ခဖြစ်စရာအကြောင်းတခုထပ်လုပ်သည့်အခါ ရေနစ်သူကို ဝါးကူထိုးသော သာဓကဖြင့် ထင်ရှားစေသည်။ မိမိ၏ပင်ကိုယ်တာဝန်မှာ ကြီးလေးနေရသည်တွင် အလုပ်တာဝန်များထပ်တိုးလာပြီး မနိုင်မနင်းဖြစ်နေသည့်အခါ "ဗူးလေးရာ၊ဖရုံဆင့်" စကားပုံကို သုံးကြသည်။ ဗူးပင်မှာ ဗူးသီးများကြောင့် လေးနေသည့်အပေါ် ဖရုံပင်ထပ်ဆင့်သဖြင့် လေးသည်ထက်လေးလာစေသည့် သာဓကကိုပြပြီး ဤစကားပုံကို သုံးထားသည်။ ငွေကုန်ကြေးကျခံပြီး သင်ကြားလုပ်ကိုင်စေသော်လည်း မဖြစ်မြောက်လျှင် "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" ဆိုသော သာဓကဆောင်၍ပြောကြသည်။ ကာယကံရှင်ကိုယ်တိုင် ပူပင်ရမည့်ကိစ္စ၌ ဘေးလူကဝင်ပြီးမနေနိုင် မထိုင်နိုင် ပူပင်တတ်ခြင်းမျိုးကို အိုးနှင့်စလောင်း၏ ပုံသက်သေဖြင့် ဟပ်ပြကြသည်။

ထို့ကြောင့် စကားပုံ၌ ပြောလိုသောအကြောင်းအရာဘာရပ်ရပ်ကို နေ့စဉ်ထိတွေ့လုပ်ကိုင်နေကြသော အဖြစ်အပျက်များမှ သာဓကကိုဆောင်ကာ တိုတိုနှင့် ထိထိမိမိပြောသည်။ တိုက်ရိုက်အနက်အပြင် ကွယ်ဝှက်သော အနက်လည်းရှိပေသည်။



ထို့အပြင် စကားပုံ၌ အဖိုးတန်သော လေ့လာစရာများလည်း အမြောက်အမြားပါရှိ၏။ လူမျိုးတမျိုး၏ အတွေးအခေါ် အယူအဆ ယုံကြည်မှု ဓလေ့ထုံးစံ ယဉ်ကျေးမှု လူမျိုး၏ စရိုက်သွင်ပြင်လက္ခဏာများကိုလည်း တွေ့ရှိနိုင်သည်။ လူမှုဆက်ဆံရေး နယ်ပယ်အသီးသီး၌ တဦးနှင့်တဦး ပြောဆိုဆက်ဆံရသည့်အခါ စကားပုံကို ထည့်သွင်းပြောလိုက်ခြင်းဖြင့် ဆိုလိုရင်းကို ထင်းကနဲ သဘောပေါက်သွားစေသည်။ စကားရှည်ရှည်ဝေးဝေး ပြောရမည့်ကိစ္စ၌ စကားပုံကိုသုံးလိုက်လျှင် အချိန်တိုတိုနှင့် သိလွယ် နားလည်လွယ်စေနိုင်သဖြင့် စကားပုံ၏အခန်းကဏ္ဍမှာ အရေးပါပြီး တန်ဖိုးကြီးပေသည်။ ထို့ကြောင့်လည်း လူမျိုးအသီးသီး၌ စကားပုံများသည် ရာထောင် ကိန်းဂဏန်းအထိ ရှိနေခြင်းဖြစ်သည်။

စကားပုံများ၏သမိုင်းကြောင်းအစကို ခြေရာကောက်ကြည့်လျှင် စကားပေါ်လာပြီး အနည်ထိုင်သည်နှင့် စကားပုံသည်လည်း ထက်ကြပ်မကွာ ပေါ်ပေါက်လာဟန် တူပေသည်။ စကားပုံ၏သက်တမ်းကို တိတိကျကျပြောရန်မှာ မလွယ်လှပေ။ စကားပုံများသည် လူမျိုးအသီးသီး၏ ဓလေ့ထုံးစံ ကိုးကွယ်ယုံကြည်မှု စာပေယဉ်ကျေးမှု နိုင်ငံရေး ကျေးလက်ရှိ တောင်သူလယ်ယာကိုင်းကျွန်းသမားများ မြန်မာ့လူ့ဘောင်ရှိ လက်လုပ်လက်စားလူတန်းစားတို့၏ လုပ်ငန်းခွင်၊ နေထိုင်မှုဘဝ၊ လူမှုဆက်ဆံရေးစသည့် နယ်ပယ်အသီးသီးက ပေါက်ဖွားလာသည်ကို တွေ့ရှိရသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် နေ့စဉ်လှုပ်ရှားနေရသော ပြည်သူအများသည် နေထိုင်မှုဘဝ၌ လူမှုရေးကျင့်ဝတ်၊ လမ်းညွှန်မှုစသည်များကို အချိန်တိုတိုနှင့် ခရီးရောက်အောင် သွန်သင်ကြရသည်။ အထူးသဖြင့် ကျေးလက်ဒေသများ၌ မိမိတို့ဘဝပတ်ဝန်းကျင်နှင့် နီးနွယ်ရာသာဓကများဖြင့် မကောင်းရာမြစ်ပြီး ကောင်းရာကို နည်းပေးလမ်းပြကြရ၏။ ဤသို့ သွန်သင်ဆုံးမမှုပြုကြရာဝယ် စကားပုံသည် ထိရောက်လွယ်ကူဆုံးဖြစ်သည်ကို တွေ့နိုင်သည်။

ရှေးလူကြီးသူမများ ပညာရှိကြီးများသည် အစဉ်အလာစကားပုံများကို သွန်သင်သမှု ပြုခြင်းဖြင့် ထိန်းသိမ်းပေးကြ၏။ စကားပုံသစ်များကို တီထွင်ခြင်းဖြင့် ပွားများလာစေပြီး သား မြေး မြစ် ရောက်အောင် ဆက်သက်ပို့ဆောင်ပေးခဲ့ကြ၏။ ဤနည်းဖြင့်စကားပုံများသည် မြန်မာတိုင်းရင်းသားတို့၏ ဘဝပတ်ဝန်းကျင်ဝယ် အစဉ်တစိုက်ထွန်းကားလာပြီး ယနေ့အထိ သက်တမ်းရှည်နေသည်ကို တွေ့ရပေသည်။

www.burmeseclassic.com



စကားပုံအများစုမှာ ပြည်သူတို့၏ နေ့စဉ်ထိတွေ့ခံစားနေရသော လူမှုရေးနယ်ပယ်မှ အများဆုံးပေါက်ဖွားလာပြီး ဘာသာစာပေယဉ်ကျေးမှုပုံပြင်များမှလည်း ပေါ်ပေါက်လာသည်ကို တွေ့နိုင်သည်။

**ငါးရာ့ငါးဆယ်နိပါတ်တော်**

သူခိုး ဓားရိုးကမ်း။   သမင်မွေးယင်း၊ ကျားစားယင်း
ငရဲပန်း ရွှေပန်းထင်။   ရေ့ပတ္တမြား ရေ့နဂါး
ဘုတ် ကျီးရှိသေ၊ ကျီး ဘုတ်ရှိသေ
ဇာတ်တူသားစား ဟင်္သာကိုးသောင်းပျက်

**မဟော်သဓဇာတ်တော်ကြီး**

အမာရှတ်မြင်လေ၊ မင်းမဟော်သတိရလေ

**မြန်မာရာဇဝင်**

မရှယ်ပဲ၊ စော်ကဲမင်းဖြစ်
သေသာသေ မျက်တောင်ခတ်တုန်း

**ပျို့ကဗျာ**

ပညာရှိရင့် ပွဲလယ်တင့်

**ဝမ္ဘသတ်**

သံကြွက်စား၊ သားစွန့်ချီ
ခုံကျူး ခုံတာ၊ ရှေ့နေကျူး ရှေ့နေတာ

**ပုံပြင်**

အလိုကြီး၊ အရနည်း။   မြွေပါလည်းဆုံး၊ သားလည်းဆုံး
ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်



စကားပုံများကို လေ့လာကြည့်လျှင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ တတိုင်းပြည်နှင့်တတိုင်းပြည်အနေဝေးသော်လည်း သဘောသွားဆင်သောစကားပုံများကို တွေ့ရခြင်းဖြစ်သည်။

| | | |
|---|---|---|
| မြန်မာ | | လသာတုန်းဗိုင်းငင်၊ မိုးရွာတုန်းရေခံ |
| အင်္ဂလိပ် | -- | Make hay while the sun shines. |
| မြန်မာ | — | သည်ပုတ်ထဲက သည်ပဲ |
| အင်္ဂလိပ် | .. | Birds of the same feather flock together. |
| မြန်မာ | -- | လိုလျှင်ကြံဆ နည်းလမ်းရ |
| အင်္ဂလိပ် | . | Necessity is the mother of invention. |

ရံခါ၌ အိမ်နီးတိုင်းပြည်ချင်း အရှေ့တိုင်းသားချင်း အတွေးအမြင်တူသောစကားပုံများကိုတွေ့ရပြန်၏။

| | | |
|---|---|---|
| မြန်မာ | --- | ဝါးလုံးခေါင်းထဲ လသာ |
| ဂျပန် | — | ကျူရိုးထဲ လသာ |
| မြန်မာ | — | ကျွဲပါး စောင်းတီး |
| ယိုးဒယား | -- | ကျွဲပါး တယောထိုး |
| ဟာရှတ် | — | ကျွဲပါး ပြေမှုတ် |
| မြန်မာ | — | ခွေးမြီးကောက် ကျည်တောက်စွပ် |
| ယိုးဒယား | — | ခွေးမြီးကို ဖြောင့်မရ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| မြန်မာ | – | အလိုကြီး အရနည်း |
| ယိုးဒယား | – | လောဘကြီး ဥစ္စာပျောက် |
| မြန်မာ | – | ကြမ်းကျ လို့နုတ်ရ စကားကျ နုတ်မရ |
| ယိုးဒယား | – | နှုတ်လွန်လျှင် ဥစ္စာအများကြီးဆုံးစေနိုင် |

စသော စကားပုံ များသည် အိမ်နီးတိုင်းပြည်ချင်း အရှေ့ တိုင်းသားချင်း ဖြစ်သဖြင့် ယဉ်ကျေးမှု သဘောသွားတူသည်ဟု ဆိုနိုင်ပါသည်။ ရေမြေ ဒေသအလွန်ဝေးလံပြီး ဘဝအရှုအမြင် ရည်ရွယ်မလေ့ထုံးစံမတူသော လူမျိုးများ၏ စကားပုံများနှင့်ဆင်တူခြင်းမှာ တပြည်နှင့် တပြည် ချက်တူသွား၍လည်း ဖြစ်နိုင်သည်။ ရံခါစကားပုံများသည် ပုံပြင်များကဲ့သို့ တပြည့်တပြည်သို့ ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေးအရ ကူးလူးဆက်ဆံရာမှ ရောက်ရှိသွားခြင်းလည်း ဖြစ်နိုင်သည်။

မြန်မာတိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန် ရခိုင်၊ ရှမ်းတို့၏ စကားပုံများမှာ အခြေခံအတွေးအခေါ် အယူအဆတူသော စကားပုံ အမြောက်အမြားကို တွေ့ရှိရသည်။ သာဓကအားဖြင့် ထုတ်နုတ်ပြရသော်

**စည်းလုံးညီညွတ်မှုမရှိခြင်း၏အပြစ်**

| | | |
|---|---|---|
| မြန်မာ | – | နွားကွဲ ကျားကိုက် |
| ချင်း | – | နွားနောက်ကွဲ ကျားပါးစပ်ရောက် |
| ကယား | – | လူကွဲလျှင် စုန်းဖြစ်မည် |
| မွန် | – | နွားကွဲ ကျားကိုက် လူကွဲ အထိနာ |
| ရှမ်း | – | နွားကွဲ အမဲသားဖြစ်မည်။ |



**စကားအပြောအဆို**

| | | |
|---|---|---|
| မြန်မာ | – | ကြမ်းကျ နုတ်ရ၊ စကားကျ နုတ်မရ |
| ဂျိန်းဖော့ | – | ကြက်လွတ်လျှင် နေသာသည်၊ စကားလွတ်လျှင် မည်သို့မျှ မတတ်နိုင် |
| ချင်း | – | စကားကျ လျှင် ဒုက္ခတွေ့ |
| ကယား | – | စကားအရမ်းပြောလျှင် လျော်ရတတ်သည် လှံကို အရမ်းပစ်လျှင် ခွေးထိတတ်သည် |
| လူရှေ | – | ပြောပြီးသား စကားနှင့် ဖိတ်ပြီးသောရေကို ပြန်၍ မကျုံးနိုင်တော့ပါ |
| ဓနုနှင့်တောင်ရိုး | – | တွင်းဆိုးကျ လျှင်နုတ်ရသည်၊ စကားကျ သော် နုတ်မရ |
| မွန် | – | ခြေထောက်ကြမ်းကျ ပွန်းပဲ့နာရ၊ စကားကျ နုတ်မရ |
| မွန် | – | ကြမ်းကျ နုတ်ရ၊ စကားကျ နုတ်မရ |

**လောကဓံ**

| | | |
|---|---|---|
| မြန်မာ | – | သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ |
| ကယား | – | သစ်ငုတ်သည် မြက်ထက်တခါမြင့်၍ မြက်သည်လည်း သစ်ငုတ်ထက်တခါ မြင့်ပြန်သည် |

**ကံ**

| | | |
|---|---|---|
| မြန်မာ | – | ကျားရဲရာကြမ္ဘာမရှိုးသာ၊ ကံယုံ၍ ဆူးပုံမနင်းရာ |
| ရှမ်း | – | ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရာ ကျားဆိုးနှင့်တွေ့သောအခါ ကံကိုမယုံရာ၊ |

www.burmeseclassic.com

www.burmeseclassic.com



**ညှော်**

မြန်မာ — အိမ်သာလို့ ညှော်လာသည်

ကချင် — ညှော်လာလျှင် အိမ်သာသည်

ကရင် — တောင်ပို့ကောင်းက မှိုပေါက်၊ အိမ်သာလျှင်ညှော်ရောက်

**မျိုးရိုး**

မြန်မာ — ချောင်းရိုးမြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုးမတိမ်ကော

ချင်း — ချောင်းရိုးခန်းသလို၊ မျိုးရိုးမခန်း

**ရိုးသားခြင်း**

မြန်မာ — ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမကုန်

ကရင် — ဖြောင့်လျှင်စား၍မကုန်၊ မဖြောင့်မတ် လိမ်လည်တတ်သူသည် စားမဝ

**လုံ့လ** (ကြိုးတင်ပြင်ဆင်ခြင်း)

အစီး — ရေမတိုးမီ တံတားဆောက်ပါ

ကရင် — လယ်မလုပ်မီ ထွန်တုံးထွန်တံကို ပြင်နှင့်ထား

မွန် — လှေ ကမ်းမဆိုက်မီ တက်ဖြစ့်ကြို့ထိုးပါ



**လူ့အကျင့်** (ပြုပြင်ရန်ခက်ခဲသော အကျင့်)

မြန်မာ — ခွေးမြီးကောက်၊ ကျည်တောက်စွပ်

ကရင် — ခွေးမြီးကောက် ကျည်တောက်စွပ်ထားပြီး၊ ပြန်ထုတ်တော့ ကောက်မြဲပင်

မွန် — ခွေးမြီးကောက် ဆီခုနစ်ဗူးလိမ်းသပ်လည်း အမြီးမဖြောင့်

အင်းလေး — ခွေးမြီးကောက် ကျည်တောက်စွပ်၊ စွပ်တုန်းခဏပ

**ငုပ်**

မြန်မာ — ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်

မွန် — အောက်ခြေရောက်သည်အထိငုပ်၊အဆုံးရောက်သည်အထိသွား

**အစွန်းနှစ်ဘက်အမြစ်**

မြန်မာ — လျှော့လွန်းလျှင်ပတ်၊ တင်းလွန်းလျှင်ပြတ်

ကရင် — မာလွန်းလျှင်ကျိုး၊ ပျော့လွန်းလျှင်ကွေး

**လောဘ**

မြန်မာ — အလိုကြီး၊ အရနည်း

ချင်း — များများလိုချင်လျှင်၊ နည်းနည်းရ

2 U.P.—S. 193—20000—13-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



**အလုပ်အကိုင်**

မြန်မာ — သစ်မရမီစပ်ကြား၊ ဝါးပေါင်းကွပ်
ကရင် — ရှဉ့်မရခင် ခဲ (ရှဉ့်နှင့်တူသောသတ္တဝါတမျိုး)

**အချိန်လွန်ပြီးမှလုပ်ဆောင်ခြင်း**

လရှိ — ကလေးကျပြီးမှ လှေကားထောင်သည်၊
သားကောင်လွန်ပြီးခါမှ ခွေးဟောင်သည်

ချင်း — ကလေးကျပြီးမှ အပေါက်ဖာသည်၊
နွားနောက်ဝင်ပြီးမှ ခြံစည်းရိုးကာသည်

**ကြွားဝါခြင်း**

မြန်မာ — နေတော့ပျဉ်ထောင်၊ စားတော့ချဉ်ပေါင်
ပအိုဝ်း — အထဲကဖျင်ကြမ်း၊ အပြင်ကဖဲ

**အိမ်ထောင်မှု**

မြန်မာ — ကုန်ရှုံးတခေါက်၊ လင်ကုန်ရှုံး တသက်လုံးမှောက်
အဇီး — မယားယူမှား တသက်၊ တောင်ယာခုတ်မှား တနှစ်

**ကျေးဇူးမေ့တတ်ပုံ**

မြန်မာ — ဘုရားပြီး ငြမ်းဖျက်
အဇီး — ချောင်းကူးပြီးလျှင် တောင်ဝှေးကို ပစ်တတ်သည်



**ကျေးဇူးမဲ့ပြုခြင်း**

မြန်မာ — အရိပ်နေနေ၊ အခက်ချိုးချိုး
— သားရေပေါ်အိပ်၊ သားရေနားစား
တအာန်း — သူ့အိမ်ထမင်းစား၊ သူ့ခြံထဲမစင်စွန့်

**ကျေးဇူးသိ**

မြန်မာ — တလုတ်ကျေးဖူး၊ သူ့ကျေးဇူး
ရှမ်း — သူ့ထမင်းစားပြီး သူ့အတင်းကိုမပြောနှင့်၊
မိုးကြိုးမပစ်သော်လည်း ဆင်းရဲတာရှည်တတ်သည်

**မသိတတ်ခြင်း**

မြန်မာ — မရှိတာထက်၊ မသိတာခက်
ရခိုင် — မဟိစွာထက်၊ မသိစွာခက်

**အကျိုးမဲ့ဖြစ်ခြင်း**

မြန်မာ — ကျွဲပါး စောင်းတီး
အင်းလေး — ကျွဲပါး စောင်းတီး၊ ကလီးနား စာဖတ်

**အမှတ်မဲ့လုပ်ဆောင်ခြင်း**

မြန်မာ — မြင်းစီးလို့ အထီးမှန်း အမမှန်း မသိ
ရခိုင် — တမိုးလယ်ထွန်၊ နွားထီးလား နွားမလား မသိ
ဓနုနှင့်တောင်ရိုး— တစလောဝ်းကုန်လို့မှ လူးမှန်း ဆပ်မှန်းမသိ

www.burmeseclassic.com

www.burmeseclassic.com



**ပြောင်းပြန်ဖြစ်ခြင်း**

| | | |
|---|---|---|
| မြန်မာ | — | အိမ်ရှင် ညှော်မောင်း |
| ထားဝယ် | — | စပါးရှင် မျောက်လိုက် |

**အညွှန့်ထဲမှအကောင်းပြ**

| | | |
|---|---|---|
| ထားဝယ် | — | မရှိတဲ့အရပ်မှာငါးဖျင်းသလက်သည် ငါးကောင်း ဖြစ်သည် |
| ပအိုဝ်း | — | ငါးမရှိတော့ ဖားစွံ၊ စောင်မရှိတော့ အဝတ်စုတ်နွေး |

**လူကြီးမိဘစကား**

| | | |
|---|---|---|
| မြန်မာ | — | မိဘစကား နားမထောင်၊ သားတကောင်နှင့် တိုးလို့တွဲလဲ |
| | — | မိဘစကားနားထောင်ငြား၊ သံပြားကျောက်စောင်း ကျိုးသော်ပြောင်း၏ |
| လရှိ | — | သက်ကြီးစကားကို မလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်းမခုတ်သင့် |
| ကရင် | — | ငှက်ကလေးတကောင်သည် ငှက်မကြီးထက် မြင့်အောင်မပျံနှင့်၊ ပျံမိက လေတိုက်၍ ကျမည် |
| | — | လူတို့သည် ကိုယ့်အမေအဖေထက် ပို၍မသွားနှင့်၊ မြင့်သောနေရာတွင် မနေနှင့် |
| တအာန်း | — | မိဘစကား မနာယူက အမြီးပေါက်မည် |

အထက်ပါ ကောက်နုတ်ချက်သာဓကများကို ထောက်ရှုလျှင် မြန်မာနှင့် မြန်မာတိုင်းရင်းသားတို့၏ လူ့သဘာဝ၊ လူ့အမှုအကျင့်၊ ကိုယ်ကျင့်တရား လောကသဘောစသောအချက်များအပေါ် ရှုမြင်ပုံအခြေခံ အတွေးအခေါ် တူညီချက်များကို တွေ့ရှိနိုင်သည်။



ဤသည်မှာလည်း သဘာဝကျသောအချက်ပင် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးပဝေသဏီက တခုတည်းသောမျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်ကြောင်းကို သမိုင်းအရတွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားအားလုံးသည် အာရှတိုက်အလယ်ပိုင်းရှိ မွန်ဂိုကုန်းပြင်မြင့်တွင် နေထိုင်ကြသည့် မွန်ဂိုမျိုးနွယ်မှဆင်းသက်လာပြီး ရှေးနှစ်ပေါင်းများစွာက မွန်ခမာ၊ တိဗက်မြန်မာ၊ ထိုင်းတရုတ် ဟူသော အုပ်စုကြီး သုံးစုခွဲကာ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ မွန်ခမာအုပ်စုမှ မွန်၊ ဝ၊ ပလောင်၊ ပဒေါင်၊ တိဗက်မြန်မာအုပ်စုမှ ကချင်၊ ချင်း၊ မြန်မာနှင့် ရှေးမြန်မာအနွယ်များ၊ လိုလိုမုဆိုးအနွယ်များ၊ ထိုင်းတရုတ် အုပ်စုမှ ရှမ်း၊ ကရင်များ ဆင်းသက်ပေါက်ဖွားလာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားများအားလုံးသည် တမိတည်းပေါက် သွေးရင်းသားရင်းများဖြစ်ကြ၏။ နေထိုင်ရာ နေရာဒေသ ပထဝီအနေအထားအလှမ်းကွာမှု ရာသီဥတုပတ်ဝန်းကျင်မတူမှုတို့ကြောင့်သာ အပြောအဆို အနေအထိုင် အဝတ်အစား အမှုအရာ ဓလေ့ထုံးစံဘာသာစကားများသည် အနည်းငယ်စီ ကွဲပြားသွားခြင်းဖြစ်သည်။ အရင်းကျသော အတွေးအခေါ် အယူအဆပိုင်း၌ တူညီချက်အမြောက်အမြားကို တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် စကားပုံသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် စကားပုံ၏ အခန်းကဏ္ဍသည် အရေးပါလှသည်ဟု ဆိုရပေမည်။

စကားပုံများ၌ အနက်တူ၊ အနက်ဆင်၊ အနက်ကွဲ စသည်ဖြင့် တွေ့နိုင်သည်။ ဤသည်မှာလည်း စကားပုံသည် အလွှာအမျိုးမျိုး၊ လုပ်ငန်းအဖုံဖုံ၊ ဒေသအစုံစုံမှ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်သည်။ တဦးနှင့်တဦး ကြုံတွေ့ရသည့် အခြေအနေ၊ ပတ်ဝန်းကျင် အတွေးအခေါ် စသည်တို့မှာ မတူညီတတ်၊ မတူညီနိုင်၊ အမျိုးမျိုး ကွဲပြားခြားနားမှု ရှိပေသည်။ စကားပုံများတွင် ယင်းသဘောထင်ဟပ်နေခြင်း ဖြစ်၏။

တရွာမပြောင်း၊ သူကောင်းမဖြစ်
သချင်တဲ့ကျား၊ တောပြောင်း
ကြောက် လွှဲ၊ ရဲ မင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ် ဝန်ကင်း

လာမည့်ဘေး ပြေးတွေ့

လာမည့်ဘေး အဝေးကရှောင်

စသည်တို့ကို ကြည့်ပါ။ မိမိအတွက် အကျိုးစီးပွား မဖြစ်၊ ဒုက္ခ သုက္ခနှင့် ရင်ဆိုင်နေရသော အရပ်မျိုး၌ မနေအပ်၊ ရွှေ့ပြောင်းသင့်သူများအတွက်မူ "တရွာမပြောင်း၊ သူကောင်းမဖြစ်" ဟူသော စကားပုံသည် လမ်းညွှန်သဖွယ် ဖြစ်ပေလိမ့်မည်။ မိမိအတွက် အကျိုးဖြစ်နေပါလျက်နေရိုးနေစဉ်မနေ၊ ရွှေ့ပြောင်းသဖြင့်ဒုက္ခတွေ့ရသူများအတွက်မူ "သေချင်တဲ့ကျွဲ၊ တောပြောင်း" ဟူသောစကားပုံသည် သတိပြုဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် စကားပုံသည် ကာလ ဒေသ အခြေအနေ အမျိုးမျိုးနှင့် ဟပ်စပ်ပြီး ညွှန်ပြသွားကြောင်း တွေ့ရှိရပေသည်။ ရံခါ၌ အတွေးတူ အနက်တူ စကားပုံများသည် ပတ်ဝန်းကျင်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာသည်ကို တွေ့ရမည်။

ရေစီးတခါ၊ ရေသာတလှည့်

ဖုံလုံတလှည့်၊ ငါးပျံတလှည့်

သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ

ဘတပြန်၊ ကျွဲတပြန်

ယုန်ကျူးချည်၊ ခွေးကျူးချည်

မှန်ကင်းတလှည့်၊ ထင်းတလှည့်

ဟူသော စကားပုံများသည် လောကဓံကိုဖော်ပြခြင်း၌ သဘောတူဖြစ်၏။ သာဓကဆောင်ပုံမှာသာ ကွာခြားသွားသည်။ မြစ်ချောင်းပတ်ဝန်းကျင်ရှိသူများက "ရေစီးတခါ၊ ရေသာတလှည့်" "ဖုံလုံတလှည့်၊ ငါးပျံတလှည့်" ကိုလည်းကောင်း၊ တောင်ယာလယ်တောဘဝပတ်ဝန်းကျင်မှလူများက "သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ" "ဘတပြန်၊ ကျွဲတပြန်" "ယုန်ကျူးချည်၊ ခွေးကျူးချည်" စသောစကားပုံများဖြင့်လည်းကောင်း ဖော်ပြကြသည်။



ထို့ပြင် အချို့စကားပုံများ၌ တိုက်ရိုက် အနက်ထပ်တူမဟုတ်သော်လည်း သက်ရောက်အနက်မှာတူသည်။

တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်

မလျော့မတင်း၊ စောင်းကြိုးညင်း

ဟူသော စကားပုံနှစ်ခု၌ "တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်" သည် အစွန်းနှစ်ဘက်စလုံး၏အပြစ်ကိုပြသည်။ "မလျော့မတင်း၊ စောင်းကြိုးညင်း" ဟူသောစကားပုံကမူ အလယ်အလတ်လမ်းစဉ်ကျင့်သုံးရန်ညွှန်ပြသည်။ ထို့ကြောင့် သက်ရောက်သည့်အနက်မှာ တူသည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ စကားပုံ၏ဆိုလိုရင်း၊ ရှင်းလင်းချက်၊ အကျိုးသက်ရောက်ပုံတို့ကို မူရင်းစကားပုံနှင့် ယှဉ်ဟပ်ကာ သေချာစွာလေ့လာသင့်ပါသည်။ ဤနည်းဖြင့် ကျောင်းသားကျောင်းသူများ၏ ဘဝတလျှောက်လုံးအတွက် မှတ်သားသတိပြုဖွယ်ရာ အထွေထွေ အမျိုးမျိုးကို အမြဲအရ စွဲမြဲမှတ်ယူကာ အကျိုးများစွာ ဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁။ မြန်မာစကားပုံများ

၁။ ကိုယ်မလှကိုယ်မမြင်၊ သူမလှကိုယ်ရယ်ချင်။

၂။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။

၃။ ကံထမ်းလာတာမမြင်ရ၊ လုံထမ်းလာတာသာမြင်ရ။

၄။ ကံယုံ၍ ဆူးပုံမနင်းရာ။

၅။ ကြက်စပါးစား၊ ထရံဒဏ်သင့်။

၆။ ကြောက်လွဲ၊ ရဲမင်းဖြစ်။

၇။ ကြံသာအစဉ်ချို၊ လူအစဉ်မချို။

၈။ ကြမ်းကျ လို့နုတ်ရ၊ စကားကျ နုတ်မရ။

၉။ ကျဲပါး စောင်းတီး။

၁၀။ ခရီးတွင်လို့၊ ရွာစဉ်မသိ။

၁၁။ ခင်ရာဆွေမျိုး၊ မြိုန်ရာဟင်းကောင်း။

၁၂။ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုးမတိမ်ကော။

၁၃။ ငါးစိမ်းမြင်၊ ငါးကင်ပစ်။

၁၄။ ငါးသိုင်းများ ဟင်းဟုံ။

၁၅။ ငှပ်မိသဲကိုင်၊ ဘက်နိုင်ဖျားရောက်။

၁၆။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း။



၁၇။ စူးနေရာစူး၊ ဆောက်နေရာဆောက်။

၁၈။ စိတ်လိုလျှင်ပျားသကာ၊ စိတ်မလိုလျှင်ခါးတမာ။

၁၉။ စိန်နားကပ်အရောင်ကြောင့်၊ ပါးပြောင်။

၂၀။ ဇာတိကိုသိချင်၊ အမူအကျင့်ကိုကြည့်။

၂၁။ တကျောင်း တဂါထာ၊ တရွာ တပုဒ်ဆန်း။

၂၂။ တခါသေဖူး၊ ပျဉ်ဖိုးနားလည်။

၂၃။ တနေ့တလံ၊ ပုဂံဘယ်ရွှေ့မလဲ။

၂၄။ တပည့်မကောင်း၊ ဆရာ့ခေါင်း။

၂၅။ တလုတ်ကျွေးဖူး၊ သူ့ကျေးဇူး။

၂၆။ တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်။

၂၇။ တောင်းမှာအကွပ်၊ လူမှာအဝတ်။

၂၈။ တိတ်တိတ်နေ၊ ထောင်တန်။

၂၉။ တန်ဆေး၊ လွန်ဘေး။

၃၀။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး။

၃၁။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်။

၃၂။ မလေ့တူရာ၊ မိတ်ဖြစ်လာ။

၃၃။ နီးတကျက်ကျက်၊ ဝေးတသက်သက်။

၃၄။ နေတော့ပျဉ်ထောင်၊ စားတော့ချဉ်ပေါင်။

၃၅။ နည်းလျှင်အင များလျှင်အဝ။

၃၆။ နွားကောင်း မကောင်း ချောင်းတက်မှသိ၊
လူကောင်း မကောင်း ပေါင်းဖက်မှ သိ။

3 U.P.—S. 193–20000–13-10 80. M.M.

www.burmeseclassic.com

၃၇။ နွားကွဲကျားကိုက်။

၃၈။ နွားတဘက်ကောင်းသော်လည်း၊ ချောင်းမတက်နိုင်။

၃၉။ နွားပိန်ထူ၊ လူဝှေ့။

၄၀။ ပညာရဲရင့်၊ ပွဲလယ်တင့်။

၄၁။ ပညာရှိအမျက်၊ ပြင်မထွက်။

၄၂။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေး။

၄၃။ ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်။

၄၄။ ပျက်အစဉ်၊ ပြင်ခဏ။

၄၅။ ဗူးသီးမှ၊ အရိုးတော်။

၄၆။ ဘုရားမှတ်၍ကိုးကွယ်ပါ၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ။

၄၇။ မကတတ်တော့၊ ဖျာအပြစ်တင်။

၄၈။ မခေါ်ပဲမသွားနှင့်၊ မဟော်ပဲမစားနှင့်။

၄၉။ မပြည့်တဲ့အိုး၊ ဘောင်ဘင်ခတ်။

၅၀။ မရဲသော်လည်း၊ ပြေးခဲစေ။

၅၁။ မရှိတာထက်၊ မသိတာခက်။

၅၂။ မရှိ တောင့်တ၊ ရှိ ကြောင့်ကြ။

၅၃။ မလျှော့မတင်း၊ စောင်းကြိုးညှိ။

၅၄။ မသိမေး၊ မစင်ဆေး။

၅၅။ မိုးရွာတုန်း ရေခံ၊ လေလာတုန်း စပါးလှေ့။

၅၆။ မိုးသောက်ကြက်တင်၊ နေဝင် စပါးလှန်း။

၅၇။ မိန်းမကောင်းပန်းပန်၊ တပွင့်တန်။



၅၈။ မုန်းစေလို ခံတွင်း လက်လေးသစ်၊ ချစ်စေလို ခံတွင်း လက်လေးသစ်။

၅၉။ မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ။

၆၀။ မြင်းစီးလို့ အထီးမှန်း အမမှန်း မသိ။

၆၁။ မှန်ကင်းတလှည့်၊ ထင်းတလှည့်။

၆၂။ ရေများ ရေနိုင်၊ မီးများ မီးနိုင်။

၆၃။ ရွာနားမြက်၊ ရွာနွားမစား။

၆၄။ ရှေးထုံးပယ်ကလွဲ၊ ဈေးသုံးလွယ်ကမွဲ။

၆၅။ ရွှေအကြောင်း ဖယောင်းမှသိ၊ လူအကြောင်း ပေါင်းမှသိ။

၆၆။ လူကိုယုံလည်း၊ စကားကုန်မပြောနှင့်။

၆၇။ လူပြောမသန်၊ လူသန်မပြော။

၆၈။ လူဖြောင့် စိတ်တို၊ လူချို စိတ်ကောက်။

၆၉။ လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ပါး။

၇၀။ လူသွမ်းပန်းပန် တဟင်းငင်၊ လူလှပန်းပန် တပွင့်တန်။

၇၁။ လယ်ထွန်သွား၊ နွားမေ့။

၇၂။ လောဘကြီး စကားပို၊ ဒေါသကြီး စကားတို။

၇၃။ လိုလျှင်ကြံဆ၊ နည်းလမ်းရ။

၇၄။ လိုလျှင်ရစေ၊ ကြိုးနှယ်ခွေ။

၇၅။ လက်ဆောင်ထိုး၊ နွားသိုးကောင် မဝေ့။

၇၆။ လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ။

၇၇။ လင်နှင့်မယား၊ လျှာနှင့်သွား။

www.burmeseclassic.com

www.burmeseclassic.com



၇၈။ ဝန်နှင့်အား၊ မြားနှင့်လေး။

၇၉။ သတိမမူ ဂူမမြင်၊ သတိမူက မြူကိုမြင်။

၈၀။ သားရေပေါ်အိပ်၊ သားရေနားစား။

၈၁။ သားသမီးမကောင်း၊ မိဘခေါင်း။

၈၂။ သိတိုင်းလည်း မဟနှင့်၊ ရှိတိုင်းလည်း မပြနှင့်။

၈၃။ သူခိုးပြေးမှ ထိုးကွင်းထ။

၈၄။ သဿာအား၊ ဘုရားမဆန်သာ။

၈၅။ သစ်ကောင်းတပင်ကြောင့်၊ တောတခွင်ကြိုင်။

၈၆။ သစ်မရှိခင်စပ်ကြား၊ ဝါးပေါင်းကွပ်။

၈၇။ သံကိုကြွက်စား၊ သားကိုစွန်ချီ။

၈၈။ အကျဉ်းအကျပ်ကိုတွေ့မှ၊ အလေ့အကျင့်ကိုသိရသည်။

၈၉။ အကြောင်းတော်၊ တောင်ပေါ်ရေစီး။

၉၀။ အစကောင်းမှ၊ အနှောင်းသေချာ။

၉၁။ အစားမတော်တလုတ်၊ အသွားမတော်တလှမ်း။

၉၂။ အနာခံမှ၊ အသာစံရ။

၉၃။ အတတ်များလျှင်ပေါ့၊ အပတ်များလျှင်လျော့။

၉၄။ အရေးကြီး၊ သွေးနီးရာ။

၉၅။ အလိုကြီး၊ အရနည်း။

၉၆။ အသားလိုလို့၊ အရိုးတောင်း။

၉၇။ အသွေးမြင် အသွင်သိ၊ အပွေးမြင် အပင်သိ။

၉၈။ အိုးကမပူ၊ စလောင်းကပူ။

၉၉။ အိုးနှင့်ဆန်၊ တန်ရုံ။

၁၀၀။ ဉစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်။

## ၂။ မြန်မာတိုင်းရင်းသားစကားပုံများ

### (၁) ဂျိန်းဖော့စကားပုံများ

၁၀၁။ စဉ်းစားလျှင်ငိုင်၊ လုပ်လျှင်နိုင်။

၁၀၂။ ဖွဲ့က ကျောရိုး၊ ဝီရိယမှာ ထမ်းပိုး။

၁၀၃။ ညီအစ်ကိုများကိုစွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ။
ဖက်နွမ်းဖက်ခြောက်များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်။

### (၂) မရူစကားပုံများ

၁၀၄။ ခွေးကောင်းသည် လူကိုမဟောင်၊ လူကောင်းသည် သူတပါးအားမကဲ့ရဲ့။

၁၀၅။ လူမကောင်းလျှင်တရားဖျက်၊ တိရစ္ဆာန်မကောင်းလျှင်ခြံဖျက်။

၁၀၆။ ဝါးမကွဲပဲနှင့် ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်။

၁၀၇။ အနင်းခံရသောစပါး သန်သည်၊ အကဲ့ရဲ့ခံရသူမှ လိမ္မာသည်။

### (၃) ရဝမ်စကားပုံများ

၁၀၈။ ကျီးကိုရေချိုးပေး၍ မဖြူနိုင်၊ ကျွဲချိုကို မည်မျှပွတ်သော်လည်း အသွေးမပြောင်း။

၁၀၉။ ကြက်ဥမပေါက်သေးမီ၊ ကြက်ကလေး မရေပါနှင့်။

၁၁၀။ ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏။

www.burmeseclassic.com



## (၄) လရှိုစကားပုံများ

၁၁၁။ ကလေးကျပြီးခါမှ လှေကားတောင်သည်၊ သားကောင် လွန်ပြီးခါမှ ခွေးဟောင်သည်။

၁၁၂။ သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ။

၁၁၃။ သက်ကြီးစကားကို မလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်း မခုတ်သင့်။

## (၅) လီဆူးစကားပုံများ

၁၁၄။ မြင်းမရှိသည့်အခါ ဆိတ်ကိုလည်း စီးတတ်ရမည်။

၁၁၅။ ဝယ်စားသူကကျွန်၊ လုပ်ကိုင်စားသူက သခင်။

၁၁၆။ သူတပါးကကူညီသည်ကို မှတ်ထားပါ၊ ကိုယ်ကကူညီသည်ကို မေ့ပစ်ပါ။

BURMESE CLASSIC .com

## (၆) အင်းစကားပုံများ

၁၁၇။ ချောင်းကူးပြီးလျှင် တောင်ဝှေးကိုပစ်တတ်သည်။

၁၁၈။ မယားယူမှသား တသက်၊ တောင်ယာခုတ်မှသား ဟနှစ်။

၁၁၉။ ရေမကိုးမီ ကံတားဆောက်ပါ။

## (၇) ကယားစကားပုံများ

၁၂၀။ စကားမိုးရိုးပြောလျှင် ပြီးလွယ်သည်၊ မြောင်းဖြောင့်ဖြောင့်သွယ်လျှင် အရောက်မြန်သည်။

၁၂၁။ စကား အရမ်းပြောလျှင် လျှော်ရတတ်သည်၊ လှံကို အရမ်းပစ်လျှင် ခွေးထိတတ်သည်။



၁၂၂။ နွားများခုန်ကျင့်ရှိလျှင် ဦးချိုခြောက်သည်အထိ ခုန်တတ်သည်၊ လူများအကျင့်လုပ်လျှင်လည်း သေသည်အထိပါတတ်သည်။

၁၂၃။ မသွားဖူးသည့်လမ်းကို ခေါင်းတိုင်းမလိုက်နှင့်၊ မစားဖူးသည့် အစာကို ကျွေးတိုင်းမစားနှင့်။

၁၂၄။ သစ်ငုတ်သည် မြက်ထက်တခါမြင့်၍ မြက်သည်လည်း သစ်ငုတ်ထက် တခါ မြင့်ပြန်သည်။

## (၈) ကရင်စကားပုံများ

၁၂၅။ ကောင်းကင်သည် တိမ်နှင့်မကင်း၊ လူမှာလည်း အပြစ်နှင့်မကင်း။

၁၂၆။ ကောင်းသောအစားအစာသည် အခက်အခဲကြားမှာရှိသည်။

၁၂၇။ ငါးခူသည် ငါးခူနှင့်ပေါင်း၊ ငါးကျည်းသည် ငါးကျည်းနှင့်ပေါင်း။

၁၂၈။ စားရလည်း မပြုံးနှင့်၊ ဝတ်လည်း မငိုနှင့်။

၁၂၉။ ညီအစ်ကို မောင်နှမအချင်းချင်း မိခင်ဖခင်လိုသဘောထား၊ အမေအဖေကို နတ်သိကြားလို ရှိသေ။

၁၃၀။ ထမင်းအဆာခံနိုင်လျှင် ထမင်းအကျက်စားရမည်၊ ရေငတ်ခံနိုင်လျှင် ရေကြည်သောက်ရမည်။

၁၃၁။ ခါးထက်လွန်းလျှင် ပဲ့၊ လုံချွန်လွန်းလျှင်ကျိုး၊ ပူဖောင်းကြီးတော့ပေါက်။

၁၃၂။ ဓားမရမီ ဓားရိုးခုတ်ထား၊ မိုးမကျမီ ခေါင်မိုးပြင်ထား။

၁၃၃။ ပူသောအစားအစာကို အေးအောင်လုပ်ပြီးမှစား၊ စကားကို စဉ်းစားပြီးမှပြော။

www.burmeseclassic.com

www.burmeseclassic.com



၁၃၄။ ဖြောင့်မတ်လျှင်စား၍မကုန်၊ မဖြောင့်မတ်လိမ်လည်တတ်သူ စား၍မဝ။

၁၃၅။ ရေအိုင်သာယာလျှင် ငါးများသည်၊ အပြောသာလျှင် မိတ်ဆွေများသည်။

၁၃၆။ ငါးများလျှင် မြစ်ကူးနိုင်၏၊ လူများလျှင် အလုပ်ပြီးနိုင်၏။

၁၃၇။ သူတပါးကထ၍ပြောလျှင် ထိုင်၍ပြန်ပြောပါ၊ သူတပါးကထိုင်၍ပြောလျှင် အိပ်၍ပြန်ပြောပါလေ။

၁၃၈။ သစ်တုံးနှင့်မိတ်ဖွဲ့လျှင် မှိုစားရ၏၊ တောင်ပို့မကောင်းက မှိုမပေါက်။

၁၃၉။ သစ်ပင်ကောက်သည်ကို မြင်နိုင်သည်၊ ဝါးပင်ကောက်သည်ကို မြင်နိုင်သည်။ လူစိတ်သဘောကောက်ကျစ်လျှင်ကား မမြင်နိုင်။

## (၉) ချင်း စကားပုံများ

၁၄၀။ ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျှော်ရသည်။ နူးညံ့သောစကားကြောင့် နွားနောက် ကြွေးကျေနိုင်သည်။

၁၄၁။ ချောင်းရိုးခန်းသလို မျိုးရိုးမခန်း။

၁၄၂။ ဂျီကောင်ကလေးသည် အမေဂျီကောင်ကဲ့သို့ နီသည်။

၁၄၃။ နွားနောက်ဝင်ပြီးမှ စည်းရိုးကာသည်။

၁၄၄။ ဘာမဆို ကံကြမ္မာပေါ်မှာ တည်သည်။

၁၄၅။ မေတ္တာဖြင့်အရင်းတည်လျှင် မေတ္တာတုံ့ပြန်တတ်၍ ရန်ဖြင့်အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်။

၁၄၆။ များများလိုချင်လျှင် နည်းနည်းရ။

၁၄၇။ သစ်ပင်ကြောင့် မိုးရွာ၍ မိုးကြောင့် သစ်ပင်ပေါက်ရသည်။



## (၁၀) လူရှေ့စကားပုံများ

၁၄၈။ ကောင်းသောလမ်းသည် မတ်စောက်ပြီး၊ မကောင်းသောလမ်းသည် ညီညာသည်။

၁၄၉။ ကျားသောနွားနောက်က ကျားသောနွားနောက်ပင် မွေးတတ်၍၊ ကျားကလည်း ကျားကိုပင် မွေးတတ်သည်၊ ဆီးဖြူပင်က အခြားသစ်သီးများ မသီးတတ်ချေ။

၁၅၀။ ပြောပြီးသောစကားနှင့် ဖိတ်ပြီးသောရေကို ပြန်၍မကျုံးနိုင်တော့ပါ။

၁၅၁။ လောဘကြီး၍ ကြမ်းကြုတ်သောသူ၏ကြီးပွားခြင်းသည် ယာယီမျှသာ ဖြစ်သည်။

၁၅၂။ ဝေဝေမျှမျှလုပ်တတ်သောသူသည် အသက်ရှည်တတ်၍၊ တကိုယ်ကောင်းကြံပြီး စားတတ်သောသူသည် အသက်တိုလေ့ရှိသည်။

## (၁၁) တအာန်းစကားပုံများ

၁၅၃။ ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူဥလို စုစည်းပါ။

၁၅၄။ ကျွဲနှစ်ကောင်ခတ်လျှင် လယ်ကန်သင်းပျက်သည်။

၁၅၅။ ကြွေးယူတုန်းက ကျေးဇူးရှင်၊ ကြွေးဆပ်မည့်အခါ ရန်သူထင်။

၁၅၆။ ဉာဏ်အားပြိုင်လျှင် ပညာရ၍၊ လူအားပြိုင်လျှင် အနာရသည်။

၁၅၇။ မနေတတ်လျှင် နေစရာမြေကျဉ်းမည်။

၁၅၈။ မိဘစကား မနာယူက အမြီးပေါက်မည်။

4 U P.—R. 193—20000—13-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



၁၅၉။ ရဲသူမပြော၊ ပြောသူမရဲ။

၁၆၀။ လုပ်ခွင်မှာ နေထွက်သူသည် တသက်လုံးမဆင်းရဲ။

၁၆၁။ သူ့အိမ်ထမင်းစား၊ သူ့ခြံထဲမစင်စွန့်သည်။

၁၆၂။ အိမ်တွင်းမီး အပြင်ဘက်မမွှေးနှင့်၊ အပြင်မီး အိမ်တွင်း မယူလာနှင့်။

## (၁၂) ထားဝယ်စကားပုံများ

၁၆၃။ ငါးမရှိတဲ့အရပ်မှာငါးဖျင်းသလက်သည် ငါးကောင်းဖြစ်သည်။

၁၆၄။ စပါးရှင် မျောက်လိုက်။

၁၆၅။ စာဖူးတောင်း အကြံကောင်းသဖြင့်၊ အိမ်ကောင်းရာကောင်းနှင့်နေရသည်။

၁၆၆။ လိပ်ကြုံ့ လူမသိ။

၁၆၇။ လျှည်းထက် ဘီးကြီး။

## (၁၃) ဓနုနှင့် တောင်ရိုးစကားပုံများ

၁၆၈။ တစလောင်းကုန်လို့မှ လူးမှန်း ဆပ်မှန်းမသိ။

၁၆၉။ တွင်းဆိုးကျွံလျှင် နုတ်ရသည်၊ စကားကျွံသော် နုတ်မရ။

၁၇၀။ နွားပျင်း ချိုကုပ်၊ လူပျင်းမီးမှုတ်။

၁၇၁။ ယာနားနီးချင်း၊ ဆွေမျိုးရင်း။

၁၇၂။ လူဖျင်းရှိရာ၊ လူဖျင်းလာ၊ အမှိုက်ရှိရာ၊ ခွေးချေးလာ။



## (၁၄) ပအိုဝ်း စကားပုံများ

၁၇၃။ ငါးမရှိတော့ ဖားစုံ၊ စောင်မရှိတော့ အဝတ်စုတ်က နွေး။

၁၇၄။ မှန်တဲ့စကားကိုပြောလျှင် နားထောင်ရခက်၊ ဖြောင့်တဲ့ သစ်ပင်ဟာ အတက်ရခက်။

၁၇၅။ အထဲကဖျင်ကြမ်း၊ အပြင်ကဖဲ။

၁၇၆။ အလုပ်ကတလံ အပြောကတထွာ။

၁၇၇။ ဦးချိုကိုရှက်ထားတဲ့နွားဟာ ဦးချိုကိုပြန်မမြင်ဘူး၊ ကံကို ရှက်ထားတဲ့ သူဟာ ကံကို ပြန်မမြင်ဘူး။

## (၁၅) မွန်စကားပုံများ

၁၇၈။ ကဒတ်က အမြစ်လိုက်၊ သားသမီးက မျိုးရိုးလိုက်။

၁၇၉။ နွားကောင်း မကောင်း လှည်းဆွဲမှသိ၊ လူကောင်းမကောင်း အတူနေမှသိ။

၁၈၀။ နှီးကို အဖျားကဖြာပြီး၊ သားသမီးကို ငယ်စဉ်က ဆုံးမရသည်။

၁၈၁။ မိခင်က သားကို ချစ်သလို၊ သားကပြန်ချစ်လျှင် နတ်ပြည်ကျဉ်းလတ့်။

၁၈၂။ လွတ်သော ငါးကြီးပြီး၊ သေသောသား ဖွံ့သည်။

၁၈၃။ ခြောက်ခြေရောက်သည်အထိ ငုပ်၊ အဆုံးရောက်သည်အထိ သွား။

www.burmeseclassic.com

www.burmeseclassic.com



## (၁၆) ရခိုင် စကားပုံများ

၁၈၄။ ကျဲနား စောင်းတီး။

၁၈၅။ ခွီးလိမ်မာ အမြီးကုပ်၊ လူလိမ်မာ နောက်ဆုတ်။

၁၈၆။ ဆန်းလျှင် တချက်၊ ရိုးလျှင် တသက်။

၁၈၇။ တမိုးလယ်ထွန်၊ နွားထီးလား နွားမလား မသိ။

၁၈၈။ မဟိစွာထက်၊ မသိစွာခက်။

## (၁၇) ရှမ်း စကားပုံများ

၁၈၉။ ကိုယ့်အမှား မမြင်ပဲနှင့်၊ သူများအပြစ်မတင်ပါနှင့်။

၁၉၀။ နွားကွဲလျှင် အမဲသားဖြစ်မည်။

၁၉၁။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရ၊ ကျားဆိုးနှင့်တွေ့သောအခါ ကံကို မယုံရ။

၁၉၂။ လူပေါ်ကြွေသည် တနစ်လုံးစကားပြော၏၊ လူလိမ္မာကား အချိန်အခွင့်ကိုလိုက်၍သာ ပြောတတ်သည်။

၁၉၃။ လောဘကြီးသူ အရှက်မရှိ၊ အရှက်ရှိသူ လောဘမကြီး။

၁၉၄။ သူ့ထမင်းစားပြီး သူ့အတင်းကို မပြောနှင့်၊ မိုးကြိုး မပစ်သော်လည်း ဆင်းရဲတတ်သည်။

၁၉၅။ အချောင်းတရာရှိသော မြား၊ လူအများမချိုးနိုင်။



## (၁၈) အင်းလေးစကားပုံများ

၁၉၆။ ကပါး စောင်းတီး၊ ကလီးနား စာဖတ်။

၁၉၇။ မရှိလျှင် ဖားတကောင်၊ ရှိလျှင်ကျားတကောင်။

၁၉၈။ မလို တမာခါး၊ လို သကာပျား။

၁၉၉။ မီးလောင်မှ ရေပွေ့ရိုးရှည်ရှာသလို။

၂၀၀။ လှေပျောက်မှ လှေကြိုးရှာ၊ အထည်ပျောက်မှ အိမ်အောက်ထရုံကာ။

www.burmeseclassic.com

www.burmeseclassic.com

# ၃။ စကားပုံအနက်ဖွင့်

## မြန်မာစကားပုံများ

### ၁။ ကိုယ်မလှကိုယ်မမြင်၊ သူမလှကိုယ်ရယ်ချင်

**ဆိုလိုရင်း။** ။ကိုယ့်အပြစ်ကိုမမြင်ပဲ သူများအပြစ်ကိုမြင်ပြီး ကဲ့ရဲ့တတ်ခြင်း။

**ရှင်းလင်းချက်။** ။မိမိမလှသည်ကိုမမြင်ပဲ သူတပါး အကျည်းတန်သည်ကိုမြင်ပြီး ရယ်ချင်တတ်သော လူ့အမူအကျင့်ပြ စကားပုံဖြစ်သည်။ လူ့သဘောမှာ မိမိအပြစ်ချွတ်ယွင်းချက်ကို မမြင်တတ်ကြ၊ လျော့ပေါ့တွက်တတ်ကြပြီး သူများ့အပြစ်ချွတ်ယွင်းချက်ကိုမူ စေ့စေ့စပ်စပ်မြင်ပြီး ပျစ်ပျစ်နစ်နစ်ကဲ့ရဲ့ချင်တတ်ကြသည်။

**အကျိုးသက်ရောက်ပုံ။** ။ကိုယ့်အပြစ်ကို မြင်အောင်ရှုပြီး မိမိကိုယ်ဝေဖန်ရေးကို ဦးစွာလုပ်ဆောင်သင့်ကြောင်း သတိပြုရမည်။

### ၂။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ

**ဆိုလိုရင်း။** ။တဦးနှင့်တဦးအပြန်အလှန်မှီခိုယင်း နှစ်ဦးစလုံးအကျိုးဖြစ်ထွန်းခြင်း။

**ရှင်းလင်းချက်။** ။ကိုင်းပင်သည် ကျွန်းကိုမှီ၍ ပေါက်ရောက်ရသည်။ ကျွန်းသည်လည်းကိုင်းပင်ကြောင့် တည်တံ့ရသည်။ ကျွန်းနှင့်ကိုင်းသည် အချင်းချင်း အပြန်အလှန်အမှီသဟဲပြုကာ ကျွန်းရောကိုင်းပါ အကျိုးဖြစ်ထွန်းရသည်။



**အကျိုးသက်ရောက်ပုံ။** ။တဦးနှင့်တဦး အပြန်အလှန်အမှီပြုပြီး အကျိုးဖြစ်ထွန်းသင့်သည်။ တဦးအကျိုးကို တဦးကထိခိုက်ပျက်ပြားအောင်မပြုအပ်ကြောင်း သတိမူသည်။

### ကံထမ်းလာတာမမြင်ရ၊ လှံထမ်းလာတာသာမြင်ရ

**ဆိုလိုရင်း။** ။ကုသိုလ်ကံအကျိုးပေးဟူသည် မည်မျှလောက်ထက်သန်မည်ကို မခန့်မှန်းနိုင်ကြောင်း။

**ရှင်းလင်းချက်။** ။အထက်ပါ သဘောကိုထင်ရှားအောင် လှံထမ်းသောဥပမာကို ဆောင်၍ ဖွဲ့ထားသောစကားပုံ ဖြစ်သည်။ လှံထမ်းလာသည်ကိုကား မျက်စိဖြင့်တပ်အပ်သချာစွာ မြင်ရသည်။ ကံအကျိုးပေးကား မည်မျှပေးမည် မပေးမည်ကို မည်သူမျှ မမြင်၊ မခန့်မှန်းနိုင်သဖြင့် ကံထမ်းလာသည်ကို မမြင်ရဟု ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။အကြောင်း အမျိုးမျိုးကြောင့် ချို့ငဲ့နေသူသည်လည်း နေ့ကံထလာလျှင် ကြီးကျယ်သူတယောက် ဖြစ်နိုင်သည့်အတွက် အထင်မသေးသင့်၊ မိမိကိုယ်တိုင်၌ အခြေမြင့်ပါကလည်း နောင်မည်သို့ဖြစ်မည်ကို မမှန်းဆနိုင်သဖြင့် မာန်မာနတက်လွှားခြင်း မဖြစ်သင့်ကြောင်း သတိမူရာသည်။

### ကံယုံ၍ ဆူးပုံမနင်းရာ

**ဆိုလိုရင်း။** ။ကံကိုချည်း လုံးဝအားကိုးပြီး ဒုက္ခရောက်မည့်ကိစ္စမျိုးကို ဇွတ်တိုးမလုပ်သင့်။

**ရှင်းလင်းချက်။** ။ကံဟူသည် (ပါဠိ) ကမ္မ = အမူအလုပ်ကို ဆိုသည်။ ရှေးကပြုခဲ့သောအတိတ်ကံ၊ လက်ငင်းပြုဆဲ ပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးရှိရာ ကောင်းသည်ကိုပြုလျှင် ကောင်းကျိုးခံစားရပြီး မကောင်းသည်ကိုလုပ်လျှင် ဆိုးကျိုးကို ခံစားရပေမည်။ ထိုသည်ကို အချို့က ပစ္စုပ္ပန်ကံကို လုံးဝလျစ်လျူရှုပြီး အတိတ်ကံကိုချည်းသာ အားကိုး

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်တတ်ကြသည်။ အချို့ကမူ အတိတ်ကံကိုပယ်ပြီး ပစ္စုပ္ပန်အမှု အလုပ်ကိုသာ ယုံကြည်တတ်ကြပြန်သည်။ သို့ဖြစ်၍ ကံဟူရာ၌ အတိတ် ပစ္စုပ္ပန်ကာလလုပ်ရပ်များနှင့် ကောင်းမှု မကောင်းမှု အားလုံးကို ဆိုလိုပေသည်။

ကံနှင့်ပတ်သက်၍ "ကံသာအမိ၊ ကံသာအဖ" "ကုသိုလ်ကံပေးမရသေး၊ နှောင့်နှေး ဗျာပါမရှိရာ" "ကံမခိုင်၊ သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး" "ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ" "လှံထမ်းလာတာသာမြင်ရ၊ ကံထမ်းလာတာမမြင်ရ" "ကံကောင်းလျှင် တချက်၊ အကြံကောင်းလျှင်တသက်"အစရှိသော စကားပုံများက ကံကိုယုံကြည်သင့်ကြောင်း ဖော်ပြထား၏။ သို့သော် အတိတ်ကံကိုချည်း လုံးဝအားကိုးယုံကြည်ပြီး မိမိထင်မြင်ရာကို ဇွတ်တရွတ်မလုပ်သင့်ကြောင်းကို "ကံယုံ၍ ဆူးပုံမနင်းရာ"ဟူသော စကားပုံက တဘက်မှ သတိပေးနေပြန်သည်။ ကံကိုယုံပြီး ဆူးပုံကိုတက်နင်းလျှင် ဆူးစူးမည်မှာဧကန်။ ထို့တူ ကံကို တဘက်သတ်အားကိုးပြီး ဒုက္ခဖြစ်မည့်အမှုမှန်းသိလျက် ဇွတ်တိုးလုပ်လျှင် ဒုက္ခနှင့်ရင်ဆိုင် တိုးမည်မှာ ဧကန်ဖြစ်သည်။ ဥပမာ ကျောင်းသားတယောက်သည် အတိတ်ကံကိုသာ တဘက်သတ်ယုံပြီး ပစ္စုပ္ပန်ဝီရိယစိုက်ထုတ်မှုမျိုးမရှိလျှင် စာမေးပွဲမအောင်နိုင်။ အတိတ်ကံ၏ အထောက်အပံ့ပါရမီမျိုးနှင့် ပစ္စုပ္ပန်အားထုတ်မှု နှစ်မျိုးစလုံးပေါင်းစပ်မှသာ အောင်မြင်မှုကို ဆွတ်ခူးနိုင်ပေမည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့် အမှုကိစ္စ၌မဆို ဉာဏ်ဖြင့် ချင့်ချိန်ပြီး ဝီရိယစိုက်ထုတ်လုပ်သင့်လှသည်။ ဝီရိယစိုက်ထုတ်ခြင်းသည်ပင် ပစ္စုပ္ပန်ကံမည်ပေ၏။

## ၅။ ကြက်စပါးစား၊ ထရံဒဏ်သင့်

**ဆိုလိုရင်း။** ။တဦးတယောက်၏ လုပ်ရပ်ကြောင့် ကြားကမဆိုင်သူတယောက် ယောက်မှာ ထိခိုက်နစ်နာဖြစ်ရခြင်း။

**ရှင်းလင်းချက်။** ။ကြက်သည် တစုံတခုကိုစားရာ၌ ယက်ပြီးမှ ကောက် ကောက် စားလေ့ရှိသည်။ စပါးပုံကို ယက် ယက်ပြီး ကောက်စားသည့်အခါ စပါးများ ဖရို ဖရဲ ဖြစ်သွားသည့်အတွက် ပိုင်ရှင်က ခေါသဖြင့် ကြုံရာတစုံတခုကိုဆွဲပြီး ပစ်ခတ်လိုက်ရာ ထရံကို သွားထိပြီး ထရံပေါက်သွားသည်။ ကြက်က စပါးစားသည့်အတွက် ထရံမှာ ကြားကခံရခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏လုပ်ရပ်သည် မသက်ဆိုင်သူများအား မထိခိုက်ရန်၊ အမျက် ဒေါသ ဟူသည် အရမ်းကာရောမထွက်သင့်ကြောင်း အရာရာ၌ဆင်ခြင်နိုင်းဆ၍ ပြုအပ်ကြောင်း သတိပြုရသည်။

## ၆။ ကြောက်လွှဲ၊ ရဲမင်းဖြစ်

**ဆိုလိုရင်း။** ။ကြောက်တတ်လျှင် အခွင့်အရေးများဆုံးရှုံးတတ်ပြီး၊ ရဲရင့်လျှင် အခွင့်ထူးများ ရရှိခံစားနိုင်သည်။

**ရှင်းလင်းချက်။** ။ကြောက်တတ်သူသည် မငြိမ်ရဲ၊ မပြောရဲ၊ မစွန့်စားရဲသဖြင့် စီးပွားဥစ္စာ၊ အကျော်အစော၊ ချမ်းသာသုခများကို မရရှိနိုင်။ ရဲရင့်သူသည် စွန့်စွန့်စားစား ဆောင်ရွက်သဖြင့် မင်းပင်ဖြစ်နိုင်သည်။ တိုင်းပြည်တပြည်အနေဖြင့်လည်း သတ္တိနည်းသူ များချည်းဖြစ်နေလျှင် အခြား နိုင်ငံ များ၏ လွှမ်းမိုးခြင်း ခံရပြီး လွတ်လပ်မှုကိုဆုံးရှုံး နိုင်သည်။ သတ္တိရှိသူများ နေရာတိုင်းပြည်သည် သူတပါးသြဇာခံအဖြစ် မရောက်ရှိနိုင်ပေ။

**အကျိုးသက်ရောက်ပုံ။** ။ကြောက်ရွံ့ခြင်းနှင့်ရဲရင့်ခြင်း၏တန်ဖိုး ခြားနားပုံကို သိရှိပြီး မကောင်းမှုကို ရှက်ကြောက်ခြင်းမှအပ ရဲရင့်သောစိတ်ဓာတ်မျိုး အစဉ်မွေးမြူ ရာသည်။

## ၇။ ကြံသာအစဉ်ချို၊ လူအစဉ်မချို

**ဆိုလိုရင်း။** ။လူ့စိတ်သည် အစဉ်တသမတ်တည်းမရှိတတ်ပုံ။

**ရှင်းလင်းချက်။** ။လူ့သဘောသည် အစဉ်သတမတ်တည်းမရှိပုံကို ကြံနှင့် ယှဉ်ပြထားသည်။ ကြံကမူ အချိန်မရွေး ချိုမည်။ လူ့သဘောမှာမူ အခြေအနေ အမျိုး မျိုးကြောင့် ချိုလိုက် ခါးလိုက်၊ ချစ်လိုက် မုန်းလိုက် စသည်ဖြင့် ပြောင်းလဲချေသည်။

5. U.P.–S. 193—20000—14-10-80. M. M.



www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။လူ့စိတ်သည် ပြောင်းလဲတတ်သောသဘောရှိပုံကိုညွှန်ပြထားသဖြင့် မိမိဆက်ဆံရသောလူ့ပတ်ဝန်းကျင်၌ စိတ်အပြောင်းအလဲများနှင့် တွေ့ကြုံလျှင် သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းပြီး ဆက်ဆံရမည့်အသိကို ရရှိပေသည်။

## ၈။ ကြမ်းကျ လိုနှုတ်ရ၊ စကားကျ နှုတ်မရ

**ဆိုလိုရင်း။** ။စကားပြောရာ၌ လွန်ကျွံသွားအောင် မပြောမိရန်။

**ရှင်းလင်းချက်။** ။လူသည် လူမှုကိစ္စများကို ဆောင်ရွက်ကြရာ၌ တဦးနှင့်တဦး စကားဖြင့် နေ့စဉ်ဆက်သွယ်နေကြရရာ စကားသည် လူမှုရေး၌ အရေးကြီးကိရိယာဖြစ်ပေသည်။ စကားကြောင့် တဦးနှင့်တဦးရင်းနှီးရသည့်တူ စကားကြောင့်လည်း မိတ်ပျက်ကြရသည်။ အချို့သောသူများသည် စကားပြောရာ၌ အဆင်အခြင် အတိုင်းအဆမရှိတတ်ကြ။ ထိန်းချုပ်မှုမရှိတတ်ကြ။ မိမိပြောချင်ရာကို နေရာဒေသ အချိန်ကာလ မရွေးချယ်ပဲ ပြောချင်သလောက် စိတ်ရှိသလောက် ပြောတတ်ကြသည်။ဤသို့ အဆီးအတားမရှိ၊ စည်းစနစ်မထားပဲ မိမိပြောလိုရာ ပြောလိုက်ခြင်းမျိုးသည် လွန်တတ် မှားတတ်ပေသည်။ ထို့ကြောင့် ရှေးလူကြီးများက စကားကျွံသွားပါက ပြန်နှုတ်၍ မရနိုင်ကြောင်းကို ကြမ်းကျွံသည့်သာဓကဖြင့် ယှဉ်ပြကြသည်။ ကြမ်းကျွံသည်ဟူရာ၌ ကြမ်းပြင်၏ အောက်ဘက်ကို ခြေထောက် ကျော်လွန်ကျသွားခြင်းဖြစ်သည်။ ထို့တူ စကားကျွံသည်ဟူရာ၌ ပြောသင့်မပြောထိုက်သော အတိုင်းအတာကို လွန်ကျော်ပြီး ပြောမိခြင်းဖြစ်သည်။ ဤသို့ ပြောမိသဖြင့် ဘက်သားကို ထိခိုက်နစ်နာသွားကြောင်းသိသည့်အခါ လွန်ပြီးသော စကားကို ပြန်လည်ရုပ်သိမ်းချင်သော်လည်း မရနိုင်တော့။ ထို့ကြောင့် ကြမ်းကျွံလျှင် နှုတ်ရသော်လည်း စကားကျွံလျှင် ပြန်နှုတ်၍ မရနိုင်တော့ချေ။

**အကျိုးသက်ရောက်ပုံ။** ။ပြောပြီးသောစကားကို ပြန်ရုပ်သိမ်းမရနိုင်တော့သဖြင့် စည်းကမ်းတကျ အတိုင်းအဆနှင့် ပြောတတ်ရန် ပြောနိုင်ရန် လေ့ကျင့်အပ်လှကြောင်း သတိပြုစေသည်။



## ၉။ ကျွဲပါးစောင်းတီး

**ဆိုလိုရင်း။** ။တန်ဖိုး မသိသူတို့ပတ်ဝန်းကျင်ဝယ် တန်ဖိုးရှိသောအရာ တို့သည် အချည်းနှီးသာတည်း။

**ရှင်းလင်းချက်။** ။ကျွဲဟူသည် အပတ်တိရစ္ဆာန်မျှဖြစ်ရာ သာယာသောစောင်းသံကိုမည်သို့မျှ နားလည်နိုင်စွမ်း၊ ခံယူနိုင်စွမ်းမရှိ။ ယင်းသတ္တဝါ၏အပါးဝယ် မည်မျှသာယာသော စောင်းသံကိုတီးပြစေကာမူ အချည်းနှီး အကျိုးမဲ့သာဖြစ်ပေမည်။ ထို့တူပင် လူ့လောက၌ မသိနားမလည်၊ ပညာမဲ့သောသူတို့အား မည်မျှလေးနက် အဖိုးတန်သော စကားတို့ကို ပြောကြားပါသော်လည်း နာယူရမှန်းမသိ၊ အကျိုးရှိမှန်း မသိကြသဖြင့်၊ အချည်းနှီး အကျိုးမဲ့ဖြစ်ရတတ်ပုံကို အပြစ်တင်ပြောဆိုခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏ပတ်ဝန်းကျင်ကို အမှုမဲ့ အမှတ်မဲ့မနေပဲ သတိပြုဆင်ခြင်ပြီး တတ်သိလိမ္မာသောပညာရှိတို့၏ဆိုဆုံးမစကားကို နာယူအပ်လှသည်။

## ၁၀။ ခရီးတွင်လို့၊ ရွာစဉ်မသိ

**ဆိုလိုရင်း။** ။အလုပ်တခုကို အမှုမဲ့အမှတ်မဲ့ လုပ်တတ်ခြင်း။

**ရှင်းလင်းချက်။** ။ခရီးတွင်ဟူသည်မှာ ခရီးပေါက်ရောက်ခြင်းဖြစ်သည်။ ရွာစဉ်မှာ တရွာပြီးတရွာကို ဆိုလိုသည်။ ခရီးသာပေါက်လာသည်။ လမ်းခရီး၌ ဖြတ်သန်းလာခဲ့သော ရွာများမှာ မည်သည့်ရွာများမှန်းမသိဟု ဆိုလိုသည်။ ဖော်ပြပါစကားပုံသည် ခရီးအသွားအလာမှ အတွေ့အကြုံက ပေါ်ပေါက်လာသော်လည်း ခရီးသွားကိစ္စတွင်သာမက အခြားအမှုကိစ္စများတွင်လည်း အသုံးပြုလေ့ရှိသည်။ ဥပမာ စာအုပ်တအုပ်ကို ဖတ်၍သာဆုံးသွားသော်လည်း စာအုပ်ပါ အခန်းစဉ်ကိုလည်းမသိ၊ ဆိုလိုရင်းကိုလည်း မသိသည့်ကိစ္စမျိုး၊ အလုပ်တခုကို လုပ်၍သာပြီးသော်လည်း မည်သည့်ရည်ရွယ်ချက်၊ ဆိုလိုရင်းစသည်တို့ကို မသိသည့်ကိစ္စမျိုး စသည်တို့၌လည်း အထက်ပါစကားပုံကို အသုံးပြုလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။ကိစ္စတခုခုကိုဆောင်ရွက်ရာ၌ အမှုမဲ့အမှတ်မဲ့မလုပ်ထိုက်။ မိမိလုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းဆောင်တာကို သေချာစွာသိအောင် လေ့လာသင့်သည်။ အလုပ်တခုကို မည်သည့်ရည်ရွယ်ချက်မှန်းမသိ လုပ်ဆောင်လျှင် မိမိ၏ညံ့ဖျင်းပုံကို ဖော်ပြရာရောက်သည်။ အထက်ပါစကားပုံသည် လူပေါ့လူညံ့တို့၏ အမှုမဲ့အမှတ်မဲ့လုပ်တတ်သော သဘောကိုဖော်ပြနေသည့်အတွက် လူတော်လူချွန်ဖြစ်လိုသူတို့ သတိပြုဆင်ခြင်ဖွယ် ဖြစ်သည်။

## ၁၁။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း

**ဆိုလိုရင်း။** ။စားရာ၌ခံတွင်းတွေ့သောဟင်းသာ ကောင်းကြောင်း။

**ရှင်းလင်းချက်။** ။ဟင်းကောင်းဟူသည် ကြက်၊ ဝက်၊ ဘဲ၊ ငါး စသည့် အသားဟင်းများကိုဆိုသည်။ ထိုင်း ဟင်းများမှာ တန်ဖိုးကြီးသော်လည်း မိမိခံတွင်းနှင့်မတွေ့က အရသာမရှိ၊ မမြိန်သဖြင့် ဟင်းကောင်းဟု မထင်မှတ်နိုင်။ အကယ်၍ ချဉ်ရည်ဟင်းကောင်းကောင်း၊ ငရုတ်သီးထောင်း တို့စရာ စသည့်အစပ်တည့်သောဟင်းများကိုစားသော်လည်း ထမင်းမြိန်လျှင် ဟင်းကောင်းပင်ဖြစ်သည်။ ထို့အတူ ဆွေမျိုး ဆိုသော်လည်း တစိမ်းပြင်ပြင် နေထိုင်ပြီး တဦးနှင့်တဦး ကူညီစောင်မခြင်းမရှိပါမူ ဆွေမျိုး မမည်။ တစိမ်းဖြစ်သော်လည်း အရေးရှိက ကူညီစောင်မပါမူ ဆွေမျိုးပင်မည်ပေတော့သည်။

**အကျိုးသက်ရောက်ပုံ။** ။ဆွေမျိုး မဟုတ်သော်လည်း မိမိ၌ အရေးအကြောင်း ရှိသည့်အခါ ကူညီ စောင် မ သူဖြစ်ခဲ့ပါလျှင် ဆွေမျိုးကဲ့သို့ ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်း အပ်လှသည်။

## ၁၂။ ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုးမတိမ်ကော

**ဆိုလိုရင်း။** ။လူမျိုးသည် တိမ်ကောသွားရိုး မရှိကြောင်း။

**ရှင်းလင်းချက်။** ။ချောင်းရိုး မြောင်းရိုးမှ သဲမြေပို့ကျခြင်းဖြင့် တဖြည်းဖြည်း တိမ်ကောသွားတတ်သောသဘောရှိသည်။ လူမျိုးဟူသည် သားစဉ်မြေးဆက် ဆင်းသက် ပေါက်ဖွားပြီး ပွါးပွားသာသွားသည်။ ချောင်းမြောင်းကဲ့သို့ တိမ်ကောသွားရိုးမရှိတတ်ချေ။



**အကျိုးသက်ရောက်ပုံ။** ။လူမျိုးသည် တိမ်ကောရိုး မရှိသော်လည်း မိမိလူမျိုး တည်တံ့ပွါးပွားအောင်ဆောင်ရွက်ရမည်။ သို့မှသာ အမျိုးချစ်စိတ်အခြေခံသော တိုင်းပြည် ချစ်စိတ်ဖြစ်ပေါ်လာပြီး မိမိတိုင်းပြည်ကို ကြီးပွားတိုးတက်အောင်ဆောင်ရွက်လိုကြပေမည်။

## ၁၃။ ငါးစိမ်းမြင်၊ ငါးကင်ပစ်

**ဆိုလိုရင်း။** ။အသစ်မြင်လျှင် အဟောင်းပစ်ချင်တတ်သောလူ့သဘောကိုပြသည်။

**ရှင်းလင်းချက်။** ။ငါးစိမ်းနှင့်ငါးကင်အနက် ငါးကင်မှာ အချိန်ကုန်ခံပြီး ကင်ထားသော အရသာရှိနေသည့်အရာဖြစ်သည်။ ငါးစိမ်းမှာ မည်သို့မျှမပြုပြင်ရသေးသော အစိမ်းသက်သက်မျှဖြစ်ရာ ငါးကင်လောက်တန်ဖိုးမရှိပေ။ သို့သော် လူ့သဘာဝမှာ မိမိလက်ဝယ်ရှိ ငါးကင်ကို နှစ်သက်တန်ဖိုးထားရမည်ထက် မိမိမပိုင်ဆိုင်သောငါးစိမ်းကို ပို၍နှစ်သက်ပြီး အကောင်းထင်တတ်ကြသည်။ ထို့ကြောင့် လူအချို့သည် လက်ဝယ်ရှိ ငါးကင်ကိုပစ်ပြီး ငါးစိမ်းနောက် လိုက်ပါတတ်ကြသည်။ အထက်ပါစကားပုံသည် အသစ်မြင်ပြီး အဟောင်းပစ်တတ်သော အမှုကိစ္စမျိုးတိုင်း၌ အသုံးပြုလေ့ရှိကြသည်။

**အကျိုးသက်ရောက်ပုံ။** ။အသစ်တိုင်းလည်းမကောင်း၊ အဟောင်းမှာလည်းတန်ဖိုး ရှိကြောင်း သတိမူအပ်သည်။

## ၁၄။ ငါးသိုင်းများ ဟင်းဟုံ

**ဆိုလိုရင်း။** ။ကောင်းသည့်အရာပင်ဖြစ်စေ၊ လိုအပ်သလောက် နေရာတကျသုံးမှ အဖိုးထိုက်အသုံးဝင်သည်။ (တနည်း)ကောင်းသည့် အရာများချည်း စုပြုံသုံးလျှင် အီသွားတတ်သည်။

**ရှင်းလင်းချက်။** ။ငါးသိုင်းမှာ ဟင်းကောင်းဖြစ်သော်လည်း ငါးသိုင်းဟင်းချည်း စားနေရလျှင် အီဆိမ့်ပြီး ဟင်းကောင်းအရသာပျက်သွားပေမည်။ ငါးသိုင်းဟင်းကောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အခြားလိုက်ဖက်မည့်ဟင်းနှင့် တွဲဖက်စားသောက်မှသာ ဟင်းကောင်း၏အရသာ ထူးကဲပေါ်လွင်လာမည်ဖြစ်သည်။

ငါးသိုင်းကို ဟင်းကောင်းအဖြစ် လည်းကောင်း၊ ဟင်းခတ်အဖြစ် လည်းကောင်း အသုံးပြုကြသည်။ ဟင်းခတ်အဖြစ်လည်း လိုသလောက်သုံးမှ ဟင်းအရသာပေါ်မည်။ ဟင်းကောင်းစေလိုသည့်အတွက် ငါးသိုင်းများစွာ ထည့်လိုက်ခြင်းဖြင့် ဟင်းအရသာ ပျက်သွားသည်။ အထက်ပါစကားပုံမှာ အကောင်းချည်းစုတိုင်း ကောင်းသည်မဟုတ်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ**။ ။မည်သည့်ကိစ္စမဆို လိုသည်ထက်ပိုလျှင် မကောင်း၊ လိုသလောက် နေရာတကျသုံးခြင်းဖြင့်သာ အကျိုးဖြစ်ထွန်းစေမည်။

## ၁၅။ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်

**ဆိုလိုရင်း**။ ။ကိစ္စတခုခုကိုလုပ်ပြီဆိုလျှင် ဇွဲကောင်းကောင်းနှင့် ဆုံးခန်းတိုင်အောင် လုပ်ရန်။

**ရှင်းလင်းချက်**။ ။ရေမှာငုပ်လျှင်လည်း အောက်ခြေဆုံး သဲထိတိုင်အောင် ငုပ်ပါ။ တိုင်ထိပ်တက်လျှင်လည်း အခေါင်အဖျားရောက်အောင်တက်ပါ ဟုဆိုသည်။ ထို့အတူ ကိစ္စတခုခုလုပ်ဆောင်ရာ၌ လမ်းခွတ်လတ်မှာရပ်ပစ်ခြင်း၊ တွန့်ဆုတ်ဆုတ်လုပ်ခြင်းမျိုး မဟုတ်ပဲ ဇွဲကောင်းကောင်းဖြင့် အားထုတ်သင့်ကြောင်း ဆိုလိုသည်။

**ဥပမာ**။ ။မြန်မာ့သမိုင်းမှ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲစိတ်ဓာတ်မျိုး၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုစိတ်ဓာတ်မျိုး၊ မဟာဇနကဏ္ဍ၏လုံ့လမျိုး၊ ဝီရိယစိုက်ထုတ်ရာ၌ မှန်ကန်၍ ကောင်းမြတ်သော **အကျိုး**ရှိသည့်အလုပ်မျိုးကို ဆိုလိုသည်။



**အကျိုးသက်ရောက်ပုံ**။ ။မည်မျှ ခက်ခဲသောအလုပ်ဖြစ်ပါစေ၊ ဇွဲကိုရှေ့တင်ပြီး အစွမ်းကုန် အား ထုတ် လုပ် ကိုင် ပါ က အောင် မြင် နိုင် ပေ သည်။ ထို့ကြောင့် ဇွဲကို မလျှော့သင့်ကြောင်း သတိမူရာသည်။

## ၁၆။ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း

**ဆိုလိုရင်း**။ ။အိမ်ထောင်ရှင် အမျိုးသမီးများသည် ခင်ပွန်းသည်ရှာဖွေပေးသော ငွေကြေးကို စနစ်တကျ သိမ်းဆည်းတတ်ဖို့လိုကြောင်း။

**ရှင်းလင်းချက်**။ ။စီးဆင်းလာသောရေကို ကန်သင်းဘောင်ဖြင့် ပိတ်ဆို့ဆီးကာထားမှ ရေများကစဉ့်ကလျားမဖြစ်ပဲ လိုအပ်သောတနေရာတည်း၌ စုဝေးတည်ရှိပေမည်။ ကန်သင်းမလုံလျှင်လည်း ရေများတစိမ့်စိမ့်ယိုထွက်သွားနိုင်ပြန်သည်။ အိမ်ထောင်မှု၌ ခင်ပွန်းသည် ရေများစီးလာအောင် မြောင်းသွယ်ပေးသူများဖြစ်ပြီး အမျိုးသမီးများက ရေဆည်သော ကန်သင်းနှင့်တူလှသည်။ ခင်ပွန်းသည်က ငွေကြေးရရှိအောင် ရှာဖွေပေးသည်ကို အိမ်ထောင်ရှင်မက မပျက်တန်သည်မပျက်၊ မကုန်တန်သည်မကုန်၊ မဆုံးတန်သည်ကို မဆုံးရအောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်တတ်ကြရပေမည်။ ထိုသို့ မထိန်းသိမ်းတတ်လျှင် ရှေ့ကရှာသမျှ နောက်ကယိုဖိတ်သဖြင့် မည်သည့်အခါမျှ ငွေကြေးအထုအထည်နှင့် စုဆောင်းမိမည်မဟုတ်။ ထို့ကြောင့် အိမ်ထောင်ရှင်မများကို “ကန်သင်းရိုးဆည်သူများ” ဟု ပမာပြုကြခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ**။ ။မြန်မာ့လူမှုအဖွဲ့အစည်း၌ အမျိုးသမီးများသည် ငွေကြေးကိစ္စ၌ ဦးစီးနိုင်ခွင့်၊ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့်များရရှိပြီး အမျိုးသမီးများအနေဖြင့် ထိုနေရာနှင့်ထိုက်တန်အောင် ကျင့်သုံးနေထိုင်တတ်ဖို့လိုကြောင်း နှလုံးသွင်းသင့်သည်။

## ၁၇။ စူးနေရာစူး၊ ဆောက်နေရာဆောက်

**ဆိုလိုရင်း**။ ။လူ၏အရည်အချင်းနှင့်ထိုက်သင့်သောနေရာ၌အသုံးချရန်ဆိုလိုသည်။ (တနည်း) လူမှန်ကို နေရာမှန်၌ အသုံးပြုရန်။

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းလင်းချက်။** ။စူး ဆောက် ဟူသည် လက်သမားသုံး ကိရိယာ များဖြစ်ရာ လက်သမားတို့ပတ်ဝန်းကျင်က ပေါ်ပေါက်လာသောစကားပုံဖြစ်သည်။ စူးနှင့်ဆောက်သည် အသုံးပြုရပုံချင်းမတူပေ။ စူးကထိုးဖောက်ရပြီး ဆောက်ကထွင်းရသည်။ စူးကိုသုံးရမည့်နေရာ၌ ဆောက်ကိုသုံးသော် အရာမရောက်ပေ။ ဆောက်နှင့်ထွင်းရမည့်အလုပ်၌ စူးနှင့် ဖောက်သော် အကျိုးမဖြစ်ထွန်း။ စူး၊ ဆောက် နှစ်မျိုးစလုံးပင် သူ့နေရာနှင့် သူ အသုံးဝင်သော်လည်း အသုံးချပုံမှားနေလျှင် စူး ဆောက်များ၏ တန်ဖိုးမှာ မပေါ်လွင် ဖြစ်တတ်ပေသည်။ ထို့အပြင် အသုံးချပုံမှားနေသဖြင့် အချိန်ကုန်လူပင်ပန်းပြီး ခရီးလည်း မရောက်၊ အကျိုးလည်းမများဖြစ်တတ်သေးသည်။ နေရာတကျအသုံးပြုမှသာ ခရီးပေါက် မြောက်အောင်မြင်နိုင်ပေသည်။ ထို့အတူ လူ[illegible]အသီးသီး၌ အရည်အချင်း အဆင့် အတန်းအမျိုးမျိုး ကွဲပြားခြားနားကြပေ[illegible]သည်။ [illegible]ကွဲပြားခြားနားသော အရည်အချင်း အနိမ့် အမြင့်ကို အကဲခတ် လေ့လာပြီး နေရာတကျ အသုံးချမှသာ အကျိုးဖြစ်ထွန်း အောင်မြင်နိုင်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ရည်ရွယ်ချက် ကောင်းမွန် မှန်ကန်သော လုပ်ငန်းတခုခု လုပ်ဆောင်ရာ၌ အောင်မြင်မှုမရရှိလျှင် အသုံးပြုပုံနေရာတကျရှိ မရှိ၊မှန် မမှန်ကိုဆန်းစစ်ကြည့် ရပေမည်။ မိမိကိုယ်တိုင်လည်း မိမိ၏အခြေအနေ အဆင့်အတန်းကိုသိပြီး ထိုက်သင့်သော နေရာ၌ နေတတ်ရန်သတိပြု ဆင်ခြင်ရပေမည်။

## ၁၉။ စိန်နားကပ်ရောင်ကြောင့်၊ ပါးပြောင်

**ဆိုလိုရင်း။** ။မိမိ၌ ကိုယ်ပိုင်အရှိန်အဝါ မရှိပါပဲ၊ သူတပါးကိုမှီ၍ ဂုဏ်လုပ် မာန်တင်းနေခြင်း။

**ရှင်းလင်းချက်။** ။လူ၏ ပင် ကိုယ် အ သား အ ရေ မှာ အရောင်ဝင်းပခြင်း မရှိ သော်လည်း အရည်အသွေးကောင်းသည့် စိန်နားကပ်ကိုပန်ဆင်လိုက်သည့်အခါ စိန်ရောင်သည် ပါးကိုဟပ်ပြီး ပါးပြောင်လာခြင်းကို ဆိုသည်။ ထို့အတူ လူအချို့သည် မိမိ၌ ပညာ အရည်အချင်း ဥစ္စာပစ္စည်း ဂုဏ်သိန် စသည် မရှိပါပဲလျက် ရှိသူကိုမှီ၍ ဟိတ်ဟန်ထုတ် ကြွားဝါနေတတ်ကြလေသည်။ ထိုသူမျိုးကို အထက်ပါစကားပုံဖြင့် ပုံခိုင်းလေ့ရှိသည်။



**အကျိုးသက်ရောက်ပုံ။** ။မိမိ၌ ပင်ကိုယ်ဂုဏ် အရည်အသွေးမရှိပဲ ကြွားဝါ ဟိတ် ဟန် ထုတ်ခြင်းသည် မိမိကို သူတပါးက ပြစ်တင်ကဲ့ရဲ့ အထင်သေးအောင် ရယ်ဖွယ် ဖြစ်အောင် မိမိကပင် ဖန်တီးခြင်းဖြစ်သည့်အတွက် ယင်းအပြုအမူမျိုးကို ရှောင်ရှားအပ် လှသည်။

## ၂၀။ ဇာတိကိုသိချင်၊ အမူအကျင့်ကိုကြည့်

**ဆိုလိုရင်း။** ။လူတဦးတယောက်၏ အမူအကျင့်ကိုကြည့်ခြင်းဖြင့် ထိုသူ၏ဇာတိကို သိနိုင်သည်။

**ရှင်းလင်းချက်။** ။ဇာတိဟူသည် မျိုးရိုးကိုဆိုလိုသည်။ လူသည် မိမိ[illegible] ဇာတိကို ဖျောက်ပစ်နိုင်ခဲ့သည်။ မျိုးရိုးကောင်းမှ ဆင်းသက်လာသူသည်မိဘအသိုင်းအဝန်း[illegible] တဖွဖွ သွန်သင်ဆုံးမမှုကြောင့် များသောအားဖြင့် လိမ္မာယဉ်ကျေးသူ ဖြစ်လာတတ်သည်။ ထိုလူမျိုးမှာ ဆင်းရဲသွားသော်ငြား သိမ်ဖျင်းသော အမူအကျင့်မျိုးကို ပြုခဲသည်။ အသိအလိမ္မာနည်းလွန်းသောမျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပါမူ သိမ်ဖျင်းသော အမူအကျင့် မျိုးသည် တကြိမ်မဟုတ် တကြိမ် ပေါ်လာမည်ဖြစ်သည်။ တဖန် သတ္တိရှိသောအမျိုးမှ ဆင်းသက်လာသူ၌ သတ္တိရှိသောအမူအကျင့်မျိုးကို တွေ့နိုင်သည်။ ထို့ကြောင့် [illegible] တယောက်၏ အမူအကျင့်သည် ထိုသူ မည်သည့်မျိုးရိုးဇာတိမှ ပေါက်ဖွားလာကြောင်းကို ယေဘုယျအားဖြင့် မှန်းဆနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏အမူအကျင့်သည် မိမိ၏ဇာတိကို ဖော်ပြနေတတ်ရာ အမူအကျင့် ကောင်းများကို အစဉ်ပြုစုပျိုးထောင်ပြီး မကောင်းသောအမူအကျင့်ကို ရှောင်ရှားသင့်သည်။

## ၂၁။ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း

**ဆိုလိုရင်း။** ။မြို့ရွာနယ်ပယ် ကွဲပြားခြားနားသည့်တူ လူမှုရေး ဓလေ့ထုံးစံ ယဉ်ကျေးမှု စသည် ကွဲပြားခြားနားနိုင်ကြောင်း။

6 U.P.—S. 193—20000—14-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းလင်းချက်။** ။ဘုန်းကြီး ကျောင်းများလည်း တကျောင်းနှင့် တကျောင်း လုပ်နည်းလုပ်ဟန် အယူအဆများ ကွဲပြားနိုင်သည်။ ရွာများလည်း တရွာနှင့်တရွာ ဓလေ့ စရိုက် အမူအကျင့်များမတူပဲ ကွဲပြားနိုင်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။တဦးနှင့်တဦး၊ တရွာနှင့်တရွာ၊ တမြို့နှင့်တမြို့၊ တတိုင်း ပြည်နှင့် တတိုင်းပြည်သည် အစစအရာရာ မည်သို့မျှ ထပ်တူမဖြစ်နိုင်သည့်အလျောက် မိမိတို့နှင့်မတူတိုင်း မမှန်ဟု မယူဆသင့်ကြောင်း သတိပြုရသည်။

## ၂၂။ တခါသေဖူး၊ ပျဉ်ပိုးနားလည်

**ဆိုလိုရင်း။** ။တခါမှားဖူးလျှင် ထပ်၍အမှားမှ သင်ခန်းစာယူတတ်ရမည်။

**ရှင်းလင်းချက်။** ။တခါသေဖူးလျှင် မျှော်စရိတ်ကစ မည်မျှကုန်ကျသည်ကို သိနိုင် သည်။ ထို့တူ တကြိမ်တခါမှားဖူးပါက ယင်းအမှားကြောင့် မည်သို့အကျိုးထိခိုက် နစ်နာ ဆုံးရှုံးသည်ကို သိသင့်သည်။ အမှားကြုံဖူးသော်လည်း အမှားမှ သင်ခန်းစာ မယူ တတ်လျှင် ထပ်ကာဆင့်ကာ မှားနေပေမည်။ အမှားကို အမှားမှန်းသိပြီးပြင်မှ အမှန်သို့ ရောက်နိုင်ပေမည်။

**အကျိုးသက်ရောက်ပုံ။** ။လူမှန်သမျှ အမှားနှင့် မကင်းတတ်ကြရာ အမှားမှ သင်ခန်းစာယူပြီး ပြုပြင်ဆင်ခြင်လိုက်ပါက လူတော်လူကောင်း ဖြစ်လာနိုင်ပေသည်။

## ၂၃။ တနေ့တလံ၊ ပုဂံဘယ်ရွှေ့မလဲ

**ဆိုလိုရင်း။** ။ဖြည်းဖြည်းနှင့်မှန်မှန် လုပ်ဆောင်သွားပါက တနေ့၌ လိုရာပန်းတိုင်သို့ ရောက်မည်။

**ရှင်းလင်းချက်။** ။အထက်ပါ စကားပုံသည် ယခုခေတ်ကဲ့သို့ လမ်းပန်းအဆက် အသွယ် မလွယ်ကူလှသေးသော ရှေးခေတ်ကပေါ်ပေါက်လာသော စကားပုံဖြစ်ရာ ပုဂံ



နေပြည်တော်ဟူသည် အခြားမြို့ရွာများမှ အလွန်ဝေးလံလှသည်ဟု ယူဆရ၏။ ထိုသို့ ဝေးလှသော ပုဂံနေပြည်တော်သို့ တနေ့ကို တလံချင်း ဖြည်းဖြည်းနှင့်မှန်မှန်သွားပါက ပုဂံ ပြည်သို့ မရောက်ပဲမနေ၊ ရောက်ရမည်သာ ဖြစ်သည်။ ပုဂံပြည်သည်လည်း ဘယ်သို့မျှ ရွှေ့ သွားနိုင်မည်မဟုတ်ဟု ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်မျှအလုပ်များပါစေ၊ မည်မျှခက်ခဲပါစေ၊ ဖြည်းဖြည်း နှင့်မှန်မှန် လုပ်ဆောင်သွားပါက အလုပ်အားလုံး ပြီးစီးနိုင်မည်။ အခက်အခဲမှန်သမျှ ဖြေရှင်းနိုင်မည်။ ထို့ကြောင့် ဖြည်းဖြည်းနှင့်မှန်မှန်လုပ်ဆောင်ခြင်းသည် အောင်ပန်းကို မုချဆွတ်ခူးနိုင်မည်ဟူသောအသိကို ရပေသည်။

## ၂၄။ တပည့်မကောင်း၊ ဆရာ့ ခေါင်း

**ဆိုလိုရင်း။** ။တပည့်၏ လိမ္မာရေးခြားရှိမှု မရှိမှုသည် ဆရာတွင် တာဝန်ရှိကြောင်း (တနည်း) ဆရာသည် တပည့်အတွက် အစစ တာဝန်ရှိကြောင်း။

**ရှင်းလင်းချက်။** ။မြန်မာ့ယဉ်ကျေးမှု အစဉ်အလာပြစကားပုံဖြစ်သည်။ ဆရာသည် တပည့်အား ဆရာ့ဝတ္တရား ငါးပါးဖြစ်သော

(၁) အတတ်ပညာ သင်ပေးခြင်း
(၂) တရားနှင့်အညီ လုပ်ကိုင်တတ်အောင် ညွှန်ကြားပြသပေးခြင်း
(၃) ပညာအလုံးစုံ သင်ကြားပေးခြင်း
(၄) အတတ်ပညာနှင့်ပတ်သက်၍ တပည့်တို့၏ အားထားရာဖြစ်ခြင်း
(၅) တပည့်အား ချီးမြှောက်ကာ မိတ်ဆွေကောင်းများထံ အပ်နှံပေးခြင်း

ဆိုသည့် ဝတ္တရားငါးပါးနှင့်အညီ နည်းပေးလမ်းပြရမည်။ မြန်မာ့ယဉ်ကျေးမှုအရ ဆရာသည် တပည့်အား လိမ္မာယဉ်ကျေးပြီး လူတော်လူကောင်း ဖြစ်အောင် သွန်သင်ပြသပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တပည့်ဆိုးလျှင်လည်း ဆရာ့တာဝန် ကောင်းလျှင်လည်း ဆရာ့တာဝန်ပင်ဖြစ်ရာ တပည့်၏ အဆိုးအကောင်း မှန်သမျှ ဆရာတွင် တာဝန်ရှိကြောင်း ဆိုလိုပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ဆရာ၏တာဝန် ကြီးမားပုံကို နားလည်သဘောပေါက်ပြီး မိမိတပည့်များကို လူတော် လူကောင်း ဖြစ်အောင် မြေတောင်မြှောက် လမ်းညွှန်နိုင်မည့် ဆရာကောင်းများဖြစ်အောင် ကြိုးစားဖို့လိုကြောင်း သတိပြုရာသည်။

## ၂၅။ တလုတ်ကျွေးဖူး၊ သူ့ကျေးဇူး

**ဆိုလိုရင်း။** ။သူ့ကျေးဇူးကို သိအပ်ကြောင်း။

**ရှင်းလင်းချက်။** ။တဦးတယောက်က ကျွေးသော ထမင်းတလုတ်ကို စားဖူးလျှင် ထိုသူ၏ကျေးဇူး မိမိအပေါ်၌ တင်ရှိနေပေပြီ။ ထိုသူ၏ ကျေးဇူးကို မစွပ်သင့်။ မမေ့သင့်။

**အကျိုးသက်ရောက်ပုံ။** ။အနည်းငယ်မျှ ကျေးဇူး ပြုဖူးသူအား ကျေးဇူးတုံ့ကို ပြုခြင်း၊ သိခြင်းဖြင့် လူ့ရှင်ပရိသတ်၏ ချီးမွမ်းကို ခံရပြီး သတင်းကောင်း ပျံ့နှံ့ကျော်ကြားစေနိုင်မည်။ ကျေးဇူးမဲ့ကို ပြောဆိုပြုမူပါက မကောင်းသော ဂုဏ်သတင်းသာ ပျံ့နှံ့ထင်ရှားစေတတ်ကြောင်းကို သတိပြုရာသည်။

## ၂၆။ တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင် ပတ်

**ဆိုလိုရင်း။** ။အစွန်းနှစ်ဘက်ကို ရှောင်သင့်ကြောင်း။

**ရှင်းလင်းချက်။** ။မည်သည့် အရေးအရာ၌မဆို တင်းမာလွန်းပါက ပြတ်တောက်သွားတတ်ပြီး လျော့လွန်းပါက မိမိအား ပြန်ပတ်တတ်ပုံကို ကြိုးချည်သည့် သာဓကဖြင့် ဟပ်ပြထားခြင်း ဖြစ်သည်။



တင်းလွန်း၊ လျော့လွန်းခြင်း နှစ်မျိုးစလုံးသည် အစွန်းနှစ်ဘက်ကို ညွှန်ပြနေပြီး ကောင်းကျိုး မဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အစွန်းနှစ်ဘက်ကို ရှောင်ပြီး ဆောင်ရွက်မှသာ အောင်မြင်မှုကို ရရှိနိုင်ကြောင်း နှလုံးမူရာသည်။

## ၂၇။ တောင်းမှာအကွပ်၊ လူမှာအဝတ်

**ဆိုလိုရင်း။** ။အဝတ်အစားကို အလေးဂရုပြုအပ်ကြောင်း။

**ရှင်းလင်းချက်။** ။အကွပ်မရှိသောတောင်းသည် နှီးစများ ထိုးထိုးထောင်ထောင် ထွက်နေသဖြင့် သပ်သပ်ရပ်ရပ်လည်းမဖြစ်၊ ကြာရှည်လည်းမခိုင်ခံ့ပေ။ နှုတ်ခမ်းကလနားကို သေသပ်စွာကွပ်ထားသောတောင်းသည်သာ နှစ်သက်စရာကောင်းပြီး တန်ဖိုးလည်းမြင့်တက်လာပေသည်။ ထို့အတူ လူများတွင်လည်း မိမိ၏အဆင့်အတန်း ဂုဏ်သိက္ခာနှင့်လိုက်လျောအောင် သန့်ရှင်းသပ်ရပ်စွာ ဝတ်စားတတ်ရန် လိုသည်။ အဝတ်အစားကို ကပိုကရို ဝတ်စားလျှင် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ မိမိ၏အကြောင်းကိုမသိသော တစိမ်းတရံဆံများဖြစ်ပါက အဝတ်အစားကိုကြည့်ပြီး အထင်သေးအမြင်သေး ခံရတတ်သည်။ ထို့ကြောင့် လူမှုရေးနယ်ပယ်၌ အဝတ်အဆင်သည် အလေးထားအပ်ကြောင်းကို အထက်ပါ စကားပုံက ညွှန်ပြနေပေသည်။

သပ်ရပ်စွာဝတ်ဆင်သင့်သည်ဟု ဆိုရာ၌လည်း မိမိအရွယ် ဂုဏ်သိက္ခာ အဆင့်အတန်း အခြေအနေနှင့် လိုက်လျောသောအဝတ်အဆင်မျိုးကို အချိန်အခါ၊ အခြေအနေ၊ ကာလဒေသများနှင့် လိုက်လျောအဆင်ပြေအောင် ဝတ်ဆင်တတ်ရန် လိုပေသည်။ အသက်အရွယ်နှင့်မလိုက်သော အဝတ်အဆင်မျိုးကို မည်မျှလောက်ပင် သပ်ရပ်စွာဝတ်ဆင်သော်လည်း မိမိ၏ဂုဏ်သိက္ခာကို တိုးတက်စေနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တောင်း၏အကွပ်သည် လူ၏အဝတ်နှင့် အလားတူပြီး သေသပ်စွာ ကွပ်ထားသောတောင်းသည် တန်ဖိုးတိုးမြင့်လာစေသည့်နည်းတူ အဝတ်အဆင်သည်လည်း လူ၏တန်ဖိုးကို တိုးတက်ပြောင်းလဲသွားစေနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။အဝတ်အစားကို မိမိ၏အဆင့်အတန်း၊ အသက်အရွယ်၊ အခြေအနေ၊ အချိန်အခါ၊ နေရာဒေသနှင့် လိုက်လျောအောင် ဝတ်စားရန် သတိပြုအပ်လှသည်။

**၂၈။ တိတ်တိတ်နေ၊ ထောင်တန်**

**ဆိုလိုရင်း။** ။အချိန်ကုန် အကျိုးယုတ်ရလောက်အောင် စကားတဖောင်ဖောင် ပြောဆိုခြင်းထက် တိတ်တိတ်နေခြင်းက အဖိုးတန်ကြောင်း။

**ရှင်းလင်းချက်။** ။လူအချို့သည် မိမိနှင့် စကားပြောမည့်သူရှိလျှင် နေ့၊ ညဉ့် သန်းခေါင်၊ သန်းလွဲမဟူ အချိန်ရှိသရွေ့စကားပြောပြီး အချိန်ကို အချည်းနှီးဖြုန်းပစ်ကြသည်။ အချို့ကမူ နားထောင်မည့်သူကိုရှာ၍ တဘက်သားစိတ်ညစ်ညူးရလောက်အောင် ပြောဆိုတတ်ကြသည်။ အချို့ကလည်း မိမိနှင့်မဆိုင်ရာကိစ္စ၌ ဝင်ရောက်မေးမြန်းစွက်ဖက်ပြီး စကားကြောရှည်နေတတ်ကြပေသည်။ ယင်းသို့ အချိန်ကုန်အကျိုးမရှိ စကားပြောတတ်သူများအား အထက်ပါစကားပုံက သတိပေးဆုံးမထားခြင်း ဖြစ်ပေသည်။ ငါးရာ့ငါးဆယ် နိပါတ်လာ ကစ္ဆပဇာတ်၌ စကားများလွန်း၍ အသက်ဆုံးရသော လိပ်ငယ်အကြောင်းကို [illegible] ထို့ကြောင့် စကားများလွန်းခြင်းသည် တဘက်စွန်း ရောက်နေသဖြင့် [illegible]

**အကျိုးသက်ရောက်ပုံ။** ။နေ့စဉ်နေ့တိုင်း စကားပြောဆိုကြရာ၌ ကာလ၊ ဒေသ အခြေအနေ၊ အချိန်အခါ၊ လူ့အရိပ်အခြည်ကိုအကဲခတ်ပြီး ထိုက်သင့်သလို လိုအပ်သလို လိုအပ်သလောက် တိုင်းထွာချင့်ချိန်ပြီး ပြောဆိုသင့်သည်။ သို့မှ ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်နိုင်ပေမည်။

**၂၉။ တန်ဆေး၊ လွန်ဘေး**

**ဆိုလိုရင်း။** ။မည်သည့်ကိစ္စ၌မဆို တဘက်စွန်းမရောက်ရန် သတိပြုအပ်ကြောင်း။

**ရှင်းလင်းချက်။** ။ဖော်ပြပါစကားပုံသည် ဆေးလောကမှ ပေါ်ထွက် လာဟန်တူသည်။ ဆေးဟူသည် အနာနှင့်တော်သင့်ရုံစားမှ ရောဂါပျောက်ပြီး အကျိုးသက်ရောက်မှု



ရှိပေသည်။ ရောဂါပျောက်ချင်ဇောဖြင့် အလွန်အကျွံသောက်သုံးမိလျှင် ရောဂါမပျောက်ရုံမျှမက ဘေးဥပဒ်ပင်ဖြစ်စေနိုင်သည်။ ဥပမာ အဖျားပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေးမှစပြီး ယနေ့ခေတ်ပေါ် အလွန်ထက်မြက်သည့် ဆေးများအားလုံးသည် ဆရာဝန်ညွှန်ကြားသည့်အတိုင်း အချိုးအဆမှန်မှန် သောက်နည်းမှန်မှန်နှင့်သောက်သွားလျှင် အနာရောဂါများသည် တဖြည်းဖြည်းချင်း ပျောက်ကင်းသွားနိုင်ပေမည်။ ဤသည်ကို ကြာကြာမစောင့်ချင်၊ မြန်မြန်ပျောက်ချင်သည့်ဇောဖြင့် တကြိမ်တည်းသောက်သုံးလိုက်လျှင် ရောဂါမပျောက်ပဲ လူကိုသာဥပဒ်ဖြစ်စေမည်။ ထို့ကြောင့် ဆေးမှီဝဲရာ၌ "တန်ဆေး၊ လွန်ဘေး" ဟုဆိုလိုသည်။ ဆေးသာမက အခြားအစားအသောက်ကိစ္စများ၌လည်း ထို့အတူပင် ဖြစ်၏။ လူ၏ခန္ဓာကိုယ်၌ လိုအပ်သောအစားအစာကို သင့်တင့်မျှတရုံ စားသုံးလျှင် ကျန်းမာခြင်းတည်းဟူသော အကျိုးကျေးဇူးကို ဖြစ်ထွန်းပေမည်။ ဥပမာ အချိုအငန်စသော အစားအစာများသည် လူ့ခန္ဓာကိုယ်၌ လိုအပ်သည်မှန်သော်လည်း လွန်လွန်ကဲကဲစားသုံးလျှင် ဆီးချို သွေးတိုးစသော ရောဂါများဖြစ်လာနိုင်စရာရှိပေသည်။ အစားကို အလွန်အကျွံစားသုံးသဖြင့် အသက်သေဆုံးသွားရသော ဗုဇကာပုဏ္ဏား၏ သာဓကမှာ ဝေဿန္တရာဇာတ်တော်ကြီး၌ ပါရှိပေသည်။ ထို့ကြောင့် အစားအသောက်ကိုလည်း သင့်တင့်မျှတစွာ စားသုံးသင့်သည်။

**အကျိုးသက်ရောက်ပုံ။** ။အသက်ရှည်ရှည်နှင့် ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် အစားအသောက် အတိုင်းအဆမှန်ရန် သတိပြုစေသည်။

**၃၀။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး**

**ဆိုလိုရင်း။** ။ပတ်ဝန်းကျင်သည် လူ့စရိုက်အမျိုးမျိုးပြောင်းလဲအောင် ဖန်တီးနိုင်စွမ်းရှိကြောင်း။

**ရှင်းလင်းချက်။** ။တံငါအနီး၌နေလျှင် တံငါ၏ ဓလေ့စရိုက် အမူအကျင့်များ မိမိအားကူးစက်လွှမ်းမိုးလာနိုင်ပြီး မုဆိုးအနီး၌နေလျှင် မုဆိုး၏ဓလေ့များ မိမိအားကူးစက်လွှမ်းမိုးလာစေနိုင်သည်။ ကောင်းသည့်ပတ်ဝန်းကျင်သည် လူကောင်းဖြစ်အောင် ဖန်တီးနိုင်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိသကဲ့သို့ ဆိုးသည့်ပတ်ဝန်းကျင်ကလည်း လူဆိုးဖြစ်အောင်ဖန်တီးနိုင်သည်။ ငါးရာ့ငါးဆယ် နိပါတ်တော်လာ လူဆိုးကြားရောက်သွားသော ကျေးသားနှင့် ရ သေ့သူတော်ကောင်းပတ်ဝန်းကျင်သို့ ရောက်သွားသော ကျေးသားနှစ်ကောင်သာဓကတွင် လူဆိုးကြားရောက်သောကျေးသားသည် စရိုက်ကြမ်းတမ်းပြီး ရသေ့တို့ပတ်ဝန်းကျင်သို့ရောက်သွားသော ကျေးသားမှာမူ နူးညံ့ပျော့ပျောင်းသွားသည်ကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူကို များစွာပြုပြင်ပြောင်းလဲပစ်နိုင်စွမ်း ရှိလှသည်။

**အကျိုးသက်ရောက်ပုံ။** ။မကောင်းသည့်ပတ်ဝန်းကျင်၌ ကာလကြာမြင့်စွာမနေထိုင်အပ်ပဲ သင့်တင့်လျောက်ပတ် ကောင်း မွန်သော ပတ်ဝန်းကျင်၌ နေထိုင်သင့်သည်။ အဆင်မသင့်၍ မကောင်းသည့်ပတ်ဝန်းကျင်၌ နေထိုင်ရသော်လည်း ယင်းပတ်ဝန်းကျင်မှ ဓလေ့ဆိုးများ မိမိအားမလွှမ်းမိုးနိုင်အောင် ဂရုပြုရသည်။

## ၃၁။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်

**ဆိုလိုရင်း။** ။လောက၌ကြုံရတတ်သည့် အမှတ်မထင် တိုက်ဆိုင်မှု သဘောကို ဆိုလိုသည်။

**ရှင်းလင်းချက်။** ။ထန်းသီးကလည်း မှည့်နေသဖြင့် ကြွေချိန်တန်သောကြောင့် ကြွေတော့မည့်ဆဲဆဲဖြစ်နေသည်။ ကျီးကလည်း ထိုခဏ၌ ထန်းသီးပေါ် နားလှသည်။ ကျီးမနားသော်လည်း ထန်းသီးကကြွေတော့မည်ကေန်ပင်။ ကျီးကနားလာခိုက် ကြုံသွားသည့်အခါ ကျီးနင်းသဖြင့် ကြွေသည်ဟု ထင်မှတ်ရသည်။ သို့သော်မဟုတ်ပါချေ။ ကျီးနားလာခိုက်နှင့် ကြုံကြိုက်ခြင်းသာ ဖြစ်ချေသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိပယောဂမပါပဲ သူ့အကြောင်းနှင့်သူ အမှတ်မထင်ဖြစ်ပျက်သွားတတ်ခြင်းများသည် မိမိအား နှီးနွှယ်ပတ်သက်လာပါက အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ သင့်တင့်ရုံနှလုံးသွင်းရမည်။



## ၃၂။ ဓလေ့တူရာ၊ မိတ်ဖြစ်လာ

**ဆိုလိုရင်း။** ။ဓလေ့တူသူချင်း မိတ်ဆွေဖြစ်တတ်ပုံ။

**ရှင်းလင်းချက်။** ။သူတော်ကောင်းသည် သူတော်ကောင်း၏ ဓလေ့ကိုနှစ်သက်ပြီး အပေါင်းအဖော်ဖြစ်ရသည်။ သူတော်ကောင်းသည် သူယုတ်မာ၊ လူမိုက် လူပေါ့၏ဓလေ့ကို မည်သို့မျှနှစ်မြို့မည်မဟုတ်သဖြင့် ယင်းပုဂ္ဂိုလ်မျိုးနှင့် မိတ်မဖြစ်နိုင်ပေ။ လူမိုက်သည်လည်း မိမိနှင့် ဓလေ့တူရာကိုသာ နှစ်လိုပေါင်းဖော်နိုင်ပေလိမ့်မည်။ လူပေါ့သည်လည်း ပေါ့ပေါ့တန်တန်နေထိုင်သူနှင့်သာ ကြာရှည်လေးမြင့် ပေါင်းသင်းနိုင်ပေမည်။ ထို့ကြောင့် ဓလေ့တူသူချင်းသာ မိတ်ဆွေဖြစ်နိုင်သည်ဟု ဆိုခြင်းဖြစ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ပတ်ဝန်းကျင်က လူမိုက် လူပေါ့ လူယုတ်မာများဟု ကဲ့ရဲ့ပြောဆိုခံရသူများနှင့် မပေါင်းသင်းမိအောင် ရှောင်ရှားရသည်။

## ၃၃။ နီးတကျက်ကျက်၊ ဝေးတသက်သက်

**ဆိုလိုရင်း။** ။တဦးနှင့်တဦး အတူတူနေရသည့်အခါ ရန်တကျက်ကျက်နှင့် အဆင်မပြေဖြစ်တတ်ကြသော်လည်း ဝေးနေသည့်အခါ၌ တအောက်မေ့မေ့ ဖြစ်တတ်သောသဘာဝကို ဆိုလိုသည်။

**ရှင်းလင်းချက်။** ။ဖော်ပြပါစကားပုံသည် မြန်မာ့ဆွေမျိုး မိတ်ဆွေရင်းချာများ အသိုင်းအဝိုင်းနှင့်ပတ်သက်၍ အသုံးပြုလေ့ရှိသည်။ ညီအစ်ကိုမောင်နှမ စသော ဆွေမျိုးများသည် တဦးနှင့်တဦး နီးနီးကပ်ကပ်နေကြလျှင် ကတောက်ကဆတ် အဆင်မပြေဖြစ်တတ်ကြသည်။ အချို့မှာ ရန်တကျက်ကျက်ပင် ဖြစ်ကြရသေး၏။ ဤသို့အဆင်မပြေဖြစ်နေသော ဆွေမျိုးများသည် တဦးနှင့်တဦး တနယ်တမြေစီ ဝေးသွားကြလျှင် အဆင်မပြေခဲ့မှုကလေးများကိုမေ့ပြီး ကောင်းသည့်အချက်များကိုသာ တအောက်မေ့မေ့ ဖြစ်နေတတ်ကြပေသည်။ ကျန်ရစ်ခဲ့သူများကလည်း ခွဲထွက်သွားသူများ၏ကောင်းချက်များကို ထုတ်ဖော်ပြောယင်း သတိရနေတတ်ပေသည်။

7 U.P.—R. 193—20000—14-10-80. M.M.

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။ဆေမျိုးများသည် တဦးနှင့်တဦး နီးနီးကပ်ကပ်နေကြရသဖြင့် အဆင်မပြေသည့်အခါ ဤသို့ဖြစ်တတ်သောသဘာဝကိုအောက်မေ့ပြီး တဦးပေါ်တဦး ခွင့်လွှတ်စေနိုင်သည်။ ဝေးတော့မှ တသက်သက်အောက်မေ့ခြင်းမျိုး မဖြစ်စေပဲ နီးသည့်အခါ၌လည်း အဆင်ပြေအောင်နေတတ်ရန်၊ နီးတကျက်ကျက်မဖြစ်ရန် ဆင်ခြင်ဖို့ သတိရစေသည်။

## ၃၄။ နေတော့ပျဉ်ထောင်၊ စားတော့ချဉ်ပေါင်

**ဆိုလိုရင်း။** ။ဟိတ်ဟန်နှင့်နေသော်လည်း ချို့တဲ့စွာစားရခြင်း။

**ရှင်းလင်းချက်။** ။ယခုခေတ်၌ ချမ်းသာသူတို့က တိုက်အိမ်ဆောက်ပြီးနေကြသော်လည်း ရှေးအခါကမူ ပျဉ်ထောင်အိမ်ကြီးများ ဆောက်လုပ်နေထိုင်ကြသည်။ ပျဉ်ထောင်အိမ်သည် ရှေးခေတ်လူချမ်းသာတို့၏ အသုံးအဆောင်ဟု ဆိုရပေမည်။

လောက၌ လူအမျိုးမျိုးရှိရာ လူအချို့သည် ပတ်ဝန်းကျင်၏ အထင်အမြင်ကြီးမှုကို ခံလို၍ ခံ့ခံ့ထယ်ထယ်နေထိုင်သော်လည်း အနေနှင့်လိုက်အောင် မစားနိုင်ကြပဲ၊ ချဉ်ပေါင်ဟင်းနှင့် ချို့ချို့ငဲ့ငဲ့ စားသောက်နေကြရသည်။ အထက်ပါ စကားပုံသည် အနေနှင့်အစား ကွာခြားလွန်းမှုကို ဖော်ပြနေပေသည်။ "ရွှေကျောင်းပြောင်ပြောင်၊ ဝမ်းဟောင်းဟောင်း"ဟူသော စကားပုံနှင့် သဘောသွားတူသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏ အခြေအနေ နှင့် လိုက် လျော အောင် နေထိုင်စားသောက်တတ်ရန် သတိပြုစေသည်။

## ၃၅။ နည်းလျှင်အင၊ များလျှင်အဝ

**ဆိုလိုရင်း။** ။နည်းလျှင်လောက်ငရုံ များလျှင် ဝလင်အောင်ဝေမျှစားရန်။

**ရှင်းလင်းချက်။** ။အစားအသောက်ကိစ္စ၌ မိသားစုအတွင်း ဖြစ်စေ၊ မိတ်ဆွေ အသိုင်းအဝန်း၌ဖြစ်စေ ဆင်ခြင်ထောက်ထားရမည်။ အစားအစာက နည်းနေလျှင် မိမိအတွက်သာ မကြည့်ပဲ အားလုံးလောက်င အောင် ဝေမျှစားရမည်။ များနေသည့်အခါ ဝမ်းဝအောင် စားသုံးနိုင်ပေသည်။ မဆင်မခြင် မတိုင်းမထွာ စားသောက်ပါမူ ကွဲရှဲဖြစ်တင် ခံရတတ်သည်။



**အကျိုးသက်ရောက်ပုံ။** ။အစားအစာ၏ အနည်းအများပမာဏ၊ စားမည့်လူ အင်အား၏ အခြေအနေကိုထောက်ဆပြီး စားသောက်သင့်ပုံကို အသိပေးသည်။

## ၃၆။ နွား ကောင်း မကောင်း ချောင်းတက်မှသိ၊ လူ ကောင်း မကောင်း ပေါင်းဖက်မှသိ

မွန်စကားပုံ နံပါတ်(၁၇၉) နွား ကောင်း မကောင်း လှည်းဆွဲမှသိ၊ လူ ကောင်း မကောင်း အတူနေမှသိ ကိုကြည့်ပါ။

## ၃၇။ နွားကွဲ ကျားကိုက်

**ဆိုလိုရင်း။** ။အချင်းချင်း စည်းလုံးညီညွတ်မှု မရှိလျှင် ပြင်ပကဝင်လာပြီး ဒုက္ခပေးနိုင်ကြောင်း။

**ရှင်းလင်းချက်။** ။နွားအုပ်သည် တစုတစည်းတည်းရှိလျှင်ရန်သူကျားကရုတ်တရက် ဝင်ဆွဲရန် မလွယ်ပေ။ နွားအုပ်မှာ သင်းကွဲပြီး တကောင်စီဖြစ်နေလျှင် ကျားက အလွယ်တကူ ဝင်ဆွဲနိုင်ပေသည်။ ထိုသာဓကအတိုင်းပင် အချင်းချင်းစည်းလုံးနေလျှင် ပြင်ပကမဝင်နိုင်။ အချင်းချင်းမညီညွတ်ပဲ တယောက်တမျိုးစီ ဖြစ်နေပါမူ ပြင်ပအန္တရာယ်က ဝင်ရောက်နှောင့်ယှက်နိုင်ပေသည်။

အထက်ပါစကားပုံသည် အောက်ခြေအကျဆုံး ဖြစ်သော အိမ်ထောင်တခုမှသည် အမြင့်ဆုံးဖြစ်သော တိုင်းပြည်နှင့်လူမျိုးအထိပါသက်ဆိုင်ပြီး အသုံးပြုနိုင်သည်။ တိုင်းပြည်တပြည်သည် မည်မျှသေးငယ်နေပါစေ၊ စည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပအင်အားကြီးရန်သူလည်း မဝင်ရောက် မထိုးဖောက်နိုင်ပေ။ တိုင်းပြည်သည် မည်မျှ ကြီးနေသော်လည်း စည်းလုံးမှုမရှိလျှင် ပြင်ပအန္တရာယ်က အချိန်မရွေးဝင်ရောက်နှောင့်ယှက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုလေ့လာလျှင် အထက်ပါသာဓကမှန်ကန်ကြောင်း တွေ့နိုင်ပေသည်။ ခရစ်နှစ် ၁၈၈၅ ပတ်ဝန်းကျင်က တိုင်းပြည်တွင်း၌ စည်းလုံးညီညွတ်မှု အားနည်းခဲ့သည်။ ထို့ကြောင့် အင်အားကြီးနယ်ချဲ့ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ပြည်သူလူထုသည် နိုးကြားသောအသိ၊ နိုင်ငံရေးအတွေးအမြင်များရှင်သန်လာပြီး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံရေးလှုပ်ရှားမှု အဆင့်ဆင့် လုပ်ဆောင်ကြ၍ လွတ်လပ်ရေး တောင်းဆိုသည့်အခါ ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရခဲ့ခြင်း ဖြစ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။စည်းလုံးညီညွတ်ရန် အရေးကြီးပုံကို သဘောပေါက်ကြပြီးလျှင် အချင်းချင်းညီညွတ်အောင် ကြိုးပမ်းဖို့လိုကြောင်း သတိပြုစေသည်။

**၃၈။ နွားတဘက်ကောင်းသော်လည်း၊ ချောင်းမတက်နိုင်**

**ဆိုလိုရင်း။** ။ခက်ခဲသောအလုပ်မှန်သမျှ တယောက်တည်းတော်နေရုံဖြင့် မအောင်မြင်နိုင်။

**ရှင်းလင်းချက်။** ။လှည်းသမားတို့ ပတ်ဝန်းကျင်က ပေါ်ထွက်လာသော စကားပုံဖြစ်၍ လုပ်ငန်းဆောင်တာ ကိစ္စအဝဝ၌ မှီငြမ်းအသုံးပြုနိုင်သည်။ ချောင်းတက်ဟူသည် ချောင်းရေါသဲသောင်ကိုရှုန်းကန်၍ တက်ရသောခရီးခဲဖြစ်သည်။ ပြေသောလမ်းတွင် လှည်းမောင်းရာ၌ နွားတဘက်မကောင်းသော်လည်း မသိသာလှသေး၊ နွားကောင်းက ဦးဆောင်ဆွဲငင်သွားသဖြင့် ခရီးဖင့်နှေးသော်လည်း လိုရာသို့ရောက်နိုင်သေးသည်။ ခရီးခဲဖြစ်သည့် ချောင်းတက်၌မူနွားတဘက်ကောင်းရုံဖြင့်မတက်နိုင်၊နှစ်ဘက်စလုံးကောင်းမှတက်နိုင်ပေမည်။ ထို့အတူ ခက်ခဲသောအလုပ် အများဝိုင်းလုပ်ရမည့် အလုပ်ကိစ္စများ၌ လူတဦးတည်း တော်ရုံထူးချွန်ရုံဖြင့် မဖြစ်မြောက် မအောင်မြင်နိုင်။ လူစုံက တက်ညီလက်ညီ ထူးချွန်ကြမှသာ အောင်မြင်နိုင်ပေမည်။

**အကျိုးသက်ရောက်ပုံ။** ။လူတိုင်းသည် မိမိပါဝင်လုပ်ဆောင်ရသော လုပ်ငန်းများအောင်မြင်ရေးအတွက် အသိရှိရှိဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုသည်။



**၃၉။ နွားပိန်ထူ၊ လူဇော့**

**ဆိုလိုရင်း။** ။အခြေအနေ ချို့ငဲ့သူတယောက်သည် တစုံတဦး၏ အကူအညီဖြင့် အခြေအနေ အတော်အသင့် ကောင်းလာသည့်အခါ မိမိအား မစ စောင့်ရှောက်ခဲ့သူကိုပင် ကျေးဇူးမဲ့ပြုတတ်ချေသည်။

**ရှင်းလင်းချက်။** ။နွားသည် ပိန်ချုံးပြီးလဲနေစဉ်က အားအင်ချည့်နဲ့နေသဖြင့် မည်သူ့ကိုမျှ အန္တရာယ်မပြုနိုင်။ တစုံတယောက်က ပြုစုစောင့်ရှောက်ပေးသဖြင့် ထူထူထောင်ထောင်ဖြစ်လာသည့်အခါ ထူသူကိုပင်ပြန်ဇော့တတ်သည်။ နွားပိန်ကို ထူပေးလိုက်သည့်အခါ ထူသူကိုပင် ပြန်ဇော့တတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏အခြေအနေနိမ့်ပါးကျဆင်းနေရာမှ တိုးတက်အောင် ကူညီစောင်မပေးသူ၏ကျေးဇူးမဲ့ကို မပြုသင့်။ သူ့ကျေးဇူးကို စောင့် သိ တုံ့ပြန် အပ်လှသည်။ ကျေးဇူးမဲ့သူအား လူတကာက အထက်ပါစကားပုံမျိုးသုံးကာ ကဲ့ရဲ့ပြစ်တင်မည်။

**၄၀။ ပညာရဲရင့်၊ ပွဲလယ်တင့်**

**ဆိုလိုရင်း။** ။ပညာရှိသောသူသည် မိမိကိုယ်ကိုယုံကြည် စိတ်ချပြီး ပရိသတ်အလယ်ဝယ် ရဲရဲရင့်ရင့်ပြောဆိုပြုမူ စွမ်းသဖြင့် ပရိသတ်၏ချီးမွမ်းခံရမည်။ ပွဲအလယ်မှာ တင့်တယ်သည်။

**ရှင်းလင်းချက်။** ။ပညာဟူသည် အမှားအမှန်ကို ခွဲခြမ်းသိစွမ်းခြင်းဖြစ်ရာ ပညာရှိသည် ပရိသတ်အလယ်၌ မည်သို့ပြောဆို ပြုမူနေထိုင်ရမည်ကို သိစွမ်းသည်။ ပရိသတ် နားကြားသိရှိလိုသမျှကိုလည်း ရှင်းလင်းပြောပြနိုင် စွမ်းသည်။ ထို့ကြောင့် ပညာရှိသည်ပရိသတ်အလယ်၌ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပဲ တင့်တယ်နေပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ပညာ၏တန်ဖိုးကို သိရှိပြီး ပွဲလယ်တင့်သူ ဖြစ်အောင် ပညာဆည်းပူးရသည်။

www.burmeseclassic.com

**၄၁။ ပညာရှိအမျက်၊ ပြင်မထွက်**

**ဆိုလိုရင်း။** ။ဒေါသသည် အမှားသာဖြစ်စေသည့်အတွက် ဒေါသကို သိုသိပ်ရန် လိုအပ်ကြောင်း။

**ရှင်းလင်းချက်။** ။လူသည် လောဘ ဒေါသ မောဟတည်းဟူသော မကောင်းမှု သုံးမျိုး၏လွှမ်းမိုးခြင်းကို ခံရတတ်သည်။ လိုချင်စရာတွေ့လျှင် လောဘစိတ်ဖြစ်ပြီး စိတ်ဆိုး စရာတွေ့လျှင် ဒေါသဖြစ်ရတတ်သည်။ ရံခါ၌ မောဟဖုံးလွှမ်းပြီး တွေဝေနေတတ်ပေသေး သည်။ ဤအကြောင်းသုံးမျိုးကြောင့်ဖြစ်သော အကျိုးဆက်များမှာလည်း မကောင်းမှုများ သာ ဖြစ်ပေသည်။ ဥပမာ **ဒေါသထွက်စရာကြုံသော်လည်း ဒေါသကိုမျိုသိပ်၍ ပြောသော စကားနှင့်** ဒေါသရှေ့ထားပြီး ပြောသောစကားနှစ်ရပ်တွင် ဒေါသကိုထိန်းပြီးပြောနိုင်သော **စကားသည် အကျိုးများ၏။** ဒေါသထွက်လာသည်နှင့်အမျှ လူ၏သွင်ပြင်လက္ခဏာများသည် ပြောင်းလဲ**သွား**ပေသည်။ ကြမ်းတမ်းခက်ထရော်သော အမူအရာ သွင်ပြင်နှင့်တကွ ပြောမှား ဆိုမှား ပြုမှား ဖြစ်တော့သည်။ ဒေါသသည် မြွေဟောက်နှင့်တူသည်ဟု စာပေများ၌ နှိုင်းပြ ထားသည်။ ထို့ကြောင့် ဒေါသကို တတ်နိုင်သမျှချုပ်ထိန်းရမည်။ **ပညာရှိသည်လည်း** ပုထုဇဉ်သာဖြစ်သည့်အတွက် ဒေါသဖြစ်စရာကြုံလျှင် ဖြစ်ပေမည်။ သို့သော် **ဤပုဂ္ဂိုလ်မျိုး** မှာ ဉာဏ်အဆင်အခြင်နှင့်ပြည့်စုံသဖြင့် မိမိပြောဆိုလုပ်ကိုင်မည့်ကိစ္စကို **ဉာဏ်ကဦးစီးပြီး** လုပ်တတ်သဖြင့် အတွင်းစိတ်၏လှုပ်ရှားမှုများကို ထင်တိုင်းလွှတ်မပေး။ **ဒေါသဖြစ်စရာ** ဆိုလျှင် အတွင်းစိတ်မှာ သိုသိပ်ပြီး ပြင်ပမှာ မပေါ်လွင်အောင် ထိန်းချုပ်**တတ်ပေသည်။** ထို့ကြောင့် ပညာရှိအမျက် ပြင်မထွက်ဟု ဆိုထားခြင်းဖြစ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အမျက်ထွက်စရာကြုံလျှင် မိမိစိတ်ကိုတတ်**စွမ်းသလောက် ထိန်းသိမ်းနိုင်ဖို့သတိရစေသည်။** ဒေါသထွက်သည်ကို ထွက်မှန်းသိသည်နှင့် **ဒေါသအရှိန် ပြေလျော့သွားစေနိုင်မည်။** ဒေါသမပါသောလူမှုဆက်ဆံရေးသည် **အကျိုးများစွာဖြစ်ထွန်း စေနိုင်သည်။**



**၄၂။ ပေါ့စေထိုထို့ကြောင်ရှပ်ထိုး၊ ဆေးအတွက်လေး**

**ဆိုလိုရင်း။** ။အကျိုး ဖြစ်ထွန်းအောင် လုပ်ဆောင်ရာ၌ အကျိုးမဲ့နှင့် ကြုံရ တတ်ခြင်း။

**ရှင်းလင်းချက်။** ။အခုန်အပျံ အကျော်အလွှား ပေါ့ပါးအောင် ဆေးကြောင် ရှပ်ထိုးရာ ခန္ဓာကိုယ်မှာ ပေါ့မလာသည့်အပြင် ဆေးကြောင့် ပို၍ပင်လေးလာရသည်။

**အကျိုးသက်ရောက်ပုံ။** ။အကျိုးဖြစ်အောင် လုပ်သော်လည်း အကျိုးမဲ့ဖြစ် တတ်သော လောကဓံကြုံရတတ်သည့် သဘောတရပ်ကို နှလုံးသွင်းရာသည်။

**၄၃။ ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်**

**ဆိုလိုရင်း။** ။အခြေခံ အရည်အချင်းမရှိသူတယောက်အား မည်မျှသွန်သင်ပြသ သော်လည်း အကျိုးမဖြစ်ထွန်း မအောင်မြင်။

**ရှင်းလင်းချက်။** ။ဒဏ္ဍာရီလာ စကားပုံဖြစ်ဟန်ရှိသည်။ စောင်းတီးရာ၌ ပိုးကြိုးကို တပ်ပြီး တီးခတ်ရသည်။ မောင်ပုံမှာ ဂီတအခြေခံနည်းသဖြင့် စောင်းတီးသင်ရာ၌ ပိုးသာ ကုန်သည်၊ စောင်းတီးတတ်ခြင်းကားမရှိ။

**အကျိုးသက်ရောက်ပုံ။** ။အကျိုးဖြစ်ထွန်း အောင်မြင်ခြင်းမရှိနိုင်သော ကိစ္စများ၌ အချိန်မကုန်ဆုံးသင့်။

**၄၄။ မျက်အစဉ်၊ ပြင်ခဏ**

**ဆိုလိုရင်း။** ။မည်သည့်အမှုကိစ္စမဆို မကောင်းမှန်းသိလျှင် ပြုပြင် လိုက်ပါက ကောင်းမွန်လာမည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းလင်းချက်။** တစုံတခုသည် ပျက်နေသဖြင့် ပစ်ထားပါက အပျက်အတိုင်းသာ အစဉ်ဖြစ်နေမည်။ ပြုပြင်လိုက်ပါမူ တခဏတည်းနှင့် ကောင်းသွားပေလိမ့်မည်။

**အကျိုးသက်ရောက်ပုံ။** ။မကောင်းသည့်ကိုစ္စ၌ မကောင်းမှန်းသိပြီး နစ်မွန်းမနေသင့်။ ပြုပြင်ခြင်းဖြင့် ကောင်းအောင် တိုးတက်အောင် ကြိုးပမ်းရသည်။

## ၄၅။ ဗူးသီးမှ၊ အရီးတော်

**ဆိုလိုရင်း။** ။အကျိုးကိုမျှော်လင့်ပြီး ခေါ်ဝေါ် ပြောဆို ဆက်ဆံခြင်း။

**ရှင်းလင်းချက်။** ။အရီးဟူသည် ဖခင့်၏နှမကိုဆိုသည်။ မြန်မာ့ခလေ့၌ အမျိုးပင် မစပ်သော်လည်း အရီးအရွယ်တန်သူကို အရီးဟုလည်း ခေါ်ဝေါ်လေ့ရှိသည်။ ဗူးပင်စိုက်ထားသော အမျိုးသမီးကြီးတဦးအား ဗူးစိုက်စဉ်ကာလ၌ မည်သူကမျှ ဆွေမျိုးမစပ်၊ ဗူးပင်မှ အသီးသီးလာသည့်အခါမှသာ သူသူငါငါက အရီးခေါ်ဝေါ်ပြီး ဆွေမျိုးစပ်လာကြသည်။

**အကျိုးသက်ရောက်ပုံ။** ။အကျိုးဖြစ်ထွန်းပြီး မျှော်လင့်စရာရှိလာသည့်အခါမှသာ တရင်းတနှီးခေါ်ဝေါ်ပေါင်းသင်းဆက်ဆံခြင်းမျိုးမပြုအပ်။ ရိုးသားမှန်ကန်သောပေါင်းသင်းဆက်ဆံရေးသာ ဖြစ်အပ်သည်။

## ၄၆။ ဘုရားမှတ်၍ကိုးကွယ်ပါ၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိ

**ဆိုလိုရင်း။** ။ကိုးကွယ်အပ်သူ အမွန်အမြတ်ထင်မှတ်ပြီး ဆည်းကပ်နေရာမှ ဇာတိရင်းကို တွေ့ရှိလိုက်ရမှသာ လူဆိုး လူညံ့ လူဖျင်းမှန်းသိရခြင်း။

**ရှင်းလင်းချက်။** ။တောင်ပို့မှာ ဘုရားစေတီသဏ္ဌာန်ဖြစ်နေသဖြင့် ဘုရားမှတ်ပြီး ကိုးကွယ်နေရာ၊ ဖွတ်ထွက်လာမှ တောင်ပို့မှန်းသိရတော့သည်။



**အကျိုးသက်ရောက်ပုံ။** ။တရင်းတနှီး ပေါင်းသင်းဆက်ဆံမည်ပြုလျှင် သို့မဟုတ် ဆည်းကပ်ကိုးကွယ်မည်ဆိုလျှင် ရင်းမြစ်အစစ်အမှန်ကိုသိအောင်ပြုရသည်။

## ၄၇။ မကတတ်တော့၊ ဖျာအပြစ်တင်

**ဆိုလိုရင်း။** ။မိမိအပြစ်ကို တခြားသူအပေါ် ပုံချခြင်း။

**ရှင်းလင်းချက်။** ။ကတတ်သူသည် ကဟန်ကိုသရုပ်ဖော်ယင်း၊ ခြေဖျားဖြင့် ထဘီနားကို လှပစွာခတ်ပြနိုင်စွမ်း၏။ မကတတ်သူသည် ခြေဖျားဖြင့် ထဘီအနားကို မခတ်လိုက်သည့်အခါ ထဘီနှင့် ထွေးတုပ်လဲသွားတတ်၏။ ဖျာစနှင့် ငြိတွယ်လဲသွားတတ်၏။ ဤသို့ အဆင်မပြေဖြစ်သည့်အခါ မိမိမကျွမ်းသည်ကိုဝန်မခံပဲ ဖျာကိုအပြစ်ပုံချသည်။ ထိုအတူလူအချို့သည် မိမိမတတ်ကျွမ်းသဖြင့် အမှားမှား အယွင်းယွင်းဖြစ်လျှင် မိမိအပြစ်ကို သူတပါးအပေါ် ပုံချတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိအပြစ်ကို မြင်အောင် ရှုပြီး၊ တတ်ကျွမ်းအောင် လေ့လာခြင်း၊ တိုးတက်အောင် အားထုတ်ခြင်းပြုရသည်။

## ၄၈။ မခေါ်ပဲမသွားနှင့်၊ မကျွေးပဲမစားနှင့်

**ဆိုလိုရင်း။** ။မိမိအားမဖိတ်ခေါ်ပဲ အလည်အပတ်မသွားရန်၊ မိမိနှင့်မသင့်သော အစာကိုမစားရန်။

**ရှင်းလင်းချက်။** ။မခေါ်ပဲသွားလျှင် ထိုသူ၌ အလုပ်ကိစ္စအများအပြားရှိနေပါက မိမိကြောင့် အနှောင့်အယှက်ဖြစ်တတ်သည်။ မိမိအား ဧည့်ဝတ်ပျူငှာမပြုစုနိုင်သည့်အတွက် မိမိမှာလည်း စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ထို့ကြောင့် မခေါ်ပဲသွားသည့်ကိစ္စသည် နှစ်ဦးနှစ်ဘက်စလုံး၌ စိတ် စနောင့်စနင်း ဖြစ်ရခြင်းများ အဆင်မပြေမှုများ ဖြစ်တတ်ချေသည်။ ထို့တူ မိမိနှင့် မသင့်သောအစာကို စားချင်ဇောကြောင့် စားမိချေကလည်း အန္တရာယ်ဖြစ်တတ်ပေသည်။

8 U P.—S. 193—20000—14-10-80. M. M.

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။လည်ပတ်မှု၊ စားသောက်မှုကိစ္စများ၌ သတိလက်လွှတ်မပြုအပ်။ သွားသင့်၊ စားသင့်သည့်အမှုများကို ဉာဏ်ဖြင့်ဆင်ခြင်၍ သွားအပ်၊ စားအပ်ရာသည်။

## ၄၉။ မပြည့်တဲ့အိုး၊ ဘောင်ဘင်ခတ်

**ဆိုလိုရင်း။** ။အနှစ်မပြည့်သောလူများ၏သဘာဝကို ဆိုပေသည်။

**ရှင်းလင်းချက်။** ။ရေပြည့်အိုးကို ခေါင်းပေါ်၌ရွက်ရွက်၊ ပုခုံးပေါ်၌ ထမ်းထမ်း၊ အိုးတွင်းရှိရေသည် မလှုပ်မရှား တည်ငြိမ်နေတတ်သည်။ ရေမပြည့်အိုးကို သယ် ရွက် လာလျှင်မူ အိုးတွင်းရှိရေများ ဘောင်ဘင်ခတ်နေတတ်ပေသည်။ ထို့အတူ လူများ၌လည်း အနှစ်သာရမပြည့်သူများသည် အနည်းငယ်မျှ တတ် သိလျှင်၊ အလွန် တတ် သိ လှပြီဟု အထင်ရောက်တတ်ကြသည်။ ရာထူး၊ ဥစ္စာ၊ စည်းစိမ်အရာ၌လည်း အလားတူပင်ဖြစ်၏။ အလွန်ဆင်းရဲရာမှ အတော်အသင့်ချမ်းသာလာလျှင်၊ ရာထူးနိမ့်ဘဝမှ ရာထူးလက်ကိုင်ဖြစ်လာလျှင် ထောင်လွှားဝင့်ကြွားတတ်ကြပေသည်။ အချို့မှာမူ မိမိဘဝကိုပင် မေ့လျော့သွားတတ်ကြပေသည်။စည်းစိမ်ဥစ္စာရှင် ပညာရှိတို့မှုကား ဤသို့ထောင်လွှားဝင့်ကြွားခြင်းမျိုး မပြုတတ်မူပဲ ကြနေ့ရရ ရှိတတ်ကြပေသည်။ ဤပုဂ္ဂိုလ်နှစ်မျိုး၏အဖြစ်သည် ကွာခြားလှပေသည်။ ထို့ကြောင့် ရှေးပညာရှိလူကြီးသူမများက အနှစ်မပြည့်သူများကို ရေမပြည့်အိုးနှင့် နှိုင်းပြကြပြီး အနှစ်ရှိသူကိုမူ ရေပြည့်အိုးနှင့် ယှဉ်ပြကြလေ့ရှိပေသည်။ အနှစ်ရှိသောစပါးနှံသည် ငိုက်နေပြီးအနှစ်မရှိသောစပါးနှံသည် တလူလူထောင်နေတတ်သည်ဟူသော နီတိ ဆုံးမစာသည်လည်း အထက်ပါ စကားပုံနှင့် အလားတူပင် ဖြစ်ပေသည်။ အင်္ဂလိပ်စကားပုံ၌လည်း "Still water runs deep" ဟု ဆိုထားပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ထောင်လွှားဝင့်ကြွားပြီး ပြောဆိုပြုမူမိလျှင် ရေမပြည့်အိုးသာဓကကိုသတိရပြီး ဆင်ခြင်စေနိုင်သည်။ ဤသို့ဆင်ခြင်မိလျှင် ပတ်ဝန်းကျင်၏ ပြစ်တင်ကဲ့ရဲ့ခြင်းမှ ကင်းဝေးပြီး လူလိမ္မာ လူတော်တယောက် ဖြစ်လာနိုင်ပေမည်။



## ၅၀။ မရဲသော်လည်း၊ ပြေးခဲ့စေ

**ဆိုလိုရင်း။** ။မရဲသော်လည်း အလွယ်တကူမပြေးပါနှင့်။

**ရှင်းလင်းချက်။** ။အန္တရာယ်ကိုကြုံတွေ့ရသဖြင့် ကြောက်လန့်ခြင်း ဖြစ်မိစေကာမူ ရုတ်တရက်မပြေးသင့်။ အန္တရာယ်၏ အတိုင်းအဆ၊ အခြေအနေကို ဉာဏ်ဖြင့်သုံးသပ်ပြီး ပြေးသင့်မှပြေး၊ ဟန်ကိုယ့်ဖို့ရှိရန် ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်အမှုကိစ္စ၌မဆို ကြောက် ရွံ့ တွန့် ဆုတ်စိတ်ကို ပြင်ပအမူအရာတွင် မပေါ်လွင်စေပဲ ဣန္ဒြေဖြင့် ထိန်းချုပ်ပြီးမှ ဆောင်ရွက်ရာသည်။

## ၅၁။ မရှိတာထက်၊ မသိတာခက်

**ဆိုလိုရင်း။** ။အမှန်ကို မသိခြင်း၊ မသိတတ်ခြင်းသည် အခက်ဆုံးဖြစ်သည်။

**ရှင်းလင်းချက်။** ။လူ့လောက၌ ပစ္စည်းဥစ္စာမရှိသဖြင့် ဆင်းရဲခြင်းသည် အခက်အခဲကြီး ဖြစ်ချေသည်။ သို့သော်လည်း ဉာဏ်ပညာ အလိမ္မာရှိပါက တနေ့နေ့၌ ပစ္စည်းရှင်ဥစ္စာရှင် ဖြစ်လာနိုင်စရာ ရှိသည်။ မသိခြင်းမှာမူ ဆိုးရွားလှသည်။ အကောင်းအဆိုးကို ခွဲခြား၍ မသိခြင်း၊ မသိတတ်ခြင်းသည် ဉာဏ်ပညာ အခြေခံနုန့်နဲ့သည့်အတွက်ကြောင့် ဖြစ်ရာ အမှုကိစ္စအထွေထွေ အရာရာတိုင်း၌ အဆင်မပြေမှုများ ကြုံတွေ့ နေရပေမည်။ ထို့ကြောင့် မရှိသည်ထက် မသိသည်ကခက်ဟု ကရုဏာဒေါသောနှင့် အပြစ်တင်ခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မသိတတ်ခြင်းသည် လူမှုဆက်ဆံရေး၌ ကြီးမားသော အဟန့်အတားဖြစ်ပေရာ ယင်းသို့ မဖြစ်ရအောင် သတိပြုရှောင်ရှားရာသည်။ မသိသေးသည်များကိုလည်း သိအောင် အားထုတ်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၂။ မရှိတောင့်တ၊ ရှိကြောင့်ကြ

**ဆိုလိုရင်း။** ။ဥစ္စာပစ္စည်း ဟူသည် မရှိက လိုချင် တောင့်တနေကြပြီး ရှိပြန် ကလည်း ကြောင့်ကြ ရပြန်သည်။

**ရှင်းလင်းချက်။** ။ပစ္စည်းဥစ္စာဟူသည် လူ့စားဝတ်နေရေးအတွက်အခြေခံလိုအပ်ချက်ဖြစ်ရာ မရှိပါက လိုချင်တောင့်တ ကြပြန်သည်။ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသူများမှာလည်း ရှိသည့်အတွက် စိတ်အေးချမ်းစွာ မနေကြရ။ ခိုးသူ ဓားပြ စသည့်အန္တရာယ်ဘေးကို တစိုးရိမ်ရိမ်ဖြစ်နေရတတ်ပေသည်။ ထို့ကြောင့် စည်းပွားဥစ္စာဟူသည် ပူလောင်စေတတ်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။ဥစ္စာပစ္စည်း မရှိပါကလည်း တတောင့်တတ မဖြစ်အပ်လှသကဲ့သို့ ရှိသည့်အတွက်ကြောင့်လည်း ပူပူပင်ပင် မဖြစ်အပ်။ ဥစ္စာပစ္စည်း၏ ကျေးကျွန်မဖြစ်သင့်ပဲ လူ့ဘဝသည်သာ အဖိုးထိုက်တန်ကြောင်း နှလုံးသွင်းရာသည်။

## ၅၃။ မလျှော့ မတင်း၊ စောင်းကြိုးညင်း

**ဆိုလိုရင်း။** ။မည်သည့်ကိစ္စ၌မဆို အစွန်းနှစ်ဘက်ရှောင်ပြီး မဇ္ဈိမပဋိပဒါလမ်းဖြင့် လုပ်ဆောင်ရန်။

**ရှင်းလင်းချက်။** ။အစွန်းနှစ်ဘက်ဟူရာ၌ လျှော့လွန်းခြင်း၊ တင်းလွန်းခြင်းကို ဆိုပေသည်။ တင်းလွန်းလျှင်ပြတ်၊ လျှော့လွန်းလျှင်ပတ် ဟူသော ဤအစွန်းနှစ်ဘက်ပြ မြန်မာစကားပုံများလည်း ရှိ၏။ အစွန်းနှစ်ဘက်စလုံးသည် မကောင်းပေ။ မည်သည့်ကိစ္စ၌မဆို လျှော့လွန်းပြီး ဆောင်ရွက်လျှင်လည်း မအောင်မြင်နိုင်။ တင်းလွန်းပြီး ဆောင်ရွက်လျှင်လည်း မအောင်မြင်နိုင်။

**ဥပမာ။** ။စောင်းတီးသည့်အခါ စောင်းကြိုးကို တင်းပြီးဖြစ်စေ၊ လျှော့ပြီးဖြစ်စေ တီးလျှင် အသံမပြည်နိုင်။ မလျှော့မတင်း တီးမှသာ သာယာသော စောင်းသံဖြစ်ပေါ်လာနိုင်သည်။



**အကျိုးသက်ရောက်ပုံ။** ။မလျှော့လွန်း မတင်းလွန်းသော အလယ်အလတ်လမ်းစဉ်ဖြင့် ဆောင်ရွက်မှ အောင်မြင်နိုင်သည်ဟူသော အသိကိုရရှိပေသည်။

## ၅၄။ မသိမေး၊ မစင်ဆေး

**ဆိုလိုရင်း။** ။မသိလျှင်မေးပြီး မစင်လျှင် ဆေးကြောပစ်ပါ။

**ရှင်းလင်းချက်။** ။လူတိုင်းသည် အရာရာကို မသိစွမ်းနိုင်။ မိမိမသိသောအကြောင်းအရာ ကိစ္စရပ်များကို သိသူများထံမှ အခြေအနေ အခါအခွင့်ကိုလေ့လာ၍ မေးမြန်းဆည်းပူးသင့်သည်။ ယင်းသို့ မေးမြန်းရမည်ကို ရှက်ကြောက်စရာဟု မယူဆသင့်။ မစင်မကြယ် ဖြစ်နေပါကလည်း ရှိရင်းအတိုင်းမထားအပ်၊ မနေအပ်၊ ဆေးကြောပစ်ရာသည်။

**အကျိုးသက်ရောက်ပုံ။** ။မေးမြန်းခြင်းဖြင့် အသိပညာ ကြွယ်ဝလာပြီး တိုးတက်ကြီးပွားလာနိုင်သည်။ ဆေးကြောခြင်းဖြင့် သန့်ရှင်းပြီး ကျန်းမာရေးလာဘ်ကြီးကို ရရှိနိုင်သည်။

## ၅၅။ မိုးရွာတုန်း ရေခံ၊ လေလာတုန်း စပါးလှေ့

**ဆိုလိုရင်း။** ။အခွင့်အရေး ရတုန်းရခိုက်၌ ဆောင်ရွက်ဖွယ် ကိစ္စအရပ်ရပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ရန်။

**ရှင်းလင်းချက်။** ။မိုးရွာခိုက်မှာ ရေခံရသည်။ လေလာခိုက်မှာ စပါးအသိမ်အဖျင်းများကို လှေ့ထုတ်ရသည်။ ထို့အတူ လုပ်ဆောင်ဖွယ် ကိစ္စအဝဝကိုလည်း အခွင့်အခါ ကြုံခိုက်၌ လုပ်ဆောင်သင့်သည်။ အချိန်လွန် အခွင့်အရေး လွန်သွားပါမူ မလုပ်ဆောင်လိုက်ရလေခြင်းဟု နောင်တရတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အခွင့်အရေးသာခိုက်၌ အကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်ရန် အသိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၆ မိုးသောက်ကြက်တင်၊ နေဝင်စပါးလှန်း

**ဆိုလိုရင်း။** ။အချိန်လွန်မှ လုပ်ဆောင်ခြင်း။

**ရှင်းလင်းချက်။** ။ကြက်ဟူသည် နေဝင် မိုးချုပ်စ ပြုလျှင် အိပ်တန်းတက်ပြီး မိုးသောက်လျှင် အိပ်တန်းမှဆင်းစမြဲဖြစ်သည်။ ထို့ကြောင့် မိုးသောက်မှကြက်ကိုအိပ်တန်းတင်ခြင်းမှာ အချိန်လွန်မှ လုပ်ဆောင်ခြင်းဖြစ်သည်။ နေရောင်ရှိခိုက် စပါးလှန်းရမည့်အလုပ်ကို နေဝင်မှလှန်းခြင်းသည် အချိန်လွန်မှလုပ်ဆောင်ခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အချိန်လွန်မှ လုပ်ဆောင်ခြင်းသည် တလွဲတချော်လုပ်ဆောင်ခြင်းဖြစ်ရာ အကျိုးမဲ့သာဖြစ်စေသဖြင့် သူ့အချိန်နှင့်သူ ပြီးမြောက်အောင်ဆောင်ရွက်ရသည်။

## ၅၇။ မိန်းမကောင်းပန်းပန်၊ တပွင့်တန်

**ဆိုလိုရင်း။** ။မိန်းမကောင်းသည် ပန်းတပွင့်နှင့်တင့်တယ်နေသည်။
တနည်း မျက်နှာမများ၊ လင်္ကာခြွေရှိနေသည်။

**ရှင်းလင်းချက်။** ။ပန်းတပွင့်ဟူသည် ခင်ပွန်းတယောက်ကို ဆိုသည်။ ထို့ကြောင့် မိန်းမကောင်းဟူသည် မျက်နှာမများသင့်၊ တယောက်အပေါ်မှာ သစ္စာစွဲမြဲပြီး လင်္ကာခြွေရှိဖို့လိုကြောင်း ယဉ်ကျေးသိမ်မွေ့စွာဖော်ပြသည့်အနက်ဖြင့်လည်း သုံးကြသည်။

**အကျိုးသက်ရောက်ပုံ။** ။အဖိုးတန် မြန်မာမိန်းမကောင်းများဖြစ်ရန် လမ်းညွှန်ထားသည်။



## ၅၈။ မုန်းစေလို ခံတွင်းလက်လေးသစ်၊ ချစ်စေလို ခံတွင်းလက်လေးသစ်

**ဆိုလိုရင်း။** ။နှုတ်ထွက်စကားအရေးကြီးပုံကို ဆိုလိုသည်။

**ရှင်းလင်းချက်။** ။လူ၏ခံတွင်းကို တိုင်းတာကြည့်လျှင် လက်လေးသစ်မျှသာရှိသည်။ လက်လေးသစ်မျှခံတွင်းသည် ချစ်နှစ်သက်ဖွယ် ပျော့ပျောင်းညင်သာသော စကားသံအပြောအဆိုကိုဖြစ်စေပြီး အချစ်လည်းပွားစေနိုင်သည်။ ကြမ်းကြုတ်ခက်ထန် မုန်းတီးရွံရှာဖွယ် အပြောအဆိုကိုဖန်တီးပြီး အမုန်းကိုလည်း ပွားစေနိုင်သည်။ လက်လေးသစ် မျှသော ခံတွင်းသည် မိမိနှင့်တကွ ပတ်ဝန်းကျင်တဝန်းလုံးသာယာအောင် သို့မဟုတ် ညစ်ညူးအောင်ပြုလုပ်နိုင်စွမ်းရှိသည်။ သာယာအောင်လုပ်ဆောင်လျှင် မိမိပင် အကျိုးခံစားရသည်။ အမုန်းဆိုလျှင်လည်း မိမိပင် ခံစားရသည်။ ထို့ကြောင့် ခံတွင်းသည်မိမိအတွက် ကောင်း ဆိုးကို ပြုနိုင်စွမ်းသည်။

**အကျိုးသက်ရောက်ပုံ။** ။ခံတွင်းလက်လေးသစ်ကြောင့် အမုန်းမဖက်၊ အချစ်သက်အောင် နှုတ်အပြောကို ထိန်းသိမ်းအပ်ကြောင်း သတိပြုစေသည်။

## ၅၉။ မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ

**ဆိုလိုရင်း။** ။မျက်နှာရှိ ဂုဏ်ရှိသူကို မျက်နှာလုပ်တတ်သည့်သဘော။

**ရှင်းလင်းချက်။** ။အလှူမင်္ဂလာစသည့် ထမင်းအကျွေးအမွေးပါသော အခမ်းအနားများ၌ ဧည့်ခံကျွေးမွေးသူတို့က မျက်နှာကြီးဂုဏ်ရှိသူများကိုသာ အထူးတလည် ဂရုစိုက်ပြီး ဟင်းဖတ်များများ ခပ်ထည့်ပေးတတ်ကြသည်။ မျက်နှာမွဲသူတို့ဘက်မှာမူ အဖတ်မပါ အရေချည်းသာရတတ်ကြသည်။ လောက၌ဖြစ်တတ်သည့်သဘောပြ စကားပုံဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မျက်နှာကြီးသူကို မျက်နှာလိုအားရ လုပ်လွန်းခြင်း၊ မျက်နှာငယ်သူကို လျစ်လျူရှုလွန်းခြင်း စသည့် တဘက်စောင်းနင်း ပြုမူခြင်းမျိုးမှာ နှစ်မြို့စရာမဟုတ်သဖြင့် ဆင်ခြင်ဖွယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၆၀။ မြင်းစီးလို့ အထီးမှန်း အမမှန်းမသိ**

**ဆိုလိုရင်း။** ။အလုပ်တခုကို လုပ်သာနေသော်လည်း လုပ်ငန်းအကြောင်းကို သတိမပြုမိခြင်း။

**ရှင်းလင်းချက်။** ။မြင်းကိုစီးလာသော်လည်း မိမိစီးလာသောမြင်းသည် အထီးလား အမလားဟူ၍ ဂါတိမထားမိခြင်း။

**အကျိုးသက်ရောက်ပုံ။** ။မိမိလုပ်နေသော အလုပ်အကြောင်းကိုမသိပါမူ သူတပါး ကဲ့ရဲ့ဖွယ်ဖြစ်ပြီး မိမိ၏ညံ့ဖျင်းပုံကိုပါ ဖော်ပြရာရောက်သဖြင့် မိမိအလုပ်ကို သေချာဂန သိအောင် အားထုတ်ရာသည်။

**၆၁။ မှန်ကင်းတလှည့်၊ ထင်းတလှည့်**

**ဆိုလိုရင်း။** ။နိမ့်ချည်မြင့်ချည် ဖြစ်တတ်သောလောကဓံသဘောကို ပြသည်။

**ရှင်းလင်းချက်။** ။ရာဇပလ္လင်ဥကင်၏အထွတ်၌ တပ်ဆင်ထားစဉ်က မှန်ကင်းသည် အထွတ်အမြတ်ဖြစ်သော်လည်း ရာဇပလ္လင်ဥကင်မှ အကြောင်းကြောင်းကြောင့် ဖြုတ်ထုတ်လိုက်သောအခါ တန်ဖိုးမကြီးသည့် မီးဆိုက်ရသော ထင်းဖြစ်သွားရသည်။ ထို့အတူ လူ့လောက၌ တကြိမ်တခါ၌ အထွတ်အမြတ်သို့ရောက်နေသော်လည်း တကြိမ်တခါ၌ နိမ့်ပါးကျဆင်းသွားတတ်သည်။ လာဘ်ရရာမှ မရခြင်း၊ ချမ်းသာရာမှဆင်းရဲခြင်း၊ ချီးမွမ်းခံရရာမှ ကဲ့ရဲ့ခံရခြင်း ဟူသော လောကဓံရှစ်ပါးကို အလှည့်အလည် ကြုံတတ်ကြရာ၌ အထက်ပါ သာဓကဖြင့် ခိုင်းနှိုင်းလေ့ ရှိကြသည်။

**အကျိုးသက်ရောက်ပုံ။** ။လောကဓံနှင့်ကြုံပါက မရပ်မတည်နိုင်အောင် တုန်လှုပ်ချောက်ချားခြင်း မဖြစ်စေသင့်။



**၆၂။ ရေများရေနိုင်၊ မီးများမီးနိုင်**

**ဆိုလိုရင်း။** ။အင်အားကြီးသည့်ဘက်မှ အနိုင်ရတတ်ခြင်း။

**ရှင်းလင်းချက်။** ။ရေများလျှင် မီးကိုငြိမ်းနိုင်ပြီး မီးများပြီး ရေနည်းပါက ရေကိုနိုင်ပြီး မီးလောင်အား ကြီးမည်။

**အကျိုးသက်ရောက်ပုံ။** ။အများကအနည်းကို အနိုင်ရတတ်ပေရာ၊ အများက အနည်း၏ဆန္ဒသဘောထားကို လျစ်လျူမပြုအပ်။ အနည်းကိုလည်း အလေးပြုရာသည်။

**၆၃။ ရွာနားမြက် ရွာနွားမစား**

**ဆိုလိုရင်း။** ။မိမိအနီးပတ်ဝန်းကျင်ရှိအရာများကို အထင်မကြီးတတ်ခြင်း။

**ရှင်းလင်းချက်။** ။ရွာနွားသည် မိမိရွာအနီးပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော မြက်များကို အကောင်းဟုမထင်သဖြင့် မစား။ အခြားရပ်ဝေးဒေသရှိ မြက်ကိုသာ ကောင်းနိုးထင်ပြီး တကူးတကသွား၍ စားတတ်သည်။ ထိုနည်းတူ လူတို့သည်လည်း မိမိပတ်ဝန်းကျင်ရှိ အကောင်းအမွန်အမြတ်များကို ကောင်းမွန်သည်ဟု မထင်။ လူတော်ဆိုလျှင်လည်း တော်သည်ဟုမထင်တတ်ကြ။ ရပ်ဝေးဒေသမှလူများ၊ အရာများကိုကောင်းသည်ဟုထင်ပြီး ချီးမွမ်းကြ၊ အသုံးချတတ်ကြသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်ကိစ္စမဆို ဌာနဒေသစွဲဖြင့်မရှုအပ်။ ပကတိရှိရင်းစွဲအတိုင်း သုံးသပ်ရှုမြင်ပြီး အသုံးချရာသည်။ ချီးမွမ်းရာသည်။

**၆၄။ ရွှေထုံးပယ်ကလဲ့၊ ဈေးသုံးလွယ်ကမဲ့**

**ဆိုလိုရင်း။** ။ရွှေထုံးကိုအလွယ်တကူ မစွန့်ပယ်ရန်၊ ဈေးသုံးကိုလက်မလွယ်ရန်။

**ရှင်းလင်းချက်။** ။ရှေးအစဉ်အလာ ထုံးစံ ပုံစံ များ သည် ရှေးလူကြီးများ၏ နှစ်ပေါင်းများစွာသော အတွေ့အကြုံများမှ ပေါက်ဖွားလာခြင်းဖြစ်ရာ သူ့အတိုင်းအတာ

9 U.P.—S. 193—20000—1⁴—10—80. M. M

www.burmeseclassic.com



အလျောက် မှန်ကန်ခြင်း၊ တန်ဖိုးကြီးခြင်းများ ရှိပေသည်။ ထို့ကြောင့် ရှေးထုံးကို အလွယ်တကူ မစွန့်ပယ်သင့်ပေ။ ထို့အတူ ဈေးသုံးကို အလွယ်တကူသုံးစွဲပါကမှန်နိုင်သဖြင့် စည်းကမ်းတကျ ချင့်ချိန်ပြီးသုံးစွဲရသည်။

**အကျိုးသက်ရောက်ပုံ။** ။ခေတ်သစ်ဆိုတိုင်း အကောင်း၊ ခေတ်ဟောင်းကဆိုတိုင်း မကောင်းဟု မယူရ။ ခေတ်ဟောင်းကအကောင်းများကိုလည်း ဆက်လက်သုံးစွဲရသည်။ ဈေးသုံးကိုလည်းသတိပြုရသည်။

## ၆၅။ ရွှေအကြောင်း ဖယောင်းမှသိ၊ လူအကြောင်း ပေါင်းမှသိ

**ဆိုလိုရင်း။** ။လူအကြောင်းကို အနီးကပ်ပြီးပေါင်းသင်းလေ့လာကြည့်မှသာ သိနိုင်သည်။

**ရှင်းလင်းချက်။** ။မှတ်ကျောက်ရှိရွှေဖြစ်စေ၊ ရုပ်တုတော်များမှရွှေဖြစ်စေ ပျားဖယောင်းဖြင့် သုတ်လိမ်းဆွဲယူသည့်အခါ ရွှေသည် ပျားဖယောင်း၌ ကပ်ပါလာသည်။ ယင်းပျားဖယောင်းကို အရည်ကျိုပြီး ရွှေကိုထုတ်ယူရသည်။ ထို့ကြောင့် တစုံတခုမှ ရွှေကို ပျားဖယောင်းဖြင့်ကပ်ပြီးခွာယူလျှင် ပါလာစမြဲဖြစ်သည်။ ရွှေအကြောင်းကို ပျားဖယောင်းကသိပြီး လူအကြောင်းကို ပေါင်းကြည့်မှ သိနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။လူတဦးတယောက်ကို အနီးကပ် လေ့လာပေါင်းသင်းကြည့်မှသာ စရိုက်အစစ်အမှန်ကို သိနိုင်သည်။

## ၆၆။ လူကိုယုံလည်း၊ စကားကုန်မပြောနှင့်

**ဆိုလိုရင်း။** ။လူကိုယုံကြည်ရသော်လည်း စကားကိုမူ အကုန်မပြောရန်။

**ရှင်းလင်းချက်။** ။လူ့ဘဝအတွေ့အကြုံမှ ပေါက်ဖွားလာသော စကားပုံဖြစ်သည်။ လူဟူသည် ယုံကြည်ရသူ မယုံကြည်ရသူဟူ၍ အမျိုးမျိုးရှိရာ မယုံကြည်ရသူဖြစ်လျှင် လူကိုခင်သော်လည်း လျှို့ဝှက်အပ်သောစကားကို လုံးဝမပြောသင့်။ ယုံကြည်ရသူပင်ဖြစ်စေ



ဆင်ခြင်တိုင်းထွာပြီးမှ ပြောဆိုရပေမည်။ မိမိကယုံကြည်ရသူဖြစ်သော်လည်း လျှို့ဝှက်အပ်သောကိစ္စကို စကားကုန်ပြောမိသော် ထိုသူကမေ့လျော့ပြီးပြောမိလျှင် သို့မဟုတ် ပြောင်းလွဲတတ်သော လူ့သဘောကြောင့် စိတ်ပြောင်းပြီးပြောမိလျှင် လျှို့ဝှက်ကိစ္စသည် ပေါက်ကြားသွားနိုင်ပေသည်။ ထို့ကြောင့် လူကိုယုံသော်လည်း စကားကိုချန်သင့်သမျှချန်ပြီး ပြောရမည်ဟုဆိုလိုသည်။ မဟောသဓာဇာတ်တော်၌ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပက္ကုက် ဟူသော အမတ်ကြီးများသည် လျှို့ဝှက်အပ်သည့်စကားကို အချင်းချင်းပြောမိသဖြင့် ဒုက္ခရောက်ရသော သာဓကကိုတွေ့ရပေသည်။

**အကျိုးသက်ရောက်ပုံ။** ။လျှို့ဝှက်အပ်သောကိစ္စ၊ စကားဆိုလျှင် မည်သူ့ကိုမျှ ယုံပုံပြီးမပြောသင့်ဟူသောအသိကို ရပေသည်။

## ၆၇။ လူပြောမသန်၊ လူသန်မပြော

**ဆိုလိုရင်း။** ။အမှန်တကယ်အလုပ်လုပ်သူသည် အပြောမသန်။ အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေသူသည် တကယ်အလုပ်လုပ်သူမဟုတ်နိုင်။

**ရှင်းလင်းချက်။** ။လူသန်ဟူသည် ထက်သန်စွာအလုပ်လုပ်သူကိုဆိုလိုသည်။ အလုပ်ဟူရာ၌ ကာယ ဉာဏ နှစ်မျိုးစလုံး အကျုံးဝင်၏။ ကာယ သို့မဟုတ် ဉာဏအလုပ်ကို ထက်သန်စွာလုပ်နေသူသည် အလုပ်၌အာရုံစူးစိုက်နေသဖြင့်လည်းကောင်း၊ လုပ်ကိုင်နေယင်း လုပ်ကွက်များတခုပြီးတခု ပေါ်လာသဖြင့်လည်းကောင်း စကားများများ မပြောအားချေ။ ထို့ကြောင့် လူသန်သည် အပြောမသန်။ အပြောသန်သူမှာ အလုပ်ကိုစိတ်မဝင်စား၊ အပြောသာဖောင်နေသဖြင့် တကယ်လုပ်သူမဟုတ်နိုင်တော့ပေ။

**အကျိုးသက်ရောက်ပုံ။** ။အပြောသမားမဟုတ်၊ အလုပ်သမားဖြစ်အောင် ကြိုးစားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၆၈။ လူဖြောင့်စိတ်တို၊ လူချိုစိတ်ကောက်**

**ဆိုလိုရင်း။** ။လူဖြောင့်က စိတ်တိုတတ်ပြီး၊ လူချိုက စိတ်ကောက်တတ်သည်။

**ရှင်းလင်းချက်။** ။လူဖြောင့်နှင့်လူချိုတို့၏ လက္ခဏာကိုဖော်ပြသော စကားပုံဖြစ်သည်။ လူဖြောင့်ဆိုသည်မှာ မိမိစိတ်တွင်း၌ တစုံတရာအကွယ်အဝှက်မရှိ၊ စိတ်ရှိသမျှ ဘွင်းဘွင်းကြီးဖွင့်ပြောတတ်သူဖြစ်သည်။ လူချိုဆိုသည်မှာ စိတ်တွင်းခံစားရသမျှကို ဖွင့်ဟမပြော သိုမှီးထားတတ်သည်။ ထို့ကြောင့် လူဖြောင့်သည် ဒေါသဖြစ်စရာရှိလျှင် ဟူးဟူးဒိုင်းဒိုင်း ဖြစ်ပြီး ပြေပျောက်သွားတတ်သည်။ လူချိုမှာမူ ဒေါသကို လွယ်လင့်တကူမပြတတ်သဖြင့် အတွင်းစိတ်၌ တအုံနွေးနွေးဖြစ်ပြီး မပြေပျောက်ရှိတတ်သည်။ ဤသည်ပင် လူချိုကို ကောက်တတ်သည်ဟု ဆိုခြင်းဖြစ်၏။

**အကျိုးသက်ရောက်ပုံ။** ။လူဖြောင့် လူချိုတို့၏ စရိုက်လက္ခဏာကို သိရှိရသည်။

**၆၉။ လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ပါး**

**ဆိုလိုရင်း။** ။လူမိုက် လူလိမ္မာတို့၏ သားသမီးများတွင် ဖြစ်တတ်လေ့ရှိသော လက္ခဏာကိုပြသည်။

**ရှင်းလင်းချက်။** ။မိဘဟူသည် သားသမီးများ၏လက်ဦးဆရာ၊ ရှေ့ဆောင်လမ်းပြသူများဖြစ်ရာ ဖခင်ကိုယ်တိုင်က မိုက်မဲနေပါလျှင် သားသမီးများမှာ သွန်သင်ဆုံးမည့်သူ မရှိသဖြင့် ရမ်းကားတတ်သည်။ လူလိမ္မာမူ မိမိသားသမီးများအား လိမ္မာယဉ်ကျေးအောင် သွန်သင်လေ့ရှိသဖြင့် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်လာတတ်သောသဘောရှိသည်။

**အကျိုးသက်ရောက်ပုံ။** ။သားသမီးများ မလိမ္မာလျှင် မိဘနာမည်ညှိုးစေသည်။ သားသမီးလိမ္မာလျှင် မိဘများဂုဏ် တက်စေသဖြင့် လူငယ်များ လိမ္မာယဉ်ကျေးရန် အသိပေးဆုံးမထားသည်။



**၀။ လူသွမ်းပန်းပန်တဟင်းငံ၊ လူလှပန်းပန်တပွင့်တန်**

**ဆိုလိုရင်း။** ။အကျင့်ပေါ့တန်သူတို့သည် မျက်နှာများတတ်၍ အကျင့်လှသူတို့မှာ ဣန္ဒြေနှင့်ပြည့်စုံကြသည်။

**ရှင်းလင်းချက်။** ။ဖော်ပြပါစကားပုံသည် အမျိုးသမီးများနှင့်ပတ်သက်၍ ဖြစ်တင် ...က်ချသည့်အနေဖြင့် သုံးလေ့ရှိပြီး မိန်းမသွမ်းနှင့်မိန်းမကောင်း၏ ခြားနားခြင်းကို ဖော်ပြ ...သည်။ လူသွမ်းသည် ဟင်းတအိုးချက်စာလောက်ပန်းပန်ပြီး လူလှသည် ပန်းတပွင့်နှင့် ...င့်တယ်နေပေသည်။ အထက်ပါစကားပုံသည် မိန်းမကောင်းပန်းပန် တပွင့်တန်မှာကဲ့သို့ ...က်ရိုက်အနက်၊ ဆင့်ပွားအနက်ဟူ၍ သုံးနိုင်သည်။ ဆင့်ပွားအနက်မှာမူ "ပန်းပန်" သည် ...ဉ်ကျေးဖွယ်ရာသုံးထားခြင်းဖြစ်ပြီး ခင်ပွန်းသည်ကို ဆိုလိုသည်။ ထို့ကြောင့် အကျင့်ပေါ့တန် ...တို့သည် ပန်းဝေနေသကဲ့သို့မျက်နှာများပြီး အကျင့်သိက္ခာရှိသူတို့မှာ ပန်းတပွင့် ...မဟုတ် ခင်ပွန်းတဦးနှင့်တင့်တယ်နေပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ပတ်ဝန်းကျင်မှ ချီးမွမ်းသော အကျင့်သိက္ခာရှိသူ လူလှ ...စ်ရအောင် ဆင်ခြင်၊ ကျင့်သုံးသင့်ပုံကို သတိပြုစေသည်။

**၁။ လယ်ထွန်သွား နွားမေ့**

**ဆိုလိုရင်း။** ။လုပ်ငန်းတခုခု လုပ်ဆောင်ရန် သွားရာ၌ ထိုအလုပ်နှင့် အဓိက ပတ်သက်သော ပစ္စည်းတခုခုမေ့ကျန်ခဲ့၍ အပြစ်တင်ပြောဆိုခြင်း။

**ရှင်းလင်းချက်။** ။လယ်ထွန်ရာ၌ နွားသည်မပါမဖြစ်။ နွားမေ့ခဲ့ခြင်းဖြင့် လယ်ထွန် ...ကို ဆောင်ရွက်နိုင်တော့မည်မဟုတ်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏လုပ်ငန်းဆောင်တာနှင့် အဓိကသက်ဆိုင်ရာများကို ...မမေ့မလျော့ယူဆောင်ရန် သတိပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ လောဘကြီးစကားပို၊ ဒေါသကြီးစကားတို

**ဆိုလိုရင်း။** ။လောဘကြီးသူသည် စကားအပိုအမိုများပြောတတ်ပြီး ဒေါသကြီးသူသည် စကားကို တိုတောင်းစွာပြောဆိုတတ်သည်။

**ရှင်းလင်းချက်။** ။လောဘကြီးသူသည် သူတကာထက် ပိုပြီးလိုချင်မှုများသူဖြစ်ရာ မိမိလိုအင်ဆန္ဒများကို ရအောင်ကြံဆောင်ရာ၌ လောကွတ်ပျူငှာများစွာ ဆိုလေ့ရှိတတ်သည်။ ဒေါသကြီးသူမှာ စိတ်မရှည် သည်းမခံနိုင်သူဖြစ်ရာ စကားကို တိုတောင်းစွာပြောဆိုလေ့ရှိသည်။

**အကျိုးသက်ရောက်ပုံ။** ။လောဘ၊ ဒေါသကြီးလွန်းသူတို့၏ အမူအကျင့်များကို သိရှိရသည်။

## ၄၃။ လိုလျှင်ကြံဆ၊ နည်းလမ်းရ

**ဆိုလိုရင်း။** ။ဆန္ဒရှိ၍ ကြံစည်အားထုတ်လျှင် နည်းလမ်းရနိုင်သည်။

**ရှင်းလင်းချက်။** ။မည်သည့်အမှု အလုပ်ကိစ္စမဆို အခက်အခဲ အကျပ်အတည်းနှင့် တွေ့ကြုံနေရလျှင် စိတ်ပျက်လက်လျှော့ပြီး လမ်းဆုံးပြီဟု မယူဆသင့်။ ထိုအကျပ်အတည်းမှ လွတ်မြောက်ရေးအတွက် ကြံစည် အားထုတ်ပါ။ နည်းလမ်းကောင်းများကို ရပြီး အကျပ်အတည်းမှ ထွက်မြောက်နိုင်မည်။ မည်သို့မျှ ကြံစည်အားထုတ်ခြင်း မပြုပဲ စိတ်ပျက်လက်မှိုင်ချနေပါမူ အကျပ်အတည်း အခက်အခဲသည် ပိုမိုကြီးထွားလာနိုင်သည်။ လူ့လောက၌ ပြဿနာ အထွေထွေ ရင်ဆိုင်တွေ့ကြုံကြရပေရာ ပြဿနာ၏ ထွက်ပေါက်ဖြစ်သော စိတ်ဆန္ဒအရင်းခံနှင့် ကြံဆခြင်းအားဖြင့် အခက်အခဲဟူသမျှ ကျော်လွှားအောင်မြင် သွားနိုင်ပေမည်။

**အကျိုးသက်ရောက်ပုံ။** ။အခက်အခဲကြုံရလျှင် စိတ်မလျှော့ပဲ ကြံစည်အားထုတ်ခြင်းဖြင့် အောင်မြင်နိုင်သော နည်းလမ်းကောင်းများကို ရရှိနိုင်သည်။



## ၄၄။ လိုလျှင်ရစေ၊ ကြိုးနှယ်ခွေ

**ဆိုလိုရင်း။** ။အလိုရှိသည့်အခါ အဆင်သင့် အသုံးပြုနိုင်ရန် အရာရာကို ဆည်းပူးစုဆောင်းထားပါ။

**ရှင်းလင်းချက်။** ။ကြိုးများကို အသုံးမလိုသေးသည့်အခါ အထပ်လိုက်ခွေပြီး သိမ်းဆည်းထားရမည်။ ဤသို့ စနစ်တကျ သိမ်းဆည်းထားခြင်းဖြင့် အသုံးလိုသည့်အခါ အသင့် အသုံးပြုနိုင်မည်။ ထို့အတူ ပညာဗဟုသုတ ဥစ္စာပစ္စည်း အသုံးအဆောင် အစရှိသည်များကိုလည်း ဆည်းပူးစုဆောင်း ထားရာသည်။ သို့မှသာ အသုံးလိုသည့်အခါ အလွယ်တကူ ထုတ်ယူသုံးနိုင်မည်။

**အကျိုးသက်ရောက်ပုံ။** ။ပညာဗဟုသုတ ဥစ္စာပစ္စည်းအစရှိသည်များကို အစဉ်ဆည်းပူးစုဆောင်းရာသည်။

## ၄၅။ လက်ဆောင်ထိုး၊ နွားသိုးတောင်မငွေ

**ဆိုလိုရင်း။** ။လက်ဆောင်သည် တိရစ္ဆာန်ဆိုးကိုပင်လျှင် ဟန့်တားနိုင်စွမ်း ရှိသည်။ (တနည်း) လက်ဆောင်၏ စွမ်းပကား ထက်မြက်ပုံကို ဆိုသည်။

**ရှင်းလင်းချက်။** ။လက်ဆောင်သည် လူဘိုင်း၏သည်းခြေကြိုက် ဖြစ်တတ်သည်။ မြင်ကရာ ဝှေ့ချင်နေသော နွားသိုးကိုပင် လက်ဆောင်ထိုးပါက မတိုးမဝှေ့ ဖြစ်သွားစေလောက်သည်။ နွားသိုးဟူသည် သင်းမကွပ်ရသေးသဖြင့် ရိုင်းနေသော နွားကို ဆိုသည်။

**အကျိုးသက်ရောက်ပုံ။** ။ပေးကမ်းခြင်းဖြင့် မိမိအလိုကျ ဖြစ်စေနိုင်သည်။

## ၄၆။ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ

**ဆိုလိုရင်း။** ။မိဘသည် သားသမီးများ၏ လက်ဦးဆရာ မည်ထိုက်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းချက်။ ။မိဘသည် သားသမီးများကို ငယ်စဉ်ကပင် မည်သို့ နေထိုင်စား သောက် ဆက်ဆံရမည် စသည့် လူ့ဘဝ၌ တတ်သိနားလည်ဖွယ်များကို ဦးစွာသွန်သင်ပြသ သူများ ဖြစ်ပေသည်။ သားသမီးများသည် ကျောင်း၌ ဆရာ့ထံမှ သင်အံလေ့ကျက်မှုများ မပြုမီ မိဘများထံမှ ကောင်းတုကိုယူ၍ ကောင်းရာကို နည်းမှီးကြရသည်။ ထို့ကြောင့် မိဘသည် သားသမီးများ၏ လက်ဦးဆရာမည်ထိုက်ပေ၏။

အကျိုးသက်ရောက်ပုံ။ ။ကလေးဘဝသည် ဖော့ဖယောင်းပမာ ပျော့ပျောင်း လှသည့် အရွယ်ဖြစ်ရာ လိုရာကိုပုံသွင်းနိုင်သော အချိန်ဖြစ်သည်။ ငယ်စဉ်က သင်ပေး လိုက်သော အလေ့အကျင့်များသည် ကြီးသည်အထိ စွဲမြဲသွားနိုင်ပေသည်။ ထို့ကြောင့် ကလေးဘဝသည် အလွန်အရေးကြီးလှသည်။ ထိုသို့ နုနယ်သော ကလေးဘဝငယ်စဉ်မှစ၍ မိဘများသည် လူ့ကျင့်ဝတ်၊ ပြည်သူ့ကျင့်ဝတ် စသည်များကို စွဲမြဲသွားအောင် သွန်သင် ပေးသင့်သည်။ သားသမီးများကလည်း မိဘများ၏ ကျေးမွေးစောင့်ရှောက်သော ကျေးဇူး သာမက ဆုံးမပဲ့ပြင်သော ကျေးဇူးကိုပါ အထူးတင်ရှိအပ်လှသည်။

## ၄၇။ လင်နှင့်မယား၊ လျှာနှင့်သွား

ဆိုလိုရင်း။ ။လင်မယားဟူသည် အစဉ်နီးနီးကပ်ကပ် နေထိုင်ကြရသဖြင့် မကြာ ခဏ မသင့်မတင့် ဖြစ်တတ်သည်။

ရှင်းလင်းချက်။ ။လျှာနှင့်သွားသည် နီးနီးကပ်ကပ် ရှိနေသဖြင့် လျှာသည် သွားနှင့် လွတ်သည့်အခါလည်း ရှိ၏။ သွား၏အကိုက်ကို ခံရသည့်အခါလည်း ရှိသည်။ ထိုနည်းတူ လင်နှင့်မယားမှာလည်း အစဉ်နီးနီးကပ်ကပ် နေထိုင်ကြရသဖြင့် ကတောက်ကဆတ်ဖြစ်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း စသည်များကို ကြုံရတတ်သည်။

အကျိုးသက်ရောက်ပုံ။ ။အိမ်ထောင်သည်ဘဝ၌ ခိုက်ရန်ပွားခြင်း၊ အဆင်မပြေ ဖြစ်ခြင်းများ ရှိတတ်ပေရာ တဦးနှင့်တဦး အကျိတ်အခဲ မထားပဲ ပြေပျောက်သည်းခံ အပ်သည်။



## ၄၈။ ဝန်နှင့်အား၊ မြားနှင့်လေး

ဆိုလိုရင်း။ ။မည်သည့်ကိစ္စမဆို လုပ်ငန်းနှင့် လုပ်မည့်သူတို့၏ အောင်မြင်ရေး ပမာဏ ညီညွတ်ပြေပြစ်ရန်လိုသည်။

ရှင်းလင်းချက်။ ။ဝန်ကလေးပြီး သယ်မည့်သူ အားနည်းနေပါက ဝန်ကို သယ် ဆောင်နိုင်မည် မဟုတ်။ မြားနှင့်လေးအရာမှာလည်း ပစ်မည့်မြား လေးလွန်းနေပါက လေး ကိုင်းသည် မြားတံ၏အလေးချိန်ကို တွန်းအားမရှိသဖြင့် လိုရာအရပ်သို့ မရောက်စွမ်းနိုင်။ မြားနှင့်လေး အားချင်းညီညွတ်ပြေပြစ်မှသာ ပစ်လိုရာသို့ ထိမှန်ပေမည်။

အကျိုးသက်ရောက်ပုံ။ ။လုပ်ငန်းနှင့် လုပ်မည့်သူတို့၏ အင်အားချင်း မျှပါမှ အောင်မြင်နိုင်သဖြင့် လုပ်ငန်းပမာဏနှင့် လုပ်မည့်သူ၏ အင်အားကို အစဉ်ချိန်ဆကြည့်ရ သည်။

## ၄၉။ သတိမမူ ဂူမမြင်၊ သတိမူက မြူကိုမြင်

ဆိုလိုရင်း။ ။သတိရှိခြင်းနှင့် မရှိခြင်း၏ကွာခြားလှပုံကို ပြသည်။

ရှင်းလင်းချက်။ ။လူတို့အတွေ့အကြုံမှ ပေါက်ဖွားလာသော စကားပုံဖြစ်သည်။ သတိမရှိသူသည် မိမိရှေ့ရှိ အလွန်ကြီးသော ဂူကိုပင် မမြင်ဘဲ နမော်နမဲ့ သွားလာတတ် ကြသည်။ သတိရှိသူသည် အလွန်သေးငယ်သော မြူမှုန်ကိုပင် မြင်နိုင်ကြသည်။ သတိရှိသူ သည် အရာရာကို မြင်တွေ့ကြားသိတတ်ပေရာ ဘဝ၌ အကျိုးထူးများ ရရှိခံစားနိုင်သည်။ သတိမရှိသူသည် အစစကို အမှတ်တမဲ့ပေါ့ပေါ့ ဆဆလုပ်ကိုင်၊ ပြုမူ၊ ဆောင်ရွက်တတ်သော ကြောင့် အကျိုးဆုတ်ယုတ်နိုင်ပေသည်။ ထို့ကြောင့် သတိတရားဟူသည် အမြဲရှိအပ်စွဟု နှလုံးမူသင့်သည်။

အကျိုးသက်ရောက်ပုံ။ ။သတိရှိခြင်းကြောင့် အကျိုးထူး ခံစားရတတ်ပြီး သတိ မရှိခြင်းကြောင့် အကျိုးဆုတ်ယုတ်တတ်သည့်အတွက် သတိရှိရန်ဂရုပြုသင့်သည်။ သတိရှိသူ ဘယောက်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်အပ်ပေသည်။

10 U.P.—S 193 - 20000—15-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



## ၈၀။ သားရေပေါ်အိပ်၊ သားရေနားစား

**ဆိုလိုရင်း။** ။ကျေးဇူးရှင်အား ကျေးဇူးမဲ့ပြုခြင်း။

**ရှင်းလင်းချက်။** ။ကျေးဇူးမဲ့ ပြုတတ်ခြင်းကို ပြစ်တင်ရှုတ်ချထားသော စကားပုံဖြစ်သည်။ ကျေးဇူးမဲ့ပြုတတ်သူကို ပညာရှိ သူတော်ကောင်းမှစ၍ မည်သူမျှမနှစ်သက် မလိုလားကြ။ မြန်မာတို့သည် သူ့ကျေးဇူးကို သိတတ်ခြင်း၊ ကျေးဇူးတုံ့ပြန်တတ်ခြင်း စသည့် ယဉ်ကျေးမှုကို အစဉ်တစိုက် သွန်သင်ဆုံးမလေ့ ရှိကြသည်။ ထို့ကြောင့် သာဓုနရတရား၌

(၁) မိမိနှင့်အတူမနေဖူး မသိဖူးသော်လည်း နေရာပေးခြင်း၊ ခဲဖွယ်ဘောဇဉ် တည်ကျွေးခြင်း စသောညွှေ့ဝတ်ကိုပြုပေအံ့၊ ကျေးဇူးရှိသူမည်ပြီး၊ သူကျင့်သကဲ့သို့ အစဉ်လိုက်ပြီးကျင့်ရမည်။

(၂) အကြင်သူ့အိမ်၌ တညမျှအိပ်၍ ထမင်း အဖျော်၊ ဥစ္စာ ပစ္စည်း အနည်းအများရဖူးလျှင် စိတ်ဖြင့်မျှ မပြစ်မှားအပ်။

(၃) သစ်ပင်ရိပ်ကိုခိုဖူးလျှင် သစ်ပင်ကို မချိုးသင့်ဟုဆိုသည်။ ထို့ကြောင့် မြန်မာတို့က ကျေးဇူးမဲ့ပြုသူကို ကဲ့ရဲ့၍ နှိမ့်ချပြစ်တင်ကြသည်။ သားရေပေါ်အိပ်ပြီး မိမိအိပ်သည့်သားရေ၏ အနားကိုစားသော၊ ဘာမျှမသိတတ်သော ခွေးနှင့် နှိုင်းပြထားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ကျေးဇူးရှိသူ၏ ကျေးဇူးမဲ့ကို မည်သည့်အခါမျှ မပြုမိအောင် သတိပြုစေသည်။

## ၈၁။ သားသမီးမကောင်း၊ မိဘခေါင်း

**ဆိုလိုရင်း။** ။သားသမီးမကောင်းလျှင် မိဘတွင်တာဝန်ရှိသည်၊ မိဘအပြစ်တင်ခံရသည်။



**ရှင်းလင်းချက်။** ။မိဘသည် သားသမီးကို ငယ်စဉ်ကတည်းက မကောင်းသည်ကို မြစ်တား၊ ကောင်းရာကို ညွှန်ကြားပြီး လိမ္မာအောင် သွန်သင်ဆုံးမရမည်။ ဤသို့ မဆုံးမသဖြင့် နောင် ကြီးပြင်းလာသည့်အခါ လူဆိုးလူမိုက်ဖြစ်ခဲ့ပါလျှင် မိဘများကိုပါ ထိခိုက်ပြီး အပြစ်တင်ခြင်း ခံရတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိဘများသည် သားသမီးများအား လူလိမ္မာလူကောင်းဖြစ်အောင် သွန်သင်နေရမည်။ သားသမီးများကလည်း မိမိမိုက်မဲလျှင် မိဘကိုပါ ထိခိုက်စေသဖြင့် မိဘသွန်သင်ရာကို နာခံအပ်လှသည်။

## ၈၂။ သိတိုင်းလည်း မဟာနှင့်၊ ရှိတိုင်းလည်း မပြနှင့်

**ဆိုလိုရင်း။** ။အပြောအဆို အနေအထိုင် ကျစ်လျစ်သိပ်သည်းရန်။

**ရှင်းလင်းချက်။** ။မိမိသိတိုင်းဖွင့်ဟမပြောသင့်၊ မေးမြန်းလာပါကလည်း အမေးနှင့်ထိုက်လျောက်သောအဖြေကိုသာ ပေးသင့်သည်။ သိတိုင်းပြောလျှင် အဖိုးတန်စကားများဖြစ်သော်လည်း အဖိုးမတန်ဖြစ်တတ်ချေသည်။ အချို့ကိစ္စများ၌ သိတိုင်းပြောသည့်အတွက် မိမိနှင့်မဆိုင်သော အမှုကိစ္စများသည် မိမိအပေါ် ရစ်ပတ်ပြီး အမှုများတတ်ချေသည်။ အချို့ကိစ္စများ၌ ယင်းသို့ပြောမိသည့်အတွက် သူတပါး၏အထင်အမြင်မှား အထင်အမြင်သေးခြင်း ခံရတတ်ချေသည်။ ထို့အတူပင် မိမိ၌ ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝလျှင် ရှိသလောက် ရှိသမျှ ထုတ်ဖော်မပြသင့်၊ ရှိကြောင်းသိလျှင် အချို့က ချေး ငှားချင်တတ်ကြသည်။ မရက မိမိ ပစ္စည်းနှင့်ပင် မိမိမှာ အမုန်းခံရတတ်သည်။ အချို့တရားမရှိသူများကလည်း အလိုလိုမနာလို ဖြစ်တတ် ကြပြန်သည်။ တဖန်အေးငြိမ်းမှုမရှိသည့်ကာလ၌ ရှိတိုင်းပြမိပါက မိမိအန္တရာယ်ကို မိမိက ဖိတ်ခေါ်ရာ ရောက်တတ်ချေသည်။ ထို့ကြောင့် အထက်ပါစကားပုံက အပြောအဆို အနေအထိုင် ကျစ်လျစ်ရန် မှာကြားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။သိတိုင်းမပြောမိရန်၊ ရှိတိုင်းမပြမိရန်။

www.burmeseclassic.com

www.burmeseclassic.com



**၈၃။ သူခိုးပြေးမှ ထိုးကွင်းထ**

**ဆိုလိုရင်း။** ။အချိန်လွန်ပြီးမှ အစွမ်းပြခြင်း။

**ရှင်းလင်းချက်။** ။အပြေးအခုန် ပေါ့ပါးဖျတ်လတ်စေသော ထိုးကွင်းမင်ကြောင် ဆေးထိုးထားသူသည် သူခိုးလာချိန်၌ ဆေးမင်ကြောင်ကိုပုတ်နှိုးသော်လည်း ဆေးမနိုးသဖြင့် အစွမ်းမပြနိုင်။ သူခိုးပြေးပြီးမှ ဆေးတန်ခိုးများထလာသည်။ ထိုနည်းတူ အချိန်လွန်ပြီးမှ မိမိအစွမ်းသတ္တိကို ထုတ်ဖော်ဝင့်ကြွား ပြောဆိုခြင်းမျိုးတွင်လည်း အထက်ပါစကားပုံကို သုံးနှုန်းတတ်ကြသည်။

**အကျိုးသက်ရောက်ပုံ။** ။အစွမ်းသတ္တိကို အချိန်ရှိခိုက်ပြသရန်။

**၈၄။ သဃ်ာအား၊ ဘုရားမဆန်သာ**

**ဆိုလိုရင်း။** ။အများ၏အားကို ခေါင်းဆောင်ပင် မလွန်ဆန်သာ။

**ရှင်းလင်းချက်။** ။မြတ်စွာဘုရားလက်ထက် ဝိနယစရနှင့် ဓမ္မကထိကတို့ ပဋိပက္ခ သည် ရဟန်းတော်များမှအစပြုပြီး ဒါယကာများအထိ ပျံ့နှံ့သွားလေရာ မြတ်စွာဘုရား သခင်သည် ပုလလဲတောသို့ ကြွရောက် သီတင်းသုံးနေတော်မူခဲ့သည့် ဗုဒ္ဓဝင်မှလာသော စကားပုံဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အများ၏အားသည် အနည်းကို လွှမ်းမိုးနိုင်စွမ်းသဖြင့် အများသည် အနည်း၏ ဆန္ဒသဘောထားကိုလည်း ဂရုပြုရာသည်။အားများတိုင်းမှန်သည်ဟု တသမတ်တည်းမယူဆသင့်။

**၈၅။ သစ်ကောင်းတပင်ကြောင့်၊ တောတခွင်ကြိုင်**

**ဆိုလိုရင်း။** ။တဦးတယောက်၏စွမ်းရည်သည် လူအများတွင် အကျိုးဖြစ်ထွန်း ခံစားရခြင်း။



**ရှင်းလင်းချက်။** ။သစ်ကောင်း တပင်ရှိသည့် အတွက် တောတခွင် တပြင်လုံး အမွှေးရနံ့များ ပျံ့နှံ့သင်းကြိုင် နေတတ်သည်။ ထို့အတူ လူတဦးတယောက်၏ ထူးခြား ကောင်းမွန်သော အရည်အသွေးများသည် ထိုသူ့ပတ်ဝန်းကျင်ရှိ လူအများကိုပါ ဂုဏ်တက်ခြင်း၊ ကောင်းကျိုးခံစားရခြင်းများ ဖြစ်ထွန်းစေသည်။

**အကျိုးသက်ရောက်ပုံ။** ။တဦးတယောက်၏အကောင်း အဆိုးသည် မိမိနှင့် တကွ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုပါအကျိုးသက်ရောက်စေသည့်အတွက်မိမိကြောင့်ကောင်းကျိုး များ ဖြစ်ထွန်းစေသင့်သည်။

**၈၆။ သစ်မရှိခင်စပ်ကြား၊ ဝါးပေါင်းကွပ်**

**ဆိုလိုရင်း။** ။လိုသည့်အရာမရမီ ရသည့်ပစ္စည်းနှင့် အဆင်ပြေအောင် အသုံးပြု တတ်ရန်။

**ရှင်းလင်းချက်။** ။အဆောက်အအုံတခုလုပ်ရာ၌ အမှန်တကယ် သစ်ကိုအသုံးပြု ရမည်ဖြစ်သည်။ သို့သော် သစ်မရသည့်အတွက် လုပ်ငန်းကိုရပ်ဆိုင်းပြီး သစ်ရသည်အထိ စောင့်မျှော်မနေသင့်။ သစ်မရမီ ဝါးကိုအစားထိုး၍ လုပ်ငန်းပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်ရမည်။ ဝါးပေါင်းကွပ်ဟူသည်မှာ ဝါးကြမ်းခင်းသည့်အခါ ဝါးများဖရိုဖရဲမဖြစ် စေရန် ဝါးဖြင့်ညှပ်၊ နှီးဖြင့်ချည်တုပ်ထားခြင်းကို ဆိုသည်။ ထိုနည်းတူ အလုပ်တခု လုပ်ဆောင်ရာ၌ မည်သူရှိမှအလုပ်လုပ်၍ဖြစ်သည်ဟု မမှတ်သင့်။ ထိုလိုအပ်သူမရှိသော်လည်း သင့်လျော်သောတစုံတယောက်ကို အစားထိုးကာဆောင်ရွက်ရမည်။ အထက်ပါစကားပုံသည် အိမ်ထောင် တအိမ်ထောင်မှစ၍ ကိုင်းပြည်တဝန်းလုံးအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။လုပ်ငန်းခွင်များ၌ တစုံတယောက်လစ်လပ်မှုကြောင့် အလုပ်များရပ်ဆိုင်းခြင်း၊ နှေးကွေးသွားခြင်း စသည်များမဖြစ်စေပဲ အရှိန်မပျက်ဆက်လက် လုပ်ကိုင်နိုင်စေရန် နည်းပေးလမ်းညွှန်တရပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၈၇။ သံကိုကြွက်စား၊ သားကိုစွန်ချီ**

**ဆိုလိုရင်း။** ။အကောက်ကို အကောက်ဖြင့်တုံ့ပြန်ခြင်း။

**ရှင်းလင်းချက်။** ။ငါးရာ့ငါးဆယ်ဇာတ်တော်၊ ဒုကနိပါတ် ကူဋဝါဏိဇ ဇာတ်လာစကားပုံဖြစ်သည်။ ကူဋ = သံထွန်သွား၊ ကောက်ကျစ်သော၊ ဝါဏိဇ = ကုန်သည်ဟုဆိုလိုသည်။ ရှေးအခါက ရွာနေကုန်သည်တယောက်သည် သံထွန်သွားငါးရာကို မြို့နေကုန်သည်ထံအပ်ထား၏။ မြို့နေကုန်သည်မှာ ကောက်ကျစ်သူဖြစ်၍ သံထွန်သွားများကို ရောင်းစားပြီး ထိုနေရာ၌ ကြွက်ချေးတို့ကိုကြဲဖြန့်ထား၏။ ရွာနေကုန်သည်က လာတောင်းသော် ကြွက်စား၍ကုန်လေပြီဟု ကြွက်ချေးတို့ကိုပြ၏။ ရွာနေကုန်သည်ကလည်း မြို့နေကုန်သည်၏သားကို ရေဆိပ်သို့ခေါ်ဆောင်သွားပြီး စွန်ချီသွားပြီဟုဆို၏။ ယင်းအမှုတရားရုံးရောက်၍ စစ်မေးလေသော် ရွာနေကုန်သည်က သံကိုကြွက်စားနိုင်လျှင် သားကိုလည်း စွန်ချီနိုင်ပါသည်ဟု လျှောက်၏။ တရားသူကြီးလည်း ဤနေရာ၌ အကောက်ကိုအကောက်ဖြင့် ကြံစည်ခြင်းသည် သင့်၏ဟုဆိုပြီး သံထွန်သွားနှင့်သားကို ဆိုင်ရာအသီးသီးသို့ပြန်ပေးရန် ဆုံးဖြတ်လိုက်သည်။

**အကျိုးသက်ရောက်ပုံ။** ။အကောက်ကြံခြင်းဟူသည် မကောင်းမှုဖြစ်သော်လည်း မိမိအား ထိခိုက်နစ်နာအောင် အကောက်ကြံခံရသော် ယင်းနည်းတူတုံ့ပြန်ပြီး အမှန်သို့ရောက်စေရသည်။

**၈၈။ အကျဉ်းအကျပ်ကိုတွေ့မှ၊ အလေ့အကျင့်ကို သိရသည်**

**ဆိုလိုရင်း။** ။လူ၏ စိတ်ရင်း အခြေခံအမူအကျင့်တို့ကို အကျဉ်းအကျပ်တွေ့မှ သိရှိနိုင်ကြောင်း။ (တနည်း) အကျဉ်းအကျပ်သည် လူ၏ အလေ့အကျင့်ကို မှတ်ကျောက်တင်ရာဖြစ်သည်။

**ရှင်းလင်းချက်။** ။လူသည် မိမိ၏စိတ်ရင်းအမှန်ကို မထူးခြားသော သာမန်အချိန်များ၌ အသိဉာဏ်ပညာ အလိမ္မာ သတိ စသည်တို့ဖြင့် ဖုံးကွယ်ထားလေ့ရှိသည်။



ကြောက်တတ်သူသည် ကြောက်စိတ်ကို မကောင်းမှန်းသိ၍ ဖုံးထားသော်လည်း ကြောက်စရာ့ အရေးအခင်းနှင့် ရင်ဆိုင်တွေ့ကြုံရလျှင် မဖုံးကွယ်နိုင်တော့ပဲ မျက်နှာတွင် ဖြစ်စေ ကိုယ်နှုတ်အမူအရာအားဖြင့် ဖြစ်စေ ပေါ်လာတတ်စမြဲဖြစ်သည်။

**ဥပမာ။** ။ဘီမသေနဇာတ်လာ ရဲရင့်ဟန်ဆောင်နေသော စစ်သူကြီးဘီမသေနသည် စစ်မက်ကြီးနှင့် တွေ့ကြုံသောအခါ ကြောက်ဒူးတုန်ပြီး မူလဇာတိရုပ် ပေါ်လာခဲ့ရသည်။

စိတ်ရင်းကောင်းသူ မကောင်းသူတို့၏ သဘောလည်း ထို့အတူပင်ဖြစ်သည်။ လူတယောက်၏အလေ့အကျင့်သည် တကယ့်အခက်အခဲ ဘေးရန် အန္တရာယ်တို့နှင့် တွေ့ကြုံရသောအခါတွင် ပေါ်လာသည်။

**အကျိုးသက်ရောက်ပုံ။** ။အကျဉ်းအကျပ် အခက်အခဲသည် လူတို့၏ အလေ့အကျင့်များကို စစ်ဆေးရာ မှတ်ကျောက်ဖြစ်ရာ မှတ်ကျောက်တင်ခံနိုင်သူများဖြစ်အောင် ကြိုးစားသင့်သည်။

**၈၉။ အကြောင်းနတော်၊ တောင်ပေါ်ရေစီး**

**ဆိုလိုရင်း။** ။အကြောင်းတရားများ တော်သင့်တိုက်ဆိုင်လာသည့်အခါ ဖြစ်ခဲသော အကျိုးတရားများ ပေါ်ပေါက်လာတတ်သည်။

**ရှင်းလင်းချက်။** ။တောင်ပေါ်၌ ရေစီးရန်မှာ အလွန်ခက်ခဲလှသော်လည်း အကြောင်း တိုက်ဆိုင်လာပြီဆိုလျှင် တောင်ပေါ်မှာပင် ရေစီးနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။မဖြစ်နိုင်ဟု ထင်မှတ်ရသောအမှု ကိစ္စများ၌ ဉာဏ်လုံ့လစိုက်ထုတ်ပြီး လုပ်ဆောင်ပါက အကျိုးဖြစ်ထွန်း ပေါက်မြောက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**၉၀။ အစကောင်းမှ၊ အနှောင်းသေချာ**

**ဆိုလိုရင်း။** ။မည်သည့်အလုပ် အမှုကိစ္စကိုမဆို ကောင်းမွန်ကျနစွာအစပျိုးလုပ်ဆောင်ပါမှ နောင်အခါတွင် သေသပ်ကောင်းမွန်နိုင်ပေမည်။

**ရှင်းလင်းချက်။** ။အစပျိုးလုပ်ဆောင်ချက်များ မသေသပ်ပါမူ နောင်အကျိုးဆက်များမှာလည်း ပရမ်းပတာ မရေမရာ ဖြစ်သွားနိုင်ပေသည်။ အချိန်နှောင်းမှ ကောင်းမွန်သေချာအောင် ပြန်လည်လုပ်ဆောင်နေရပါလျှင် အချိန်ကုန်ခြင်း၊ အလုပ်နှောင့်နှေးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း အစရှိသည်များနှင့်လည်း တွေ့ကြုံရတတ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အစပျိုး အခြေတည် လုပ်ဆောင်ရာ၌ ကြန့်ကြာသည် အချိန်ကုန်သည်ဟူ၍ မသပ်မရပ် မသေမချာ မလုပ်သင့်။

**၉၁။ အစားမတော်တလုတ်၊ အသွားမတော်တလှမ်း**

**ဆိုလိုရင်း။** ။အနည်းငယ်မျှသော အစားအစာနှင့် အသွားအလာဖြင့်လည်း ဒုက္ခတွေ့နိုင်သည်။

**ရှင်းလင်းချက်။** ။အစား အဆင်မသင့်လျှင် တလုတ်တည်းဖြင့်လည်း အန္တရာယ်ဖြစ်တတ်သည်။

**ဥပမာ။** ။မသင့်သော မှိုစားမိခြင်းမျိုး။

အသွားအဆင်မသင့်လျှင် ခြေတလှမ်းဖြင့်လည်း ဒုက္ခဖြစ်တတ်သည်။

**ဥပမာ။** ။လှေကားပေါ်မှ အမှတ်တမဲ့ ဆင်းလိုက်သည့်အတွက် လိမ့်ကျပြီး ဒဏ်ရာအနာတရ ဖြစ်ရခြင်းမျိုး။

**အကျိုးသက်ရောက်ပုံ။** ။စားရာ၊ သွားရာ၌ သတိနှင့် ဆင်ခြင်ဉာဏ်ယှဉ်ပြီးပြုမူရသည်။



**၉၂။ အနာခံမှ၊ အသာစံရ**

**ဆိုလိုရင်း။** ။ယခု အနစ်နာခံပြီး လုပ်ဆောင်မှ နောင်အခါ အေးချမ်းစွာ စံစားရမည်။

**ရှင်းလင်းချက်။** ။ပညာတတ် ဖြစ်လိုသူသည် ချက်ချင်းဖြစ်လာနိုင်သည်မဟုတ်။ ငယ်စဉ်ကတည်းက အပတ်တကုတ် လေ့လာဆည်းပူးခဲ့မှသာ ပညာတတ် ဖြစ်လာမည်။ ဥစ္စာရှင်ဖြစ်လိုသူလည်း လုံ့လဝီရိယဉာဏ်ပညာ စိုက်ထုတ်ကြိုးစားပြီး ရှာဖွေစုဆောင်းမှ ပစ္စည်းရှင်ဖြစ်လာမည်။ ထို့ကြောင့် မည်သည့်ကိစ္စ၌မဆို အနစ်နာခံပြီး လုပ်ဆောင်မှသာ နောင်အခါ တင့်တင့်တယ်တယ် ချမ်းချမ်းသာသာ စံစားနိုင်မည် ဖြစ်သည်။ အထက်ပါစကားပုံသည် စိုင်ကော်လို ချူပေါ်ရောက်၊ မရှယ်ပဲနှင့် စော်ကဲမင်းဖြစ် ဟူသော စကားပုံများနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်လုပ်ငန်း အမှုကိစ္စ၌မဆို ပင်ပန်း ဆင်းရဲစွာ လုပ်ကိုင်နေရပြီဆိုလျှင် စိတ်ဆင်းရဲခြင်းမဖြစ်သင့်။ ထိုသို့ အပင်ပန်းခံ အနစ်နာခံဆောင်ရွက်ရမှုများသည် အလဟဿ မဖြစ်ပဲ တနေ့နေ့၌ အကျိုးခံစားရမည် ဖြစ်သည်ဟု သဘောပေါက် ခံယူနိုင်သည်။

**၉၃။ အတတ်များလျှင်ပေါ့၊ အပတ်များလျှင်လျော့**

**ဆိုလိုရင်း။** ။အတတ်များသည့်အတွက် ပေါ့သွားတတ်သည်။ ရစ်ပတ်ခြင်းများသည့်အတွက် လျော့သွားတတ်သည်။

**ရှင်းလင်းချက်။** ။အတတ်များလာသည့်အခါ မိမိကိုယ်ကိုတတ်သိပြီဟု အထင်ကြီးသွားသည့်အတွက် ပေါ့ပေါ့ဆဆလုပ်ဆောင်တတ်သည်။ တစုံတခုကို ကြိုးဖြင့်ရစ်ပတ်ရာ၌လည်း အပတ်များလွန်းသဖြင့် လျော့သွားတတ်သည်။

11 U.P.—S. 193—20000—15-10-80. M. M.

www.burmeseclassic.com



ဥပမာ။ လုပ်ငန်းတခုခုကိုဆောင်ရွက်ရာ၌ တဦးတယောက်တည်း တာဝန်ယူနေရသည့်အခါ အထူးဂရုပြု လုပ်ဆောင်တတ်သည်။ လုပ်ဆောင်သူများလာသည့်အခါ သူလုပ်နိုး ကိုယ်လုပ်နိုးဖြင့် လျော့သွားတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။တတ်သိပြီးဟုလည်း မပေါ့ရန်၊ အပတ်များသည့်အတွက်လည်း မလျော့ပဲပို၍ကောင်းအောင် ဂရုပြုရန် သတိပေးသည်။

BURMESE CLASSIC .com

## ၉၄။ အရေးကြီး သွေးနီးရာ

**ဆိုလိုရင်း။** အရေးကိစ္စကြုံလာလျှင် သွေးသားရင်းချာတို့သည် တစိမ်းထက်ပို၍ သံယောဇဉ်ရှိတတ်ကြသည်။

**ရှင်းလင်းချက်။** ။ဆွေမျိုးသားချင်းများသည် သာမန်အချိန်များ၌ တဦးနှင့်တဦး အခေါ်အပြော အဆက်အဆံနည်းပြီး အမှတ်တမဲ့နေတတ်ကြသော်လည်း၊ အရေးကိစ္စတစုံတရာကြုံလာပါက အချင်းချင်း ပေါင်းစည်းရိုင်းပင်းသွားတတ်ကြသော သဘောရှိသည်။ အထက်ပါစကားပုံသည် ဆွေမျိုးသားချင်း အသိုင်းအဝန်းမှအစပြု၍ မျိုးနွယ်တူတို့စုဝေးနေထိုင်ရာတိုင်းနိုင်ငံအထိ အသုံးပြုလေ့ရှိသည်။

**အကျိုးသက်ရောက်ပုံ။** ။ဆွေမျိုးသားချင်းများ၊ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများသည် အရေးကြုံလျှင် ရိုင်းပင်းသွေးစည်းကြခြင်းဖြင့် ရန်အသွယ်သွယ်ကိုအောင်မြင်နိုင်သည်။

## ၉၅။ အလိုကြီး အရနည်း

**ဆိုလိုရင်း။** ။လောဘကြီးက နည်းနည်းသာရတတ်သည့် သဘောကိုဆိုလိုသည်။

**ရှင်းလင်းချက်။** ။အလိုကြီးသူသည် လောဘဖုံးလွှမ်းမှုကြောင့် မသင့်သောအမှုကို ပြုမိတတ်၏။ မအပ်သောစကားကို ဆိုမိတတ်၏။ ယင်းသို့ ပြုမှား၊ ပြောမှား များပြားလာ ခြင်းဖြင့် စီးပွားဥစ္စာ လျော့ပါးသွားတတ် ချေသည်။ ထို့ကြောင့် လောဘဇောလွှမ်းလွန်းလျှင် အရနည်းတတ်လေသည်။



**အကျိုးသက်ရောက်ပုံ။** ။ပုထုဇဉ်မှန်လျှင် လိုချင်မှု ရှိတတ်ကြမြဲဖြစ်သော်လည်း အလွန်အကြူး လိုချင်တပ်မက်မှုမျိုးကား မဖြစ်ပွားရလေအောင် သတိသမ္ပဇဉ်ဉာဏ်ဖြင့် ထိန်းချုပ်ရာသည်။

## ၉၆။ အသားလိုလို့ အရိုးတောင်း

**ဆိုလိုရင်း။** ။မိမိလိုချင်သော ကောင်းမွန်သည့်အရာကို တိုက်ရိုက်မတောင်းပဲ အညံ့ပိုင်းကိုသာ ပရိယာယ်ဖြင့် လှည့်ပတ်တောင်းခံခြင်း။

**ရှင်းလင်းချက်။** ။အသားကို လိုချင်သည်မှန်သော်လည်း အသားကို မတောင်း၊ အသားနှင့်ဆက်သွယ်သောအရိုးကိုသာ တောင်းခံသည်။ ထို့အတူ တဦးတယောက်ထံမှ ပစ္စည်းအကောင်းအမွန်တစုံတရာကို အလိုရှိပါက ထိုအရာကိုတိုက်ရိုက်မတောင်းပဲ သွယ်ဝိုက်တောင်းခံခြင်းမျိုး၌ သုံးသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိလိုချင်သောအရာကို ပရိယာယ်ဖြင့် တောင်းခံသင့်သည်။ ပေးသူ၌စေတနာပေါ်ပါက အမွန်အမြတ်ဆုံးလည်းရနိုင်သည့်အတွက် ပေးသူ၏ စေတနာကို လှုံ့ဆော်ရုံ တောင်းခံအပ်သည်။

## ၉၇။ အစေ့းမြင်အသွင်သိ၊ အပွေးမြင်အပင်သိ

**ဆိုလိုရင်း။** ။လူ၏ပြင်ပသွင်ပြင်လက္ခဏာသည် လူ့အရည်အချင်းကိုပြသည်။

**ရှင်းလင်းချက်။** ။သစ်ပင်တွင် အမျိုးအစားလိုက်၍ အခေါက်အမျိုးမျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ ဟန်ကျည်းပွေး၊ သရက်ပွေး၊ မာလကာပွေး၊ ဩဇာပွေး အစရှိသည့် အပွေးများမှာ တမျိုးနှင့်တမျိုး မတူပေ။ ထို့ကြောင့် အပွေးမြင်ရုံဖြင့် မည်သည့်အပင်အမျိုးအစားဖြစ်ကြောင်းသိနိုင်သည်။ ထို့အတူ လူမှာလည်း ပြင်ပသွင်ပြင်လက္ခဏာများကို ကြည့်ခြင်းဖြင့် အရည်အသွေး အနိမ့်အမြင့် အတိမ်အနက်စသည်များကို ခန့်မှန်းနိုင်သည်။ အသွေးဟူသည် လူ၏အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အဝတ်အစား စသည့်လက္ခဏာများကိုဆိုသည်။ အသင်မှာ အသွင်သဏ္ဌာန်အမျိုးအစားကို ဆိုသည်။

**အကျိုးသက်ရောက်ပုံ**။ ။လူ့အရည်အသွေးကို အသွင်အပြင်ကြည့်ခြင်းဖြင့် အကဲခတ်နိုင်သည်။

**၉၈။ အိုးကမပူ စလောင်းကပူ**

**ဆိုလိုရင်း**။ ။ကာယကံရှင်ကမပူ မဆိုင်သူကပူနေခြင်း။

**ရှင်းလင်းချက်**။ ။မီးနှင့်တိုက်ရိုက်ထိတွေ့ရသော အိုးကမပူပဲ **မီးနှင့်ဝေးသော** စလောင်းက ပူနေသည်။ ထို့အတူ ပူပင်စရာတစုံတခုနှင့်ကြုံရလျှင် တိုက်ရိုက်ဆိုင်သူကမပူ၊ မဆိုင်သူက ပူပင်နေခြင်းမျိုး၌ အထက်ပါ စကားပုံကို သုံးကြသည်။

**အကျိုးသက်ရောက်ပုံ**။ ။ပူစရာကိစ္စကြုံလျှင် ကာယကံရှင်က ပူပူပင်ပင်လုပ်ဆောင်သင့်သည်။

**၉၉။ အိုးနှင့်ဆန် တန်ရုံ**

**ဆိုလိုရင်း**။ ။မိမိ၏အခြေအနေ အင်အားနှင့်တော်သင့်ရုံ လုပ်ဆောင်တတ်ရန်။

**ရှင်းလင်းချက်**။ ။မီးဖိုချောင်အတွေ့အကြုံမှပေါ် ထွက်လာသောစကားပုံဖြစ်သည်။ ထမင်းချက်ရာ၌ ဆန်ကိုအိုးနှင့်တန်ရုံသာခပ်ပြီး ချက်ရမည်။ တခွက်ဝင်သောအိုး၌ တပြည်



ထည့်ချက်လျှင် အိုးနှင့်ဆန် မတန်တဆဖြစ်ပြီး ထမင်းပျက်၊ အချိန်ကုန်စသည့် ဒုက္ခများကြုံရမည်။ထို့အတူ တပြည်ဝင်သောအိုး၌ဆန်တစလယ်သာ ထည့်ချက်လျှင်လည်း ဆန်မွှေရာ ထမင်းရည်ငှဲ့ရာ၊ ထမင်းနှပ်ရာ များ၌ အဆင်မပြေမှုများ ကြုံရမည်။ ထို့ကြောင့် ထမင်းချက်ရာ၌ အိုးနှင့်ဆန် တန်ရုံခပ်ဟု ရှေးလူကြီးသူမများက မှာကြားခဲ့ခြင်း ဖြစ်သည်။ အထက်ပါစကားပုံသည် ကိုယ့်အခြေအနေကို ချင့်ချိန်လုပ်ဆောင်တတ်ရန် ဆိုသည်။ မိမိ၌ ဥစ္စာပစ္စည်း မကြွယ်ဝပါပဲလျက် ချမ်းသာသူကိုတုပပြီး ကြွားဝါ လုပ်ဆောင်ခြင်းမျိုး၊ မိမိ၌ ပစ္စည်းအတော်အသင့်ရှိနေပါလျက် ဆင်းရဲသူကဲ့သို့ မစားရက်၊ မသုံးရက်၊ မပေးရက် ဖြစ်နေခြင်းမျိုးကို သတိပြုရမည်။ မိမိ၌မရှိပဲ ငွေးဝတ်ခြင်း၊ ရှိလျက်နှင့် စုတ်ပြတ်စွာဝတ်စားခြင်း မရှိပဲနှင့်အကြွေးတင်ခံပြီး ကြွားဝါနေထိုင်ခြင်း၊ ရှိလျက်နှင့် ဖျာစုတ်ခင်းနေခြင်း၊ မရှိပဲနှင့် ငွေးရမ်းလှူခြင်း၊ ရှိလျက်နှင့် တကျပ်တပြားမလှူရက်ခြင်း စသည်မျိုးများကို ဆင်ခြင်ရသည်။

**အကျိုးသက်ရောက်ပုံ**။ ။လူမှန်သမျှ လူမှုကိစ္စများတွေ့ကြုံရာ ကိုယ့်အခြေအနေမှန်ကို ရဲဝံ့စွာရှုမြင်ပြီး နေထိုင်တတ်ရန် သတိပြုရသည်။

**၁၀၀။ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်**

**ဆိုလိုရင်း**။ ။ဥစ္စာပစ္စည်း ရှိခြင်း၊ မရှိခြင်း၊ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဟူသည် ကံပေါ် မူတည်ပြီး အသက်ကိုမူ ဉာဏ်ဖြင့် စောင့်ထိန်းရသည်။

**ရှင်းလင်းချက်**။ ။ဥစ္စာပစ္စည်းဆိုသည်မှာ မိမိ၏ကံအလျောက်ဖြစ်တည်ယုတ်လျော့တတ်ပေသည်။ အသက်ဟူသည် ကံ၊စိတ်၊ဥတု၊အာဟာရ အကြောင်းများကြောင့် ရှည်ခြင်း၊ တိုခြင်း ဖြစ်တတ်လေရာ အသက်ကိုဉာဏ်ဖြင့် စောင့်ထိန်းရပေမည်။

**အကျိုးသက်ရောက်ပုံ**။ ။ဥစ္စာ၊ အသက်နှင့်ပတ်သက်၍ မည်သို့သဘောထားရမည်၊ စောင့်ရှောက်ရမည်ဆိုသည်ကို သတိပြုစေသည်။

www.burmeseclassic.com

# မြန်မာတိုင်းရင်းသားစကားပုံများ

## (၁) ဂျိန်းဖော့စကားပုံများ

ဂျိန်းဖော့မှာ ကချင်အနွယ်ဝင်ဖြစ်ပြီး ကချင်ပြည်နယ် ပူတာအိုခရိုင် တောင်ပေါ်နှင့် မြေပြန့်ဒေသများ၊ ဆွမ်ပရာဘုံမြို့နယ်၊ ကာမိုင်းမြို့နယ်၊ မိုးကောင်းမြို့နယ် ဆဒုန်းမြို့နယ် အနောက်တောင်ပိုင်းဒေသ ဗန်းမော်ခရိုင် ရွှေဂူမြို့နယ်၊ ‌စိန်လုံမြို့နယ်နှင့်မြစ်ကြီးနားခရိုင်တို့၌ နေထိုင်ကြသည်။ ဂျိန်းဖော့၏ အဓိပ္ပာယ်မှာ "အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသော လူများ" ဟု ဆိုလိုသည်။ ဂျိန်းဖော့တို့၏ မူရင်းဒေသသည် ဧရာဝတီမြစ် အထက်ပိုင်း မေခ နှင့် မလိခတို့ကြား မြောက်တရိဂံနယ်မြေဟု ဆိုနိုင်သည်။

အခြေခံအားဖြင့် ကချင်လူမျိုးတို့၏ လူမှုရေးစနစ်၌ အသေးဆုံး အဖွဲ့အစည်းသည် ဖသားစုဖြစ်သည်။ ဖသားစုအဖွဲ့အစည်းများကို စုပေါင်းလိုက်လျှင် အိမ်ထောင်စုများဖြစ်ကြသည်။အိမ်ထောင်စုများကိုပေါင်းလိုက်သည့်အခါ အမျိုးအနွယ်တနွယ်ဟူ၍ ခေါ်ဆိုပေသည်။

ဖသားစုတစု၌ ဖခင်သည် အိမ်ထောင်ဦးစီးဖြစ်၏။ ဖသားစုတစုမှာ မိဘနှစ်ပါးက ပေါက်ဖွားလာသော သားသမီးများပါဝင်သည်။ ယင်းသားသမီးများအနက် သားများသည် အရွယ်ရောက်သည့်တိုင် မိဘနှင့်အတူလက်ရည်တပြင်တည်း လုပ်ကိုင်စားသောက်နေထိုင်လေ့ ရှိကြသည်။ သမီးမိန်းကလေးများမှာ အိမ်ထောင်ကျသည်နှင့်တပြိုင်နက် ခင်ပွန်းသည်နောက် လိုက်သာသွားရပြီး ဖသားစုအဖွဲ့ဝင်အဖြစ်မှ ရပ်စဲသွားတော့သည်။

ကချင် ဖသားစုတစု၏ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများမှာ လင်ယောကျ်ားကသာ ဦးဆောင်လေ့ရှိ၏။ လင်ယောကျ်ားသည် မိမိ၏အိမ်တွင်းရေးကိစ္စများဖြစ်စေ လူမှုရေးဆိုင်ရာကိစ္စများဖြစ်စေ၊ ရပ်ရေး ရွာရေးကိစ္စများဖြစ်စေ ဇနီးဖြစ်သူ၏ အကြံပေး ချက်ထက် မိမိညီအစ်ကိုများ၏ အကြံပေးချက်ကို ပို၍အလေးထားသည်။ မိမိ၏သားသမီး



များကို တစုံတယောက်နှင့် လက်ထပ်ပေးလိုသည့်အခါ ဖခင်သည် မိမိ၏ညီအစ်ကိုမျိုးထဲမှ ဘကြီး ဦးလေးများကို ပထမခေါ်ယူဆွေးနွေးပြီး အကြံဉာဏ် တောင်းခံလေ့ ရှိသည်။ ထိုနောက်မှ ဇနီးသည်ကို ဖွင့်ဟပြောသည်။ ယေဘုယျအားဖြင့် ဆိုလျှင် ဇနီးသည်သည် လင်ယောကျ်ား၏ ညီအစ်ကိုမျိုးများပေးသော အကြံဉာဏ်ကို ပယ်ဖျက် နိုင်ခွင့်မရှိ၊ လင်ယောကျ်ား၏အဆုံးအဖြတ်နှင့် လုပ်ငန်းအစီအစဉ်များကိုပင် လိုက်နာရသည်။

### ၁၀၁။ စဉ်းစားလျှင်ငိုင်၊ လုပ်လျှင်နိုင်

**ဆိုလိုရင်း။** ။စဉ်းစားနေလျှင် အလုပ်မပြီး၊ လက်တွေ့လုပ်လျှင်ပြီးမည်။

**ရှင်းလင်းချက်။** ။အလုပ်များလွန်းလှသည်၊ လုပ်လို့ပြီးပါ့မလား၊ မည်သို့ လုပ်ရမည်နည်း စသည်ဖြင့် စဉ်းစားတွေးတောနေလျှင် အလုပ်မပြီးနိုင်။ စဉ်းစားနေမည့်အစား လုပ်စရာများကို တခုပြီးတခု ကောက်ကာကောက်ကာလုပ်သွားလျှင် တဖြည်းဖြည်းချင်း ပြီးစီးသွားမည်။ ခက်ခဲသောအလုပ်၊ လုပ်ငန်းသစ် စသည်များလည်း လုပ်ကိုင်ရင်းနည်းလမ်း ကောင်းများရှာဖွေတွေ့ရှိပြီး အောင်မြင်ပြီးစီးသွားမည်။ အထက်ပါစကားပုံသည် ဂျိန်းဖော့ လူမျိုးတို့၏ ထကြွလုံ့လရှိမှုကိုအားပေးသော လက်တွေ့ပါသည့် စကားပုံကောင်းတခု ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။လုပ်ငန်းမတွင်ကျယ်ပဲ စုပုံနေခြင်းသည် အမှန်တကယ် အလုပ်မလုပ်၍ဖြစ်ကြောင်း နားလည်သဘောပေါက်စေပြီး တွေးငေးနေမည့်အစား လက်တွေ့ လုပ်ရန် အရေးကြီးကြောင်း သတိရစေသည်။

### ၁၀၂။ ဇွဲကကျောရိုး၊ ဝီရိယမှာထမ်းပိုး

**ဆိုလိုရင်း။** ။ဇွဲနှင့်ဝီရိယကို အမာခံအဖြစ်ထားရှိရန်။

**ရှင်းလင်းချက်။** ။ကျောရိုးသည် လူ့ခန္ဓာကိုယ်၏အရေးကြီးသော အဓိကအစိတ် အပိုင်းဖြစ်သည်။ ကျောရိုးမခိုင်လျှင် သွားလာလှုပ်ရှားခြင်းမပြုနိုင်။ ထို့ကြောင့် ကချင်

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းဖော့တို့က ဇွဲ၏အရေးကြီးပုံကို ကျောရိုးနှင့်နှိုင်းပြပြီး ဇွဲကိုအမာခံထားရန် ဆိုလိုသည်။ ဝီရိယလည်း ထိုနည်းတူလိုအပ်သည်။ ထို့ကြောင့် ဝီရိယကိုပါ ထမ်းပိုးသဖွယ် ထမ်းရွက်ထားအပ်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။ဇွဲနှင့် ဝီရိယရှိလျှင် ကောင်းမြတ်သောစီးပွားချမ်းသာများကို ရရှိနိုင်ပေမည်။

## (၂) မရူ

မရူတို့သည် ကချင်အနွယ်ဝင် (၆) မျိုး၌ပါဝင်ပြီး အချင်းချင်းက "လောင်ဝေါ်"ဟု ခေါ်ဝေါ်ကြသည်။ လောခေါင်နယ်ခြားခရိုင်၊ ထောလန်တောင်အုပ်ပိုင်နယ်၊ မန်ကျီတောင်အုပ်ပိုင်နယ်၊ ချီပွေမြို့နယ်၊ ဆဒုန်းမြို့နယ်များ၌ အများဆုံးနေထိုင်ကြ၏။ ဗန်းမော်အရှေ့ဘက် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်၊ လားရှိုးနှင့် သိန္နီနယ်ကလျောက်မှ ကျိုင်းတုံတိုင်ပျံ့နှံ့နေထိုင်ကြသည်။

**၁၀၃။ ညီအစ်ကိုများကိုစွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းဖက်ခြောက်များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်**

**ဆိုလိုရင်း။** ။ညီအကိုများမှာ သွေးရင်းဖြစ်ကြသည့်အတွက် သံယောဇဉ် မပြတ်နိုင်ကြောင်း။

**ရှင်းလင်းချက်။** ။ဖော်ပြပါစကားပုံသည် ကချင်ဂျိန်းဖော့တို့၏ ဖသားစုစနစ်ကို ဖော်ညွှန်းနေပေသည်။ ကချင်တို့သည် ဖသားစုကို ဦးစားပေးသဖြင့် ဖော်ပြပါစကားပုံ၌ အဆိုပါသဘောကိုတွေ့ရ၏။ မြန်မာ၌ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်။ သားသမီးဆိုး စွန့်ပစ်ရိုးမရှိ ဟူသောစကားပုံကဲ့သို့ ဖြစ်သည်။ ကချင်ဂျိန်းဖော့တို့မှာမူ ညီအစ်ကိုများသည် မည်သည့်အကြောင်းကြောင့်မှ မစွန့်ပစ်နိုင်ကြောင်းကို ဆိုသည်။ ကချင်ပြည်နယ်ဟူသည် တောင်တန်း ချောက်ကမ်းပါးများ ထူထပ်သဖြင့် ပတ်ဝန်းကျင်ဒေသနှင့် လူနေမှုစနစ်မှ ပေါက်ဖွားလာသော စကားဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ညီအစ်ကိုများ သွေးမကွဲရန်နှင့် ကချင်ဂျိန်းဖော့တို့၏ ဖသားစုစနစ်ကို အစွန့်ရှည်အောင် အထောက်အကူပြုစေသည်။



**၁၀၄။ ခွေးကောင်းသည် လူကိုမဟောင်၊ လူကောင်းသည် သူတပါးအားမကဲ့ရဲ့**

**ဆိုလိုရင်း။** ။ကဲ့ရဲ့ခြင်းသည် လူကောင်း၏လက္ခဏာမဟုတ်ကြောင်း။

**ရှင်းလင်းချက်။** ။လူဟူသည် အပြစ်နှင့်မကင်းတတ်ကြရာ အပြစ်မြင်တိုင်းမကဲ့ရဲ့သင့်။ ကဲ့ရဲ့ခြင်းနှင့် အပြုသဘောဝေဖန်ခြင်းတို့မှာ ကွဲပြားသည်။ အပြုသဘောဝေဖန်ခြင်းသည် စေတနာကောင်းနှင့်ပြုပြင်ပေးခြင်းဖြစ်သည်။ ကဲ့ရဲ့ခြင်းမှာ မနာလိုစိတ်အရင်းခံနှင့် မစာနာ၊ မထောက်ထား၊ မချင့်ချိန် စိတ်ထင်သလိုစည်းကမ်းမဲ့ ပြောဆိုပြုမူခြင်းဖြစ်သည်။ ကဲ့ရဲ့တတ်ခြင်းကို လူမျိုးတိုင်းမနှစ်မြို့ကြ။ မရူတို့လည်းထိုအတူပင်။ ထို့ကြောင့် မရူတို့က ခွေးကောင်းသည်လူကိုမဟောင်၊ လူကောင်းသည်သူတပါးအားမကဲ့ရဲ့ ဟုဆိုခြင်းဖြစ်သည်။ ခွေးကောင်းသည် လူမြင်တိုင်းကိုမဟောင်၊ အရှင်အပေါ် သစ္စာရှိပြီး ကျေးဇူးတုံ့ ပြုတတ်သည်။ မရူတို့က ခွေးကောင်း၏တန်ဖိုးကို အလေးထားကြသည်။ မကဲ့ရဲ့တတ်သူကိုလည်း အလားတူ အလေးထားချီးမွမ်းကြသည်။

**အကျိုးသက်ရောက်ပုံ။** ။သူတပါးအား မကဲ့ရဲ့မိသော စာရိတ္တကောင်းသူများဖြစ်အောင် ပြုပြင်ရာသည်။

**၁၀၅။ လူမကောင်းလျှင် တရားဖျက်၊ တိရစ္ဆာန်မကောင်းလျှင် ခြံဖျက်**

**ဆိုလိုရင်း။** ။လူမကောင်းသည် တရားဖျက်ကြောင်း။

**ရှင်းလင်းချက်။** ။တိရစ္ဆာန်မကောင်းဟူသည် စည်းခတ်ထားသော ခြံယာကို ဖျက်ဆီးကာ အတွင်းဝင်ပြီး သီးနှံများ စားတတ်သည်။ လူမကောင်းဟူသည် လူအများ စောင့်ထိန်း လိုက်နာရမည့် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကို ခိုးဆိုး၊ လုယက် လိမ်ညာခြင်းဖြင့် တရားဖျက်သည်။ ထို့ကြောင့် မရူတို့က တရားဖျက်သော လူမကောင်းကို တိရစ္ဆာန်မကောင်းနှင့်ယှဉ်ပြီး သွန်သင်ထားသည်။

**အကျိုးသက်ရောက်ပုံ။** ။အကျင့်စာရိတ္တကောင်းရန် လမ်းညွှန်ထားသည်။

12 U.P.—S. 193—20000—16-10-80. M.M.

www.burmeseclassic.com

www.burmeseclassic.com



၁၀၆။ ဝါးမကွဲပဲနှင့် ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်

ဆိုလိုရင်း။ ။အချင်းချင်း စည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပရန်သူများမဝင်နိုင်။ စည်းလုံးမှုမရှိလျှင် ပြင်ပရန်သူများဝင်ရောက်နိုင်မည်။

ရှင်းလင်းချက်။ ။ကချင်ပြည်နယ်သည် ဝါးပေါသောဒေသဖြစ်ရာ ကချင်မရှုတို့က မိမိတို့ပတ်ဝန်းကျင်ရှိဝါးကို ပမာပြု၍ သိမြင်လွယ်အောင်ဖွဲ့ထားသောစကားပုံဖြစ်သည်။ ဝါးအတွင်းဘက်၌ အခေါင်းရှိသော်လည်း ထိပ်နှစ်ဘက်စလုံး ဝါးဆစ်က သဘာဝ အလျောက် ပိတ်ဆို့ထားပြီးဖြစ်ရာ အပြင်မှ ရေဝင်ရန်အပေါက်မရှိပေ။ ဝါးက ကွဲနေမှသာ ရေဝင်မည်ဖြစ်သည်။ ထို့အတူပင် တိုင်းပြည်တပြည်၌ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိလျှင် အကွဲမရှိသောဝါးနှင့် တူမည်။ ရေနှင့်တူသောရန်သူဝင်နိုင်မည် မဟုတ်။ တိုင်းရင်းသားများ စည်းလုံးမှုမရှိပါက အကွဲရှိ၍ ရေဝင်နိုင်သောဝါးနှင့် တူမည်။ ထို့ကြောင့် အချင်းချင်း စည်းလုံးမှုရှိပါက ပြင်ပရန်သူများမဝင်နိုင်။ အချင်းချင်း ကွဲနေပါက ပြင်ပရန်သူများ ဝင်နိုင်မည်။ မရှုတို့က စည်းလုံးညီညွတ်ရေး အရေးကြီးပုံကို ဝါး ဥပမာပြုပြီး ပြောထားသည်မှာ ရိုးရိုးနှင့် နက်နဲလှသော အဓိပ္ပာယ်ကို ဆောင်နေပေသည်။ အထက်ပါစကားပုံသည် အိမ်ထောင်တအိမ်ထောင်၊ ရွာတရွာ၊ မြို့တမြို့ စသည်တို့၌လည်း အလားတူ အသုံးပြုနိုင်သည်။

အကျိုးသက်ရောက်ပုံ။ ။မိမိတို့အတွင်းဝယ် ပြင်ပမှအန္တရာယ်များ ဝင်ရောက် နှောင့်ယှက်နေနိုင်ပြီဆိုလျှင် အချင်းချင်း စည်းလုံးမှုအားနည်းနေပြီဟု သိအပ်သည်။ ထိုအခါ အချင်းချင်း စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်အပ်ကြောင်း သတိပြုရသည်။

၁၀၇။ အနင်းခံရသော စပါးသန်သည်၊ အကဲ့ရဲ့ခံရသူမှ လိမ္မာသည်

ဆိုလိုရင်း။ ။လူသည် ကဲ့ရဲ့ခံရမှ လိမ္မာသည်။ (တနည်း) ဘဝနာမှ တိုးတက်မှု ရှိသည်။



ရှင်းလင်းချက်။ ။စပါးပင်သည် အောက်ခြေဘေးနားမှနင်းပေးလျှင် ပိုသန် တတ်သည်။ လူများမှာလည်း အလားတူပင်။ ဖိနှိပ်ခံရလျှင် မခံချင်စိတ်ဖြစ်ပေါ်လာပြီး ယင်းဘဝမှလွတ်မြောက်အောင် ကြိုးပမ်းယင်းဖြင့် အရည်အသွေး တောက်ပြောင်လာတတ် ပေသည်။ အကဲ့ရဲ့ခံရလျှင် မိမိအမှားကိုမြင်လာပြီး ပြုပြင်ဆင်ခြင်ခြင်းဖြင့် လူလိမ္မာ လူချွန် ဖြစ်လာမည်။ မရှုတို့က လူလိမ္မာဟူသည် မွေးရာပါ မဟုတ်။ ပတ်ဝန်းကျင် အထုအထောင်း အဖိအနှိပ်များကြောင့် ပြုပြင်ဆင်ခြင်ရင်းဖြင့် ဖြစ်လာနိုင်သည်ဟု ဆိုသည်။

အကျိုးသက်ရောက်ပုံ။ ။ကဲ့ရဲ့ပြစ်တင်ခံရလျှင် ရှက်မနေပဲ ပြုပြင် ဆင်ခြင်လိုက် ခြင်းဖြင့် မိမိဘဝမှာ တိုးတက်လာနိုင်ပေမည်။

(၃) ရဝမ်

ရဝမ်တို့သည် ကချင်အနွယ်ဝင် (၆) မျိုးမှ တမျိုးဖြစ်သည်။ ကချင်ပြည်နယ် မြောက်ပိုင်း ဟူးကောင်းတောင်ကြား မလိခမြစ်လက်တက်အထက်ဖျားဒေသ၊ ပူတာအို ခရိုင် ခေါင်လန်းဖူနယ်များ၌ နေထိုင်ကြသည်။

၁၀၈။ ကြီးကိုရေချိုးပေး၍ မဖြူနိုင်၊ ကျွဲချိုကို မည်မျှပွတ်သော်လည်း အသွေးမပြောင်း

ဆိုလိုရင်း။ ။လူ၏ ပင်ကိုယ်သဘာဝကို ပြုပြင်ပြောင်းလဲ၍ မရနိုင်ကြောင်း။

ရှင်းလင်းချက်။ ။ကြီးကဗျိုင်းကဲ့သို့ ဖြူအောင်ရေချိုးသဖြင့် အအေးမိသွားသော ပုံပြင်မျိုးမှ ဖြစ်ပေါ်လာသောစကားပုံဖြစ်ဟန်ရှိသည်။ ယင်းပုံပြင်မှာ မတူသူကို မတုနှင့်ဟု ဆုံးမလိုခြင်း ဖြစ်သည်။ ရဝမ်တို့၏ ဖော်ပြပါစကားပုံမှာ ပင်ကိုယ်သဘာဝကိုပြုပြင် ပြောင်းလဲအောင် မကြိုးစားသင့်ကြောင်း၊ ပြောင်းလဲအောင်လည်း လုပ်၍ရမည်မဟုတ် ကြောင်းကို ဆိုလိုသည်။ ကြီး၏အရောင်မှာ မွေးကတည်းက မည်းမှောင်နေသည်။ မည်သို့ ဖြူအောင် ပြုပြင်၍မရနိုင်။ ကျွဲချိုရောင်မှာ မွဲခြောက်ခြောက်ဖြစ်သည်။ ဖြူအောင် မည်မျှပွတ်သော်လည်း အသွေးအရောင် ပြောင်းမည်မဟုတ်။ ထိုအတူ လူတဦးတယောက်

www.burmeseclassic.com



သို့မဟုတ် လူမျိုးတမျိုး၏ ပင်ကိုယ်သဘာဝအလျောက် ဖြစ်တည်နေသောအရာများသည် ပြုပြင်မရနိုင်ကြောင်း ဖော်ပြထားသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိတို့၏ ပင်ကိုယ်သဘာဝအလျောက် ဖြစ်တည်နေသော အရာများကို ရှိရင်းအတိုင်းသာထားပါ။ သူတပါးကိုအတုယူပြီး မပြောင်းလဲသင့်။ မိမိတို့၏ရှိရင်းစွဲ သဘာဝအလှကိုသာ နှစ်သက်မြတ်နိုးအပ်သည်။

**၁၀၉။ ကြက်ဥမပေါက်သေးမီ၊ ကြက်ကလေးမရေပါနှင့်**

**ဆိုလိုရင်း။** ။မရေရာသော အနာဂတ်အတွက် ကြိုတင်၍ တိတိကျကျ မတွက်ဆသင့်။

**ရှင်းလင်းချက်။** ။မည်သည့်ကိစ္စမဆို လက်တွေ့ကျကျဆောင်ရွက်ရန် မှာကြားသောစကားပုံဖြစ်သည်။ ကြက်ဥမပေါက်သေးမီ အထီး၊ အမ မည်မျှပေါက်မည်၊ သေမည် ရှင်မည်ကို ကေန်မသိနိုင်။ ထို့ကြောင့် ကြက်ဥ မပေါက်သေးမီက ကြိုပြီး ကြက်ကလေးများကို ရေတွက်မနေသင့်ကြောင်း။

**အကျိုးသက်ရောက်ပုံ။** ။ပစ္စုပ္ပန်အမှု ဆောင်ရွက်ရာ၌ အနာဂတ်အရေးအတွက် မှန်းဆရင်း အချိန်မကုန်သင့်။

**၁၁၀။ ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏**

**ဆိုလိုရင်း။** ။ပရိယာယ် ဆင်လာတတ်သော ရန်သူမျိုးသည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း။

**ရှင်းလင်းချက်။** ။ရန်သူဟူသည် မိမိအကျိုးပျက်စီးအောင် ဒုက္ခဖြစ်အောင် ပြုလုပ်သူ ဖြစ်သည်။ မိမိအကျိုးကိုမလိုလားသော ရန်သူမှန်းသိလျှင် များစွာသတိထား



အပ်သည်။ အကြောင်းမှု ရန်သူဆိုရာ၌ အမျိုးမျိုးရှိလေသည်။ အချို့ရန်သူက မိမိအား ပွင့်ပွင့်လင်းလင်း တိုက်ခိုက်ပြောဆိုတတ်သဖြင့် ရန်သူမှန်းသိသာသည်။ အချို့ရန်သူက ပရိယာယ်စုံ၊ နည်းစုံသုံးပြီး ဒုက္ခပေးတတ်သည်။ အချို့က အတွင်းက ပူးသတ်ပြီး ဒုက္ခဖြစ်စေတတ်၏။ အချို့က ချစ်ဟန်ဆောင်ပြီး လက်ဆောင်နှင့် ဖြားယောင်းတတ်ပြန်၏။ ရန်သူက လက်ဆောင်ပေးလာလျှင် လက်မခံမိရန် အထူးသတိရှိရမည်။ ရန်သူ့လက်ဆောင်သည် မိမိအား တနည်းနည်းနှင့် ဒုက္ခဖြစ်စေမည်မှာ ကေန်ဖြစ်သည်။ ထို့ကြောင့် ရဝမ်တို့က ရန်သူက ပရိယာယ်နှင့် များပြီးပေးသောလက်ဆောင်သည် အလွန်ကြောက်စရာကောင်းကြောင်း သတိပေးထားသောစကားပုံဖြစ်၏။

**အကျိုးသက်ရောက်ပုံ။** ။ရန်သူပေးလာသော လက်ဆောင်ဖြစ်လျှင် မည်မျှအဖိုးတန်ပါစေ မမက်မောဖို့ လက်မခံဖို့ သတိပြုစေသည်။

## (၄) လရှီ

ကချင် (၆) မျိုးဝင် ဖြစ်သည်။ ယင်းတို့အချင်းချင်း "လာချစ်"ဟု ခေါ်ဆိုကြသည်။ လရှီတို့သည် လောခေါင်နယ်ခြားခရိုင်၊ ချီပွေမြို့နယ်၊ ထောင်ဂေါ့တောင်အုပ်ပိုင်နယ်၊ နိုင်ဇံတောင်အုပ်ပိုင်နယ်၊ ဖီမော်နယ်နှင့် ချီပွေချောင်းနယ်တဝိုက်၌ အများဆုံးနေထိုင်ကြသည်။

**၁၁၁။ ကလေးကျပြီးမှ လှေကားထောင်သည်၊ သားကောင်လွန်ပြီးမှ ခွေးဟောင်သည်**

**ဆိုလိုရင်း။** ။လုပ်သင့်လုပ်ထိုက်သည့်ကိစ္စကို အချိန်နှောင်းမှဆောင်ရွက်သဖြင့် အကျိုးထိခိုက်ရတတ်ကြောင်း။

**ရှင်းလင်းချက်။** ။ကချင်လူမျိုးတို့သည် နေအိမ်များကို စတုဂံပုံဖြင့် တည်ဆောက်လေ့ရှိရာ ကြမ်းပြင်ကိုမြေမှလေးပေ၊ ငါးပေခန့် ခွာထားလေ့ရှိ၏။ ရှေးအခါကမူ အိမ်လှေကားများကို အရှင်တပ်ထားလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးရှိသည့်အိမ်တွင် လှေကားကို ဂရုတစိုက်တပ်ဆင်ရမည်ဖြစ်သော်လည်း မတပ်ဆင်မိသည့်အတွက် ကလေးလိမ့်ကျရသည်။ ကလေးကျပြီးမှ လှေကားထောင်ခြင်းမှာ လုပ်သင့်သည့်ကိစ္စကို အချိန်နှောင်းမှ လုပ်ခြင်းဖြစ်သည်။ ထို့တူ သားကောင်ရှိတုန်း ချေးဟောင်လျှင် အကျိုးရှိသော်လည်း သားကောင်လွန်ပြီးမှ ခွေးဟောင်ခြင်းသည်လည်း အချည်းနှီးသာဖြစ်သည်။ မြန်မာ၌ မိုးလွန်မှထွန်ချ၊ သူခိုးပြေးမှထိုးကွင်းထ ဟူသော စကားပုံများသည် အထက်ပါစကားပုံနှင့် အလားတူဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်ကိစ္စမဆို လုပ်သင့်သည့်ကိစ္စကို ပျင်းရိခြင်းမရှိပဲ လုံ့လဝီရိယစိုက်ထုတ်ပြီး လုပ်သင့်သည်။ အချိန်မီမလုပ်မိပါက နောင်အခါ နောင်တကြီးစွာ ရတတ်သည်။ နောင်မှ နောင်တရခြင်းသည် အမြော်အမြင်နည်းသူတို့**၏ဓ**လေ့ဖြစ်သဖြင့် အခါအခွင့်ရတုန်း အချိန်ရတုန်း၌ လုံ့လဝီရိယစိုက်ထုတ်ပြီး ကြိုးစားရန်လိုကြောင်း သတိပြုရမည်။

**၁၁၂။ သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည်အမြစ်မှ**

**ဆိုလိုရင်း။** ။သားကောင်းများဖြစ်ရေးအတွက် မိခင်အရေးကြီးပုံ။

**ရှင်းလင်းချက်။** ။သားကောင်းဆိုရာ၌ ကျန်းမာရေး၊ စာရိတ္တရေးမှစ၍ ဘက်စုံတော်သူများကိုဆိုလိုသည်။သားကောင်းများဖြစ်ရေးအတွက် မိခင်အရေးကြီးပုံကို လရှိတို့က သစ်ပင်ဥပမာနှင့် ယှဉ်ပြထားသည်။ သစ်ပင်၌ အမြစ်အားကောင်းမှ **အသီးအနှံ**ဖွံ့ဖြိုးမည်။ လူသားများ၌လည်း အရင်းခံဖြစ်သောမိခင်က အစစအမြော်အမြင်ရှိမှသာ သားကောင်းများဖြစ်အောင် သွန်သင်နိုင်မည်။ သားနှင့်မိခင်မှာ လက်ပွန်းတတီးနေရသဖြင့် မိခင်ကသာ သားသမီးများကို လိမ္မာအောင် နည်းလမ်းကောင်းများ ပေးနိုင်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။မိခင်များကိုလည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက်အားပေးရန် လိုအပ်သည်။



**၁၁၃။ သက်ကြီးစကားကိုမလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်း မခုတ်သင့်**

**ဆိုလိုရင်း။** ။အကြားအမြင် ဗဟုသုတရှိသောလူကြီးသူမများ၏ ဆိုဆုံးမစကားကို နာယူသင့်ကြောင်း။

**ရှင်းလင်းချက်။** ။အရိုးရင့်ဟူသည် အသက်ကြီးများကိုဆိုလိုသည်။ အပင်ကြီးများသည် ရာသီဥတုကိုထိန်းနိုင်သဖြင့် မိုးကောင်း မိုးမှန်ပြီး ခြောက်သွေ့လွန်းခြင်းမှ ကင်းဝေးစေသည်။ အရိုးရင့်အပင်ကြီးများကို ခုတ်ပစ်လျှင် ရာသီဥတုအမျိုးမျိုးပြောင်းလဲသွားတတ်ပြီး လူသတ္တဝါတို့၏ စားသောက်နေထိုင်ရေးအတွက် များစွာထိခိုက်နိုင်ပေသည်။ ထို့ကြောင့် လရှိတို့က အရိုးရင့်မခုတ်နှင့်ဟု ဆိုသည်။ သက်ကြီးများလည်း အရိုးရင့်အပင်ကြီးများနှင့် တူသည်။ သက်ကြီးသည် လူ့ဘဝ၌ အတွေ့အကြုံမျိုးစုံကို ကြုံခဲ့ရပြီးဖြစ်၍ သက်ကြီးစကားကိုလည်း မလွန်ဆန်သင့်ဟု ဆိုသည်။ သက်ကြီးစကားလွန်ဆန်လျှင် မှားတတ်သည့်အတူ အရိုးရင့်ခုတ်လျှင်လည်း ဒုက္ခတွေ့နိုင်သည်ဟု နှိုင်းပြထားခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။လူငယ်များသည် မိမိကိုယ်ကို တိုးတက်မှန်ကန်လှပြီဟု ထစ်ချမယူဆသင့်ပဲ လူကြီးသူမများ၏စကားကိုလည်း နာခံသင့်ကြောင်း သတိချပ်ရသည်။

## (၅) လီဆူး

ကချင် (၆) မျိုး၌အပါအဝင်ဖြစ်သော လီဆူးတို့သည် ပူတာအိုခရိုင်၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်နှင့် ရှမ်းပြည်တောင်ပိုင်း လွယ်လင်ခရိုင်တို့၌ အများဆုံးနေထိုင်ကြသည်။ သံလွင်မြစ်တဘက်ကမ်း ရှမ်းပြည်အရှေ့ပိုင်းတိုင်အောင် ပျံ့နှံ့နေထိုင်ကြသည်။ လီဆူးတို့မှာ အရှေ့လီဆူး၊ ပူတာအိုလီဆူး၊ ရှမ်းပြည်လီဆူးနှင့် ထော်ဂေါ့လီဆူးဟူ၍ **အနွယ်** လေးမျိုးရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၄။ မြင်းမရှိသည့်အခါ ဆိတ်ကိုလည်းစီးတတ်ရမည်

**ဆိုလိုရင်း။** ။ရှိသင့်သည့်အရာမရှိလျှင် ရှိသည့်အရာကိုအစားထိုးပြီး ဆက်လက်လုပ်ဆောင်တတ်ရှိမည်။

**ရှင်းလင်းချက်။** ။မြင်းနှင့်ခရီးသွားလာရာ၌ အချိန်ကုန်သက်သာပြီး လိုရာသို့လျှင်မြန်စွာရောက်နိုင်သည်။ သို့သော် မြင်းမရှိလျှင် မရနိုင်သည့်မြင်းကို မျှော်လင့်နေမည့်အစား ရှိသည့်ဆိတ်ကိုအစားထိုးပြီး အသုံးပြုရမည်။ ထိုနည်းတူ အလုပ်ကိစ္စများဆောင်ရွက်ရာ၌လည်း မည်သူမရှိ၍လုပ်မဖြစ်ဟု အလုပ်ကိုရပ်ဆိုင်းမထားသင့်၊ ရှိသူကိုအစားထိုးပြီး ဆက်လက်လုပ်ဆောင်သွားရမည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိလက်ငင်းရောက်နေဆဲ ဖြစ်တည်နေဆဲအခြေအနေနှင့်လိုက်လျောအောင် လုပ်ဆောင်တတ်ရမည်။ တနည်းအားဖြင့် မိမိကြုံနေရသောအခြေအနေကို ဖြစ်နိုင်သမျှသောနည်းလမ်းတို့ဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်တတ်ရန်လိုကြောင်း သင်ခန်းစာရပေသည်။

## ၁၁၅။ ဝယ်စားသူက ကျွန်၊ ထုပ်ကိုင်စားသူက သခင်

**ဆိုလိုရင်း။** ။ကိုယ်စွမ်းကိုယ်စစိုက်ထုတ်ပြီးလုပ်သူသည်သာ ပမာနကျကြောင်း။

**ရှင်းလင်းချက်။** ။လီဆူးတို့က ဝယ်စားသူနှင့် လုပ်ကိုင်စားသူ လူနှစ်ရပ်၏တန်ဖိုးခြားနားမှုကိုပြသော စကားပုံဖြစ်သည်။ လုပ်ကိုင်စားသူသည် အခြေခံကျသောသူ(တနည်း)သခင်ဖြစ်သည်။ ဝယ်စားသူမှာ ကာယဉာဏအားကို စိုက်ထုတ်သူမဟုတ်ပဲ ငွေဖြင့်ရင်းနှီးဝယ်ယူသူဖြစ်၍ သခင်ပေးမှ စားရမည့်ကျွန်နှင့်တူသည်ဟု ဆိုလိုသည်။ လီဆူးတို့က ငွေသည် အရာရာ၏တန်ဖိုးကို ဆုံးဖြတ်သည်ဟု မယူဆ။ လူ၏ ကာယ ဉာဏစွမ်းအားကိုသာ အလေးအမြတ်ထားကြောင်း သိရသည်။



**အကျိုးသက်ရောက်ပုံ။** ။မိမိ၏ ကာယဉာဏစွမ်းအားဖြင့် ရရှိသော အကျိုးခံမြတ်သည်သာ လေးမြတ်ဖွယ် အကောင်းဆုံးဖြစ်သည်ဟူသောအသိကို ရစေသည်။

## ၁၁၆။ သူတပါးကကူညီသည်ကို မှတ်ထားပါ၊ ကိုယ်ကကူညီသည်ကို မေ့ပစ်ပါ

**ဆိုလိုရင်း။** ။သူ့ကျေးဇူးကိုသိတတ်ရန် ရိုးသားဖြူစင်သောစိတ်နှင့် ကူညီတတ်ရန် ဆိုလိုသည်။

**ရှင်းလင်းချက်။** ။သူတပါးကကူညီသည်ကို မှတ်ထားမှ သူ့ကျေးဇူးကို သိတတ်ရာရောက်မည်။ ကျေးဇူးမေ့ခြင်း၊ ကျေးဇူးကန်းခြင်း၊ ကျေးဇူးစွပ်ခြင်းများမှာ မကောင်းသောအကျင့်အကြံများဖြစ်သဖြင့် ရှောင် ရှား အပ် လှ သည်။ သူတပါးက ကူညီခဲ့ဖူး သည် ကို မေ့ပစ်လျှင် နောင်အရေးကြုံလာသည့်အခါ မိမိကို ကူညီချင်မည်မဟုတ်ပေ။ ထို့ကြောင့် သူ့ကျေးဇူးကို အဖန်တလဲလဲသတိရသင့်ပြီး ထုတ်ဖော် ပြောဆိုသင့်ပေသည်။ ကျေးဇူးတုံ့ပြန်သင့်သည်။ ဤသို့ ကျေးဇူးသိတတ်ခြင်းသည် ကောင်းမွန်မြင့်မြတ်သောစိတ်မျိုး ဖြစ်ပေသည်။

ကိုယ်က သူတပါးအား ကူညီသည်ကိုမူ မေ့ပစ်သင့်သည်။ ကိုယ်ကူညီခဲ့သည့်ကိစ္စကို ထပ်ခါတလဲလဲ ထုတ်ဖော်ပြောဆိုနေလျှင် အတုံ့အလှည့် လိုချင်ရာရောက်မည်။ ရိုးသားဖြူစင်သော ကူညီခြင်းမျိုးမှာ ကျေးဇူးတုံ့ကို မမျှော်လင့်သင့်ပေ။ ထို့ကြောင့် လီဆူးတို့က သူ့ကျေးဇူးကို သိရန်နှင့် ရိုးသားသောကူညီခြင်းမျိုးဖြစ်စေရန် နည်းပေးလမ်းညွှန်ထားခြင်း ဖြစ်ပေသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေး စိတ်ထားမြင့်မြတ်ရေးအတွက် အဖိုးတန်သောစကားပုံ ဖြစ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အထက်ပါစကားပုံအတိုင်း လိုက်နာကျင့်ကြံလျှင် မိမိနှင့်ပတ်ဝန်းကျင်အတွက်ပါ စိတ်ချမ်းသာရမည်။ အဆင့်မြင့်သော လူရည်မွန်များလည်း ဖြစ်လာစေနိုင်ပေမည်။

13 U.P.—R. 193—20000—16-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



## (၆) အဇီး

အဇီးတို့သည် ဆဒုံနယ်နှင့် ရွှေလီချောင်းဖျား အရပ်များ၌ အများဆုံး နေထိုင်ကြပြီး ကိုဒေါင်နယ်၏ အရှေ့မြောက် အနောက်တောင်နှင့် ယူနန်နယ်စပ်တိုင်အောင် ပျံ့နှံ့နေထိုင်ကြသည်။ အဇီးတို့မှာ ကချင်မျိုးနွယ်ဝင်များ ဖြစ်ကြသည်။

### ၁၁၇။ ချောင်းကူးပြီးလျှင် တောင်ဝှေးကိုပစ်တတ်သည်

**ဆိုလိုရင်း။** ။လိုသည့်အခါ တစုံတဦးထံမှ အကူအညီယူပြီး မိမိကိစ္စအောင်မြင်သောအခါ ကူညီသူကို ပစ်ပယ်တတ်ခြင်း။

**ရှင်းလင်းချက်။** ။အဇီးတို့မှာ တောတောင် မြစ်ချောင်းထူထပ်သော ဒေသများ၌ နေထိုင်ကြသူများဖြစ်ရာ မိမိတို့ပတ်ဝန်းကျင်နှင့် လိုက်လျောအောင် ဆုံးမထားသော စကားပုံဖြစ်သည်။ ချောင်းကိုကူးရာ၌ တောင်ဝှေးကို အသုံးပြုပြီး ကူးကြသော်လည်း ချောင်းတဘက်သို့ရောက်လျှင် တောင်ဝှေးကိုမလိုတော့၍ ပစ်တတ်ကြသည်။ ထိုနည်းတူပင် လူ့သဘာဝ၌ လူအချို့သည် လိုတုန်းသုံးပြီး မလိုလျှင်စွန့်ပစ်တတ်ကြသည်။ ဤသဘောမှာ ကူညီသူ၏ကျေးဇူးကို မသိတတ်ရုံမျှမက ကျေးဇူးကန်းသည့် သဘောရောက်နေ၍ အဇီးတို့က ယင်းအပြုအမူမျိုးကို မနှစ်သက် မလိုလားကြကြောင်းကို တွေ့ရသည်။

**အကျိုးသက်ရောက်ပုံ။** ။တစုံတဦးက မိမိကို ကျေးဇူးပြုဖူးလျှင် ထိုကျေးဇူးကို မမေ့သင့်၊ ကျေးဇူးတုံ့ကို ပြုရသည်။

ကချင်လူမျိုးများ၏ဓလေ့၌ တဦး နှင့်တဦးထောက်ထားရမည့် အချက်များ အများအပြားရှိသည့်အတွက် လင်ကွာ မယားကွာ အမှုအခင်း အလွန်နည်း၏။ လင်မယားကွာရှင်းကြသည်နှင့်တပြိုင်နက် မိဘ ဘိုးဘွားလက်ထက်မှစပြီးဆွေမျိုးတော်စပ်ခဲ့ကြသော ယောက္ခမမျိုး၊ သားမက်မျိုးတို့ အဆက်ပြတ်ကြရတော့မည်။ ယောကျ်ားက မိမိငွေကုန်ကြေးကျခံပြီး တောင်းထားသောမိန်းမကိုကွာလိုက်လျှင် မိမိအိမ်ထောင်၌ လောလောဆယ် လုပ်အား



လျော့သွားမည်။ မင်္ဂလာဆောင်စဉ်က တင်တောင်းခဲ့သော ပစ္စည်းများကိုလည်း အဆုံးခံရမည်။ ယောက္ခမကိုလည်း နောက်ထပ်အနည်းဆုံး နွားတကောင် ထပ်ပေးရမည်။ မိန်းမဘက်က ကွာချင်လျှင်လည်း မင်္ဂလာဆောင်စဉ်က ယောကျ်ားဘက်က ကုန်ကျထားသော စရိတ်စကများ၊ တင်တောင်းထားသော ခန်းဝင်ပစ္စည်းများကို မိမိမိဘကလျော်ကြေးပေးရမည်။ မိမိ၏ရင်သွေးသားသမီးများကိုလည်း ယောကျ်ားထံ၌ ထားခဲ့ရမည်။ ထို့ကြောင့် ရပ်ရွာလူကြီးများက လင်မယား မသင့်မတင့်ဖြစ်နေလျှင် များသောအားဖြင့် ပြေရာပြေကြောင်း ဖျန်ဖြေစေ့စပ်ပေးလေ့ရှိကြသည်။ လင်မယားကွာရှင်းရေးကိစ္စကို အားမပေးကြ။ ထို့ကြောင့် ကချင်မျိုးနွယ်တို့၌ အိမ်ထောင်ရေးမှာ အရေးကြီးလှသည်။ မြန်မာတို့၌ "အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုးချက်မပိုင်လျှင် နောင်ပြင်ရန်ခဲသည့်အမျိုး" ဟူသော အမှာစကားကဲ့သို့ ကချင် အဇီးတို့၌ အလားတူ စကားပုံရှိပေသည်။ ယင်းမှာ အောက်ပါစကားပုံပင်ဖြစ်၏။

### ၁၁၈။ မယားယူမှားတသက်၊ တောင်ယာခုတ်မှားတနှစ်

**ဆိုလိုရင်း။** ။အိမ်ထောင်ရေးသည် အရေးကြီးကြောင်း။

**ရှင်းလင်းချက်။** ။အထက်ပါသဘောကို ပေါ်လွင်အောင် တောင်ယာခုတ်သော ဥပမာနှင့်ယှဉ်ပြထားသည်။ ကချင်တို့၏ တောင်ယာကိုခုတ်ထွင်မီးရှို့ပြီး စိုက်ပျိုးရသော လုပ်ငန်းမှာ အလွန်ပင်ပန်းလှသည်။ ဤမျှ အပင်ပန်းခံခုတ်ထွင်ပြီး စိုက်ပျိုးသော်လည်း မြေဩဇာမကောင်းလျှင် အထွက်မကောင်းပြန်ပေ။ ဤတောင်ယာဒုက္ခသည် တနှစ်အတွက်ပဲ ဖြစ်မည်။ အိမ်ထောင်ရေး၌ စဉ်းစားချင့်ချိန်ခြင်းမရှိပဲလုပ်ခဲ့လျှင် တသက်လုံးအတွက် စိတ်ဆင်းရဲရမည်။ အိမ်ထောင်မှုကို တသက်လုံးအတွက် ရည်စူးသော ကချင်အဇီးတို့၏ ဓလေ့ထုံးစံကို အထက်ပါစကားပုံက ဖော်ပြနေပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အသက် ၁၅နှစ်၊ ၁၆နှစ်လောက်ကပင်စပြီး လူပျိုအပျိုလှည့်သောဓလေ့ရှိသည့် ကချင်လူငယ်များကို အိမ်ထောင်ဖက် အရွေးမမှားရအောင် သတိပေးနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၁၉။ ရေမတိုးမီ တံတားဆောက်ပါ**

**ဆိုလိုရင်း။** ။လုပ်ရန်ရှိသည့်ကိစ္စကို ကြိုတင်ဆောင်ရွက်ရန်။

**ရှင်းလင်းချက်။** ။ရေတက်လေ့ရှိသည့်အရပ်ဒေသများ၌ အချိန်တန်လျှင် ရေတိုးမည်ဖြစ်ရာ ရေမတိုးမီကကြိုတင်ပြီး တံတားဆောက်ထားရမည်။ ထိုသို့မဟုတ်ပဲ ရေတိုးမှ တံတားထိုးလျှင် ဆောက်၍ဖြစ်ချင်မှသည်းဖြစ်မည်။ ဖြစ်မည်ဆိုပါကသည်း ကသောကမျော လုပ်ဆောင်ရမည်ဖြစ်၍ စိတ်ပန်းလူပန်းဒုက္ခချိုးကိုကြုံရချေမည်။ ထို့ကြောင့် ဉာဏ်အမြော်အမြင်ရှိသူတိုင်းသည် ကြိုတင်စီမံမှုများ အမြဲရှိနေတတ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်ကိစ္စမျိုး၌မဆို ကြိုတင်စီမံထားသင့်ကြောင်း သတိပြုရမည်။

## (၇) ကယား

ကယားတို့သည် ကယားပြည်နယ်၊ကန္တာရဝတီဘော်လခဲနှင့် ကြက်ဘိုးကြီးနယ်များ အတွင်း တောတောင်ဒေသများ၌နေထိုင်ကြသည်။ ကယားလူမျိုး ၃၀၀၀၀ ကျော်ခန့် ရှိသည်။ ကယားတို့သည် ရိုးရာနတ်နှင့် ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ရောင့်ရဲတင်းတိမ်စိတ်နှင့် အေးအေးချမ်းချမ်း နေထိုင်လိုကြသည်။ ရိုးသားဖြောင့်မတ်ပြီး သတ္တိလည်းရှိ၊ အရှက် အကြောက်ကြီးသောလူမျိုးလည်းဖြစ်သည်။

ကယားတို့၏ ဓလေ့မှာ အပြစ်တစုံတရာကျူးလွန်မှုအတွက် လျော်ကြေးပေးရလေ့ ရှိသည်။

**ဥပမာ။** ။ကယားပြည်နယ်ရှိ ဂေခိုအမျိုးသားတို့မှာ ခိုးမှုဆိုလျှင် ငရုတ်ဖျော်ရည်နှင့် တရားခံကို မျက်နှာသစ်စေသည်။ တရားခံ၏ မျက်စိစပ်လျှင် အပြစ်ရှိပြီး မစပ်လျှင်အပြစ်မရှိဟု ဆုံးဖြတ်သည်။ ခိုးကြောင်းထင်ရှားလျှင် ခိုးယူပစ္စည်းကို ပြန်ပေးရသည်။ မပေးနိုင်လျှင် ပစ္စည်းတန်ဖိုးလျော်ရသည်။ လူသတ်မှုဆိုလျှင်



ရွေးအခါက သေဒဏ်ပေးခြင်းမှာနည်းပြီး တရားခံက သေသူ၏အသက်ဖိုးကို လျော်ကြေးပေးရသည်။ ကျန်ရစ်သောဇနီးနှင့်ကလေးများကိုလည်း သတ်သူက လုပ်ကျွေးရသည်။ လိမ်ညာမှု၊ မြေလုမှု၊လင်မယားကွာမှု၊ ကြက် ဝက် ခိုးမှု များမှာလည်း တဆမ့်ငါးဆအထိ လျော်ကြေးပေးရတတ်သည်။

စကားပြောဆိုရာ၌လည်း စည်းကမ်းမဲ့မပြောပဲ လိမ္မာယဉ်ကျေးအောင် သွန်သင် ပေးကြသည်။ စကားအပြောအဆိုနှင့်ပတ်သက်ပြီး ဆုံးမထားသော အောက်ပါစကားပုံ ၂ခုကို တွေ့ရသည်။

**၁၂၀။ စကားရိုးရိုး ပြောလျှင် ပြီးလွယ်သည်၊ မြောင်းဖြောင့်ဖြောင့်သွယ်လျှင် အရောက် မြန်သည်**

**ဆိုလိုရင်း။** ။စေတနာအရင်းခံဖြင့် ရိုးသားစွာပြောဆိုခြင်းသည် အောင်မြင်လွယ် သည်။

**ရှင်းလင်းချက်။** ။ရေကို လိုရာသို့ လျှင်မြန်စွာရောက်အောင် မြောင်းဖောက်ပြီး သွယ်ရသည်။ မြောင်းကိုကွေ့ကောက်ဖောက်လျှင် ရေအလျဉ်ကလည်း အကွေ့အကောက် အတိုင်း စီးဆင်းနေရသဖြင့် ရေစီးမမြန်နိုင်။ မြောင်းဖြောင့်ဖြောင့်ဖောက်ပြီး ရေသွယ်ပါက လိုရာအရပ်သို့ လျှင်မြန်စွာစီးဆင်းပေမည်။ စကားပြောရာ၌လည်း ကွေ့ကောက်ပြောနေခြင်းသည် မြောင်းကို ကွေ့ကောက်ဖောက်သည်နှင့်တူပြီး ရိုးရိုးဖြောင့်ဖြောင့်ပြောခြင်းသည် မြောင်းဖြောင့်ဖြောင့် ဖောက်ခြင်းနှင့်တူသည်။ ထို့ကြောင့် စကားကို ကွေ့ကောက်လှည့်ပတ်ခြင်းမရှိ၊ စေတနာမှန်၊ ရိုးသားစိတ်အခြေခံဖြင့် ရှိရင်းစွဲအဖြစ်ကို တင်ပြပြောဆိုခြင်းဖြင့် လိုရာသို့ ပြီးမြောက်အောင်မြင်လွယ်မည်။ ကယားလူမျိုးတို့သည် ရိုးသားသူများဖြစ်ကြရာ ရိုးသားစွာပြောဆိုခြင်းကို နှစ်သက်လိုလားကြကြောင်း တွေ့ရှိရသည်။

**အကျိုးသက်ရောက်ပုံ။** ။ရိုးသားခြင်းကို လူတိုင်းနှစ်သက်ကြရာ ရိုးသားစွာပြောဆို အပ်ကြောင်း သတိပြုရသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၂၁။ စကားအရမ်းပြောလျှင် လျှော်ရတတ်သည်၊ လှံကိုအရမ်းပစ်လျှင် ခွေးထိတတ်သည်**

**ဆိုလိုရင်း။** ။စကားကို ထိန်းထိန်းသိမ်းသိမ်းပြောရန်။

**ရှင်းလင်းချက်။** ။စကားအရမ်းပြောခြင်းမှာ စိတ်ထင်တိုင်း နှုတ်ကထွက်ခြင်း ဖြစ်သည်။ ဤသို့ပြောခြင်းသည် လွန်ကျူးပြီး မှားသွားတတ်သည်။ အမှန်ပင်ဖြစ်သော်လည်း မပြောအပ်သောနေရာ၊ မပြောအပ်သောချိန်ခါ စသည်ဖြင့်ဆင်ခြင်ရဦးမည်။ မပြောသင့်သည်ကို ပြောမိသဖြင့် အပြစ်ဖြစ်လျှင် ကယားတို့ဓလေ့မှာ လျှော်ကြေးပေးကြရသည်။ ထို့ကြောင့် စကားပြောရာ၌ ဆင်ခြင်နိုင်စေရန် "လှံကိုအရမ်းပစ်လျှင် ခွေးထိတတ်သည်" ဆိုသော မြင်လွယ်သည့်ဥပမာနှင့်ယှဉ်ပြီး ဆုံးမထားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။စကားပြောရာ၌ ကာလ၊ ဒေသ၊ အခြေအနေ၊ အချိန်အခါ၊ အရပ်ဒေသပတ်ဝန်းကျင်နှင့်လိုက်ပြီး သင့်တင့်လျောက်ပတ်သောစကားကို ပြောတတ်ရန် သတိပြုစေသည်။

**၁၂၂။ နွားများခုန်ကျင့်ရှိလျှင် ဦးချိုခြောက်သည်အထိ ခုန်တတ်သည်၊ လူများ အကျင့်လုပ်လျှင်လည်း သေသည်အထိပါတတ်သည်**

**ဆိုလိုရင်း။** ။အကျင့်ဟူသည် ပျောက်ခဲကြောင်း။

**ရှင်းလင်းချက်။** ။တိရစ္ဆာန်နွားပင်လျှင် ခုန်ကျင့်ရှိက ဦးချိုခြောက်သည်အထိ ခုန်တတ်သည်။ လူများသည်လည်း သူတပါးအား မှီခိုနေကျင့်ရှိသူသည် မိမိကိုယ်ကို အားမကိုးချင်။ ကိုယ့်ကိုယ်ကို အားကိုးကျင့်ရှိသူကလည်း သူတပါးအပေါ် အားထားရမည်ကို ဝန်လေးပင်ပန်းနေတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အကျင့်ဟူသည် စွဲမြဲတတ်လေရာ မကောင်းသောအကျင့်ရှိသူအား အထက်ပါစကားပုံကို နှလုံးသွင်းပြီး ခွင့်လွှတ်သည်းခံနိုင်စေသည်။ မကောင်းကျင့်ရှိသူကလည်း ကြိုးစားပြီးဖျောက်ဖျက်ရသည်။



**၁၂၃။ မသွားဖူးသည့်လမ်းကို ခေါ်တိုင်းမလိုက်နှင့်၊ မစားဖူးသည့်အစာကို ကျွေးတိုင်း မစားနှင့်**

**ဆိုလိုရင်း။** ။မသွားဖူးသည့်လမ်းကို ခေါ်တိုင်းမလိုက်ရန် နှင့် မစားဖူးသည့် အစာကို ကျွေးတိုင်းမစားရန်။

**ရှင်းလင်းချက်။** ။မသွားဖူးသည့်လမ်းကို ခေါ်တိုင်းလိုက်လျှင် ခေါ်သူက မသမာစိတ်နှင့် အန္တရာယ်ပြုပါက လမ်းအခြေအနေကိုမသိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ဖို့ လွယ်မည်မဟုတ်။ ရိုးသားစိတ်နှင့် ခေါ်ပါကလည်း လမ်းအန္တရာယ် သို့မဟုတ် တစုံတယောက်က အန္တရာယ်ပြုလျှင်လည်း ခံရပေမည်။

အစားအသောက်၌လည်း ထို့တူဖြစ်သည်။ မစားဖူးသောအစာကို စားမိ၍ အသက်အန္တရာယ်ကြုံရသော သာဓကအများအပြားကို မြင်၊ ကြား၊ တွေ့နေရပေသည်။ မစားဖူးသည့်အစာဖြစ်လျှင် စားဖူးသူကို မေးမြန်းစုံစမ်းပြီးမှ စားသောက်သင့်လေသည်။

**အကျိုးသက်ရောက်ပုံ။** ။အသွား အစားတို့၌ အထူးသတိပြု ဆင်ခြင်ဖွယ်ဖြစ်သည်။

**၁၂၄။ သစ်ငုတ်သည် မြက်ထက်တခါမြင့်၍ မြက်သည်လည်း သစ်ငုတ်ထက်တခါမြင့်ပြန်သည်**

**ဆိုလိုရင်း။** ။နိမ့်လိုက် မြင့်လိုက် ဖြစ်တတ်သော လောကဓံသဘောပြသည်။

**ရှင်းလင်းချက်။** ။မြန်မာစကားပုံ "သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ"နှင့် သဘောတူဖြစ်သည်။ လောကဓံ (၈) ပါးမှာ လာဘ်ရခြင်း မရခြင်း၊ အခြံအရံများခြင်း နည်းခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့ ဖြစ်သည်။ လောကဓံ တရား၏ ပြောင်းလဲတတ်ပုံကို သစ်ငုတ်နှင့် မြက်ကို ပုံဆောင်၍ ပြထားသည်။ သစ်ငုတ်တို့ ဘေးရှိ မြက်တို့သည် မိုးတွင်းရောက်လျှင် သစ်ငုတ်တိုကို ကျော်ကာ မြင့်မြင့် စွင့်စွင့် ဖြစ်တတ်ကြသည်။ နွေရောက်လျှင် စိမ်းစိုမြင့်စွင့်နေသော မြက်ပင်တို့မှာ ခြောက်သွေ့သွားကာ မြေ၌

www.burmeseclassic.com

www.burmeseclassic.com



ပြားပြားဝပ်နေပြီး သစ်ငုတ်တိုမှာ မားမားမတ်မတ်ကြီး ပေါ်ထွက် လာတတ် ပြန်သည်။ ထို့ကြောင့် သစ်ငုတ်နှင့် မြက်တို့သည် တလှည့်စီ နိမ့်လိုက် မြင့်လိုက် ဖြစ်နေရသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့် အခြေအနေသို့ ရောက်စေကာမူ လောကဓံကို နှလုံးသွင်းပြီး ကြံ့ကြံ့ခံနိုင်စွမ်း ရှိရာသည်။

## (ဂ) ကရင်

ကရင်အနွယ်ဝင်တို့မှာ စကော၊ ပကူး၊ ဝေဝေါ၊ မိုးနဲ့ ပွားဘွဲ၊ ဘရဲက်၊ ပိုး၊ မိုပွာ၊ ဂဲကိုး ဟူ၍ ရှိသည်။ ယင်းတို့အနက် စကောကရင်၊ ပိုးကရင်၊ ဘွဲကရင်၊ ပကူးကရင် အနွယ် (၄) မျိုးမှာ ထင်ရှားသည်။ အချုပ်အားဖြင့် ပိုးကရင်နှင့် စကောကရင်တို့သည် အဓိကကျ၍ အရေးပါသော အနွယ်ကြီးများဖြစ်ကြသည်။

ပိုးကရင်တို့သည် မြေပြန့်ဒေသဖြစ်သော ပြည်၊ ထားဝယ်၊ မြိတ်၊ ရမည်းသင်း ကသာခရိုင်နှင့် တွံတေး၊ ကျောင်းကုန်း၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေဘို၊ အောက်ချင်းတွင်း နယ်များ၌ ပျံ့နှံ့ နေထိုင် ကြသည်။ ရေဝတီတိုင်းနှင့် ကရင် ပြည်နယ်၌ အစုလိုက် အနွယ်လိုက် နေထိုင်ကြသည်။ စကောကရင်တို့က ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြ တောင်ငူ ခရိုင်နှင့် ကော့ကရိတ်နယ် ဒေါနတောင်တန်း၊ လှိုင်းပွဲမြို့နယ်၊ ဖာပွန် မြို့နယ်များ၌ အများဆုံး နေထိုင်ကြသည်။

## ၁၂၅။ ကောင်းကင်သည် တိမ်နှင့် မကင်း၊ လူမှာလည်း အပြစ်နှင့် မကင်း

**ဆိုလိုရင်း။** ။လူသည် အပြစ်နှင့် မကင်းနိုင်ကြောင်း။

**ရှင်းလင်းချက်။** ။လူဆိုသည်မှာ အပြစ်အနာအဆာကင်းသူချည်း မဖြစ်နိုင်၊ အပြစ် အနည်းနှင့်အများ ရှိမည်ဟု မြင်သည်။ လူဖြစ်သည့်အတွက် အပြစ်ပြုမိသော် ခွင့်လွှတ်စိတ်ဖြင့် ရှုမြင်စေချင်သည်။ ကောင်းကင်သည် တိမ်နှင့် မကင်းသည့်တူ လူလည်း ထို့တူဖြစ်သည်ဟု လူ့သဘာဝကို ဖော်ပြသော စကားပုံဖြစ်သည်။



**အကျိုးသက်ရောက်ပုံ။** ။တဦးတယောက်က ခွင့်မလွှတ်နိုင်သော အပြစ်မျိုး ပြုလုပ်ခဲ့သော် ခွင့်လွှတ်စိတ်ဖြင့် ရှုမြင်သင့်သော အသိကိုရရှိပေသည်။

## ၁၂၆။ ကောင်းသောအစားအစာသည် အခက်အခဲကြားမှာရှိသည်

**ဆိုလိုရင်း။** ။ချမ်းသာသုခ (တနည်း) ကောင်းကျိုးချမ်းသာမှန်သမျှ လွယ်လွယ်နှင့် မရနိုင်။

**ရှင်းလင်းချက်။** ။ကောင်းသောအစားအစာကိုစားလိုလျှင် ခက်ခက်ခဲခဲလုပ်ကိုင် ရှာဖွေပြီးမှ ရနိုင်မည်။ အစားကောင်းသည် တန်ဖိုးကြီးမြင့်ရကား သာမန်အားထုတ်မှုဖြင့် မရနိုင်။ အဝတ်ကောင်း အသုံးအဆောင်ကောင်းမှစ၍ အကောင်းဟူသမျှလည်း ထို့အတူပင် ဖြစ်သည်။ ထို့ကြောင့် ကရင်တို့ကကောင်းကောင်းစားလိုက ကြိုးစားရန်၊ ချမ်းချမ်းသာသာ နေလိုက ဝီရိယစိုက်ထုတ်လုပ်ကိုင်ရန် ညွှန်ပြထားသော စကားပုံ ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ရေသာခိုအချောင်လိုက်ပြီး ချမ်းသာစွာနေလိုသူတို့ သတိပြုဖွယ်ဖြစ်သည်။ ထို့ပြင် ဝီရိယစိုက်ပြီး အားထုတ်ကြိုးပမ်းမှသာ ချမ်းသာသုခရရှိနိုင်မည်ဟု နှလုံးသွင်းသင့်သည်။

## ၁၂၇။ ငါးခူသည် ငါးခူနှင့်ပေါင်း၊ ငါးကျည်းသည် ငါးကျည်းနှင့်ပေါင်း

**ဆိုလိုရင်း။** ။အမျိုးတူချင်း ပေါင်းဖော်ရန်။

**ရှင်းလင်းချက်။** ။အမျိုးတူချင်းမှာ တဦး၏ဓလေ့ထုံးစံစရိုက်ကို တဦးကသိပြီးဖြစ်သည့်အတွက် ပေါင်းဖော်ရလွယ်သည်။ အမျိုးမတူလျှင် တဦးကအလေးအမြတ်ပြုသည့် အရာကို တဦးကအလေးထားရမှန်းမသိသည့်အတွက် အခက်အခဲအနှောင့်အယှက်များတွေ့ရတတ်သည်။ အမျိုးဘူ ဆိုသည့်အသိကလည်း ကူညီရိုင်းပင်းစိတ်ကို ဖြစ်ပေါ်စေတတ်သည်။ ထို့ကြောင့် အထက်ပါစကားပုံက ငါးခူမျိုးချင်း ငါးကျည်းမျိုးချင်းပေါင်းရန် ညွှန်ပြထားခြင်း ဖြစ်သည်။

14 U.P.—R. 193—200(0—16-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



အကျိုးသက်ရောက်ပုံ။ ။အမျိုး တူချင်း ပေါင်းဖော်ခြင်းဖြင့် အဆင် ပြေမှုကို ရနိုင်မည်။

၁၂၈။ စားရလည်းမပြုံးနှင့်၊ တော်လည်းမငိုနှင့်

ဆိုလိုရင်း။ ။လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်တတ်ရန်။

ရှင်းလင်းချက်။ ။ကရင်တို့က လောကဓံ၏ အနိမ့်အမြင့် ဖြစ်တတ်သည့်သဘောကို နှလုံးသွင်းပြီး မည်သို့ရင်ဆိုင်ရမည်ကို ပြဆိုထားသည်။ စားရသည့်အခါ၌လည်း စားရပြီဟူ၍ ပြုံးမနေရန်၊ တော်သည့်အခါ၌လည်း မစားရသည့်ဒုက္ခကြောင့် ငိုကြွေးမနေရန် ညွှန်ပြထားသည်။

အကျိုးသက်ရောက်ပုံ။ ။လောကဓံကို ကြုံတွေ့ရသည့်အခါ ရင်ဆိုင်ရမည့်နည်းကို သတိပြုစေသည်။

၁၂၉။ ညီအစ်ကိုမောင်နှမ အချင်းချင်း မိခင်ဖခင်လို့သဘောထား၊ အမေအဖေကို နတ်သိကြားလိုရှိသေ

ဆိုလိုရင်း။ ။ညီအစ်ကို မောင်နှမအချင်းချင်း ရှိသေလေးစားရန်၊ မိဘကိုရှိသေလေးစားရန်။

ရှင်းလင်းချက်။ ။ညီအစ်ကိုမောင်နှမ အချင်းချင်းမှာ မိခင်ဖခင်ပမာ ရှိသေလေးစားချစ်ခင်ရမည်။ မိဘကိုမူ နတ်သိကြားကဲ့သို့ ကိုးကွယ်ဆည်းကပ်ရမည်။ ဤသို့ အပြန်အလှန်သဘောထားဆက်ဆံကြခြင်းဖြင့် မိသားစုစည်းလုံးညီညွတ်စေမည်။ မိသားစုချစ်ခင် စည်းလုံးရေးလမ်းညွှန်စကားပုံဟု ဆိုရမည်။

အကျိုးသက်ရောက်ပုံ။ ။မိသားစုချစ်ခင်စည်းလုံးခြင်းဖြင့် အားလုံးစိတ်ချမ်းမြေ့သာယာစေမည်။ ကြီးပွားတိုးတက်မှုကို ရရှိစေမည်။



၁၃၀။ ထမင်းအဆာခံနိုင်လျှင် ထမင်းအကျက်စားရမည်။ ရေငတ်ခံနိုင်လျှင် ရေကြည်သောက်ရမည်။

ဆိုလိုရင်း။ ။စိတ်ရှည်ရှည် စောင့်ဆိုင်းခြင်းဖြင့် အလိုရှိရာရနိုင်မည်။ ကောင်းကျိုးခံစားရမည်။

ရှင်းလင်းချက်။ ။ထမင်းဆာသော်လည်း ထမင်းချက်နေသည့် ကာလကို စောင့်ဆိုင်းနိုင်မှ ထမင်းကျက်စားရမည်။ ရေဆာသော်လည်း ရေကြည်ရအောင် စစ်နေသည့်ကာလကို စောင့်နိုင်မှ ရေကြည်သောက်ရမည်။ ယင်းသို့ စောင့်နေရသည်ကို စိတ်မရှည်သည်းမခံနိုင်ပါမူ ထမင်းကျက်၊ ရေကြည်တို့ကို စားသောက်ရမည်မဟုတ်။

အကျိုးသက်ရောက်ပုံ။ ။စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းရမည့်အမှုကိစ္စမျိုးကို သည်းခံစိတ်ရှည်ရမည်။

၁၃၁။ ဓားထက်လွန်းလျှင်ပဲ့၊ လှံချွန်လွန်းလျှင်ကျိုး၊ ပူဖောင်းကြီးတော့ပေါက်

ဆိုလိုရင်း။ ။အလုပ်အကိုင် အပြောအဆိုတို့၌ တဘက်စွန်းရောက်လျှင် အကျိုးမဖြစ်ထွန်းရုံမက ပျက်စီးတတ်ကြောင်းကို ဆိုလိုသည်။

ရှင်းလင်းချက်။ ။ဓား လှံများသည် ထက်လွန်းလျှင် ခုတ်၊ ထစ်၊ ပစ်ခုတ်ကျိုးပဲ့သွားတတ်သည်။ ပူဖောင်းကြီးလွန်းလျှင် ပေါက်သွားတတ်သည်။ ဖော်ပြပါ ပစ္စည်းသုံးမျိုးစလုံးသည် ရှိသင့်သော အနေအထားသက်ကျော်လွန်ပြီး တဘက်စွန်းသို့ရောက်သွားလျှင် ပျက်စီးသွားတတ်ပေသည်။ ဓား လှံများက အလုပ်ကိုညွှန်းပြီး ပူဖောင်းကအပြောကို ရည်ညွှန်းပေသည်။ ထို့ကြောင့် အလုပ်တဘက်စွန်းရောက်လျှင် မကောင်းသည့်တူ အပြောမှာလည်း အပြောကြီးလွန်းသောတဘက်စွန်းရောက်လျှင် မကောင်းပေ။ နှစ်မျိုးစလုံးသည် မိမိ၏ဂုဏ်သိက္ခာကိုထိခိုက်စေတတ်သည်။ အထက်ပါ သဘောကိုပေါ်လွင်အောင် ကရင်တို့က ပဲ့၊ ကျိုး၊ ပေါက် ဟူသော မကောင်းမှု၏ အကျိုးဆက်ပြစကားများနှင့် ဖော်ပြထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။မည်သည့်ကိစ္စ၌မဆို အစွန်းတဘက်ရောက်အောင် မလုပ်ကိုင် မပြုမူမိရန် အရေးကြီးကြောင်း သင်ခန်းစာ ရစေသည်။

**၁၃၂။ ခေါ်မရမီ ခေါ်ရိုးခုတ်ထား၊ မိုးမကျမီ ခေါင်မိုးပြင်ထား**

**ဆိုလိုရင်း။** ။ကြိုတင်ပြင်ဆင်ထားရန်။

**ရှင်းလင်းချက်။** ။ခေါ်မရမီက ခေါ်ရိုးခုတ်ထားခြင်းဖြင့် ခေါ် ရလာသည့်အခါ အဆင်သင့်တပ်ပြီး ချက်ချင်းအသုံးပြုနိုင်မည်။ မိုးမကျမီက ခေါင်မိုးပြင်ထားခြင်းဖြင့် မိုးရွာလာသည့်အခါ မိုးလုံလေလုံနှင့် စိတ်အေးချမ်းသာစွာ နေရပေမည်။ ထို့ကြောင့် အထက်ပါ စကားပုံသည် ကြိုတင်ပြင်ဆင်မှုရှိရန် နှိုးဆော်ထားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ကြိုတင်ပြင်ဆင်ထားခြင်းသည် အကျိုးကျေးဇူးသာ ဖြစ်ထွန်းစေသဖြင့် ဝီရိယနည်းသူတို့ သတိပြုဆင်ခြင်ဖွယ် ဖြစ်သည်။

**၁၃၃။ ပူသောအစားအစာကို အေးအောင်လုပ်ပြီးမှစား၊ စကားကို စဉ်းစားပြီးမှပြော**

**ဆိုလိုရင်း။** ။ဒေါသဖြစ်နေစဉ် စကားမပြောပဲ စိတ်အေးချမ်းတော့မှသာစဉ်းစဉ်း စားစား ပြောဆိုရန်။

**ရှင်းလင်းချက်။** ။အစာကို ပူလောင်နေဆဲစားပါက အရသာကိုလည်း မသိနိုင်၊ လျှာမှာလည်း အပူဒဏ်ကို ခံရမည်။ သို့ဖြစ်၍ ပူသောအစာဆိုပါက အေးအောင်လုပ်ပြီးမှ စားသင့်သည်။ ထို့အတူ စကားပြောဆိုရာ၌လည်း ဒေါသဖြစ်ခိုက်မပြောဆိုသင့်။ ဒေါသဖြစ်ခိုက် ပြောမိပါက ပြောမှားဆိုမှားဖြစ်ပြီး သေးသောအမှုသည် ကြီး၊ ကြီးသောအမှုသည် ဖြေရှင်းမရနိုင်အောင် ဖြစ်သွားတတ်ပေသည်။ ထို့ကြောင့် ကရင်တို့က စကားပြောဆိုမှု



အရေးကြီးပုံကို သိမြင်လွယ်အောင် မှတ်မိလွယ်အောင် နေ့စဉ် စားသုံးသောအစာနှင့် နှိုင်းပြပြီး မှာကြားထားခြင်းဖြစ်သည်။ စကားကို မစဉ်းစားမချင့်ချိန်ပဲ ပြောဆိုမှုကြောင့် အကျိုးဆုတ်ယုတ်သောသာဓက အမြောက်အမြားလည်း ရှိပေသည်။ ထို့ကြောင့် စကားကို အစွန်းလွတ်အောင် အစစချင့်ချိန်ပြီး ပြောဆိုသင့်သည်။

**အကျိုးသက်ရောက်ပုံ။** ။စကားကို ရှူးရှူးဒိုင်းဒိုင်းမပြောပဲ စဉ်းစားချင့်ချိန်ပြီး ပြောသင့်သောအသိများ ရပေသည်။

**၁၃၄။ ဖြောင့်မတ်လျှင် ခေါ်၍မကုန်၊ မဖြောင့်မတ် လိမ်လည်တတ်သူ ခေါ်၍မဝ**

**ဆိုလိုရင်း။** ။ဖြောင့်မတ်ခြင်း၏ တန်ဖိုးကြီးပုံ။

**ရှင်းလင်းချက်။** ။လူဟူ၍ဖြစ်သလျှင် ဝလင်အောင်စားရရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်၏။ ယင်း လိုအပ်ချက်ကို ရိုးသားဖြောင့်မတ်သူသည် လွယ်ကူစွာ ဖြည့်ဆည်းရယူနိုင်သည်။ ဖြောင့်မတ်သည့်အတွက် အလုပ်အကိုင်ရရှိရေးမှာလည်း မခက်ခဲ။ အလုပ်အကိုင်လွယ်လျှင် စားရေးမှာ ဖူလုံတော့သည်။ မဖြောင့်မတ်သူမှာမူ မည်သူ၏ ယုံကြည်မှုကိုမျှ ခံရမည်မဟုတ်သဖြင့် စားရေးအတွက် အခက်ကြုံရတော့မည်၊ ဝမ်းလည်း ဝတော့မည် မဟုတ်ချေ။

**အကျိုးသက်ရောက်ပုံ။** ။ရိုးသားဖြောင့်မတ်သူဖြစ်အောင် ကျင့်ကြံအားထုတ်ရန် အရေးကြီးလှသည်။

**၁၃၅။ ရေအိုင်သာယာလျှင် ငါးများသည်၊ အပြောသာလျှင် မိတ်ဆွေများသည်**

**ဆိုလိုရင်း။** ။သက်သောင့်သက်သာ ပြောတတ်ခြင်းသည် မိတ်ဆွေ[illegible]ပဟ ပွားများစေကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းလင်းချက်။** ။သာသာယာယာပြောသည်ကို လူတိုင်း နှစ်သက်လိုလားတတ်ကြ၏။ ထို့ကြောင့် အပြောသာလျှင် မိတ်ဆွေများတတ်ပုံကို ရေအိုင်သာယာလျှင် ငါးများသည့် သာဓကနှင့် ယှဉ်ပြထားခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အပြောသာခြင်းသည် အကျိုးကျေးဇူး ဖြစ်ထွန်းစေသဖြင့် အပြောသာအောင် ကြိုးစားကြရသည်။

**၁၃၆။ ငါးများလျှင်မြစ်ကူးနိုင်၏၊ လူများလျှင် အလုပ်ပြီးနိုင်၏**

**ဆိုလိုရင်း။** ။စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကြီးပုံ (တနည်း) စုပေါင်းအား၏ အကျိုးကြီးမားပုံ။

**ရှင်းလင်းချက်။** ။ငါးသည် အခေါင်းပါပြီး ပေါ့ပါးသော အရာဝတ္ထုဖြစ်သောကြောင့် ရေပေါ်တွင်ပေါ်နိုင်သည်။ ငါးအများစုစည်းပြီး ဖောင်ဖွဲ့လိုက်လျှင် မြစ်ကိုပင်ကူးသွားနိုင်သည်။ ထို့အတူ လူတဦးတယောက်တည်းနှင့် မပြီးသောအလုပ်ကို လူအများဝိုင်းဝန်းလုပ်ပါက ပြီးမြောက်သွားနိုင်သည်။ အထက်ပါ စကားပုံသည် လူများသည့်အားကိုသာမက လူများပြီး စည်းလုံးညီညွတ်ခြင်းရှိရမည့်သဘောကိုပါ ဆိုလိုပေသည်။

**အကျိုးသက်ရောက်ပုံ။** ။စည်းလုံးညီညွတ်ခြင်းကြောင့် အကျိုးထူးများ ရနိုင်ပုံကို နှလုံးသွင်းပြီးလျှင် တအိမ်ထောင်ချင်း၊ တမျိုးရွာချင်းမှစ၍ တတိုင်းပြည်လုံးအထိ စည်းလုံးညီညွတ်ကြအောင် ကြိုးပမ်းရသည်။

**၁၃၇။ သူတပါးကထ၍ပြောလျှင် ထိုင်၍ပြန်ပြောပါ၊ သူတပါးကထိုင်၍ပြောလျှင် အိပ်၍ပြန်ပြောပါလေ**

**ဆိုလိုရင်း။** ။သည်းခံအပ်ခြင်းပြ။

**ရှင်းလင်းချက်။** ။ထပြောခြင်းဟူသည် အတွင်းစိတ်လှုပ်ရှားမှုကြောင့် ကိုယ်အမူအရာပြောင်းသွားပြီး ရန်ဖြစ်တော့မည့်ဟန်ကိုဆိုလိုသည်။ တဘက်သားက ထပြောလျှင်



မိမိက အေးအေးသက်သာထိုင်ပြောရန်။ မိမိကထိုင်သဖြင့် တဘက်သားကပါထိုင်ပြောပြန်လျှင် အပျော့ဝပ်ဆုံးသော အအိပ် အနေအထားဖြင့် ပြောရန် ဖြစ်သည်။ ဤနည်းဖြင့် ရန်အတုံ့အလှည့်မဖြစ်တော့ပဲ ရန်အေးငြိမ်းသွားပေမည်။

**အကျိုးသက်ရောက်ပုံ။** ။ဒေါသဖြင့် ဆက်ဆံလာသူကို မည်သို့သည်းခံရမည်ဟူသောအသိကိုပေးသည်။

**၁၃၈။ သစ်တုံးနှင့်မိတ်ဖွဲ့လျှင်မှိုစားရ၏၊ တောင်ပို့မကောင်းက မှိုမပေါက်**

**ဆိုလိုရင်း။** ။မိတ်ဆွေဖွဲ့ခြင်း။

**ရှင်းလင်းချက်။** ။မှိုသည် သစ်တုံး၊ တောင်ပို့တို့၌ပေါက်တတ်၏။ သစ်တုံးမှိုမှာ တောင်ပို့မှိုလောက် စားမကောင်း။ တောင်ပို့မှိုကကောင်းသော်လည်း တောင်ပို့မကောင်းက မှိုပေါက်မည်မဟုတ်၊ သစ်တုံးကမူ မှိုရမည်ဖြစ်သည်။ ထို့ကြောင့် သစ်တုံးနှင့်မိတ်ဖွဲ့လျှင် မှိုစားရမည် မှန်သော်လည်း တောင်ပို့နှင့်မိတ်ဖွဲ့က တောင်ပို့မကောင်းလျှင် မှိုစားရမည်မဟုတ်။

**အကျိုးသက်ရောက်ပုံ။** ။တောင်ပို့ကဲ့သို့ ဟိတ်ဟန် ရှိသူများကို အထင်တကြီး မိတ်ဆွေဖွဲ့သော်လည်း အကျိုးပြုချင်မှပြုမည်။ သစ်တုံးကဲ့သို့ ဟိတ်ဟန်မရှိ ရိုးသားသူတို့နှင့် မိတ်ဆွေဖွဲ့လျှင် အကျိုးဖြစ်ထွန်းနိုင်မည်။

**၁၃၉။ သစ်ပင်ကောက်သည်ကိုမြင်နိုင်သည်၊ ဝါးပင်ကောက်သည်ကိုမြင်နိုင်သည်၊ လူစိတ်သဘောကောက်ကျစ်လျှင်ကား မမြင်နိုင်**

**ဆိုလိုရင်း။** ။လူ့အတွင်းသဘောကိုပြသည်။

**ရှင်းလင်းချက်။** ။သစ်ပင်ဝါးပင်ကောက်သည်ကို မျက်စိဖြင့် ထင်ထင်ရှားရှား မြင်တွေ့နိုင်သည်။ လူ့အတွင်းသဘော ကောက်ကျစ်သည်ကိုမူ မမြင်နိုင်။ အတွင်းစိတ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်သောသူသည် မိမိ၏အတွင်းသဘောကို သူတပါးမမြင်သာအောင် ပရိယာယ်ဖြင့် ဖုံးလွှမ်းထားတတ်၏။ ထိုကဲ့သို့သောသူမျိုးကို အချိန်ရှည်ကြာစွာအနီးကပ်၍ လေ့လာ ပေါင်းသင်းကြည့်မှသာ ရိပ်မိ၍ သိရှိနိုင်ပေသည်။ ဖော်ပြပါ စကားပုံသည် မြင်နိုင်ခဲ့သော လူ့သဘောကို မြင်လွယ်သောသစ်ဝါးကောက်သာကေဖြင့် ဆန့်ကျင်နှိုင်းပြထားခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။လူတို့၏ အတွင်းသဘောကောက်ကျစ်ခြင်းကို အပေါ်ယံမှ မြင်နိုင်ရန်ခက်ခဲလှကြောင်း သိရှိရသည်။

## (၉) ချင်း

ချင်းတို့တွင် အနွယ်ပေါင်းမြောက်မြားစွာရှိကြ၏။ ရခိုင်တောင်ပိုင်း၌ "ခူမီး" အနွယ်ဝင်၊ ချင်းတောင် တောင်ပိုင်း မင်းတပ်၊ ကန်ပက်လက်၊ မတူပီနယ်များ၌ ချိုအနွယ်ဝင်များဖြစ်၍ အနွယ်ခွဲများမှာ မွင်း၊ ရောင်တူ၊ အူးပု၊ ဇိုတုံး၊ လောက်တူ၊ မတူ၊ မိရန်၊ ယင်းဒူး နှင့်မကန်းအနွယ်များဖြစ်ကြသည်။ မြောက်ပိုင်း ဖလမ်းနယ်၌ ယဟော၊ ဟူးဟယ်(လ်)ငို၊ ဇန်နီးအက်၊ ခူးအယ်ရှီး(မ်)ဇွန်း၊ တာရှန်းနှင့် ကိုင်ဇို အနွယ်များရှိကြသည်။ ဟားခါး နယ်၌ ဟားခါးချင်းများ၊ တီးတိန်နယ်၌ ဆိုင်းယံ၊ ဆီယံ၊ တေယံ၊ ထားဒိုဇို၊ ခေါင်ဆိုင်နှင့် ခွာဒိုးအနွယ်၊ ရေဝတီမြစ်အနောက်ဘက်ကမ်းမြေပြန့်ပိုင်း၊ သရက်၊မင်းတုန်းနှင့် ငဖဲနယ် များ၌ အရှိုချင်းများနေထိုင်ကြသည်။

ချင်းလူမျိုးတို့ မွေးမြူသော တိရစ္ဆာန်များတွင် နွားနောက်မှာ အရေးပါသော တိရစ္ဆာန်ဖြစ်သည်။ ချင်းအမျိုးသားတဦးသည် ကျွဲ၊ နွား၊ ဝက်၊ ကြက် စသောအခြား တိရစ္ဆာန်များစွာကို ပိုင်ဆိုင်ထားစေကာမူ ယင်း၏ဂုဏ်သရေနှင့် ကြွယ်ဝချမ်းသာမှုသည် နွားနောက် မည်မျှမည်မျှပိုင်ဆိုင်သည်ဆိုသည့် အပေါ်၌သာတည်သည်။ ချင်းအမျိုးသား တို့၏ သာရေး နာရေးကိစ္စအရပ်ရပ်တို့တွင် နွားနောက်ကိုသတ်၍ ဧည့်ခံကျွေးမွေးနိုင်မှ ချင်းလူမျိုးတို့ ဓလေ့ထုံးစံအရ အမွန်မြတ်ဆုံးသောဂုဏ်ကို ရနိုင်သည်။ နွားနောက်သည် တန်ဖိုးလည်းကြီးလှ၍ လူတိုင်းမမွေးနိုင်ကြချေ။ နွားနောက်တကောင်တန်ဖိုးမှာ ရှေးအခါက ငွေသား ၃၅ ကျပ်မှ ၇၅ ကျပ်အထိရှိသည်။ ယခုခေတ်တန်ဖိုးမှာ ကျပ် ၁၅၀ မှကျပ် ၆၀၀



အထိရှိသည်။ ရိုးရိုးနွားတကောင်၏ တန်ဖိုးမှာ ကျပ် ၁၀၀ မှ ကျပ် ၂၅၀ အတွင်းဖြစ်၏။ အမျိုးအနွယ် အကြီးအကဲများမှာ နွားနောက်ကောင်ရေအများဆုံး ၂၀ မှ ၅၀ အထိ ပိုင်ဆိုင်ကြသည်။

ချင်းတို့၏ဓလေ့ထုံးစံနှင့် တရားစီရင်ထုံးတွင် အပြစ်ပေးခြင်း သို့မဟုတ် ကျူးလွန်သူက ကျူးလွန်ခံရသူအား လျော်ကြေးပေး၍ ကျေအေးစေသည့် ဖျန်ဖြေဖြတ်ဆုံးများ ဖြစ်သည်။ ရပ်ရွာနှင့်သက်ဆိုင်သော အမှုမျိုးဖြစ်လျှင် ရပ်ရွာသန့်ရှင်းရေးအတွက် လျော်ကြေးပေးရသည်။ အကြီးဆုံးပြစ်မှုမှာ လူသတ်မှုဖြစ်သည်။ လူသတ်မှုအတွက် နွားနောက် နှစ်ကောင်နှင့် ငွေကျပ် ၅၀၀ လျော်ကြေးပေးရသည်။ရပ်ရေးရွာရေးတွင်မကူညီပဲ အာဏာ ဖီဆန်သော် ဝက်တကောင်မှ နွားနောက်တကောင်အထိ ရွာကိုလျော်ရသည်။ အောက်ပါ စကားပုံသည် နူးညံ့စွာပြောဆိုခြင်းဖြင့် နွားနောက်ကြွေးပင် ကျေစေနိုင်သဖြင့် အပြောနှင့် ပတ်သက်၍ သွန်သင်ထားသောစကားပုံဖြစ်သည်။

### ၁၄၀။ ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျော်ရသည်၊ နူးညံ့သောစကားကြောင့် နွားနောက်ကြွေးကျေရသည်

**ဆိုလိုရင်း။** ။နူးညံ့စွာပြောဆိုအပ်ကြောင်း။

**ရှင်းလင်းချက်။** ။ချင်းလူမျိုးတို့က နူးညံ့စွာ ပြောဆိုခြင်းကို နှစ်သက်အားပေး ကြသည်။ ကြမ်းတမ်းသောစကားကြောင့် နှုတ်လွန်လက်လွန်ဖြစ်ကာ တရားမှုခင်းဖြစ်ပြီး နွားနောက်လျော်ရသည်။ နူးညံ့သောစကားသည် တင်ရှိနေသော နွားနောက်ကြွေးပင် ကျေရသည်ဟု ဆုံးမထားသည်။

**အကျိုးသက်ရောက်ပုံ။** ။နူးညံ့စွာ ပြောဆိုခြင်းသည် ရန်ကိုပင် ပြေစေနိုင်သဖြင့် အပြောကို ဂရုပြုအပ်သည်။

### ၁၄၁။ ချောင်းရိုးခန်းသလို၊ မျိုးရိုးမခန်း

မြန်မာစကားပုံ (၁၂) ချောင်းရိုးမြောင်းရိုးသာတိမ်ကောသည်၊ လူမျိုးမတိမ်ကော ကိုကြည့်ပါ။

15 U.P.—R. 193—20000—16-10 80. M.M.

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၂။ ဂျီကောင်ကလေးသည် အမေဂျီကောင်ကဲ့သို့ နီသည်

ဆိုလိုရင်း။ ။သားသမီးသည် မိခင်နှင့် စရိုက်သွင်ပြင်တူတတ်သည်။

ရှင်းလင်းချက်။ ။မျိုးရိုးဗီဇကိုဖော်ပြသော စကားပုံဖြစ်သည်။ ဂျီကောင်ကလေးသည် အမေဂျီကောင်ကဲ့သို့ နီသည်ဟုဆိုခြင်းမှာ သားသမီးသည် မိခင်၏စရိုက်သွင်ပြင်နှင့် တူတတ်ကြောင်း ဆိုသည်။ အမိက နူးညံ့သိမ်မွေ့လျှင် သားသမီးများလည်း ထို့အတူပင် ဖြစ်တတ်သည်။

အကျိုးသက်ရောက်ပုံ။ ။သားသမီး လိမ္မာရေးခြားရှိစေရန် မိခင်ကိုယ်တိုင်က နည်းပေးလမ်းပြ ပြုမူနေထိုင်သင့်သည်။

## ၁၄၃။ နွားနောက်ဝင်ပြီးမှ စည်းရိုးကာသည်

ဆိုလိုရင်း။ ။လုပ်သင့်လုပ်ထိုက်သည့်ကိစ္စကို အချိန်လွန်မှ ဆောင်ရွက်ခြင်း။

ရှင်းလင်းချက်။ ။နွားနောက်သည် တောင်ယာနှင့်ခြံတွင်းသီးနှံများကို စားသောက်ဖျက်ဆီးတတ်သည်။ ထို့ကြောင့် ခြံ၊ ယာစိုက်ပါက စောစောကပင်ကြိုတင်၍ စည်းရိုးခိုင်ခိုင်ကာရံထားရမည်။ အကာအရံမရှိပါက နွားနောက်ဝင်မည်သာဖြစ်သည်။ ထိုအခါ မိမိ ဖွဲ့စည်းလည်းပျက်၊ နွားရှင်နှင့်လည်း စကားများရပေမည်။ ခြံစည်းရိုးကို ကြိုကြိုတင်တင် ကာရံထားပါက အကျိုးထိခိုက်ခြင်းများနှင့်မတွေ့ရပဲ စိတ်အေးချမ်းသာရပေမည်။

လန့်စကားပုံ "ကလေးကျပြီးခါမှ လှေကားထောင်သည်၊ သားကောင်လွန်ပြီးခါမှ ခေါ့ဟောင်သည်" မြန်မာစကားပုံ "မိုးလွန်မှထွန်ချ" နှင့် သဘောသွားတူသည်။

**အကျိုးသက်ရောက်ပုံ။** ။လုပ်ရန်ရှိသည့် လုပ်ငန်းဆောင်တာများကို ကြိုတင်ပြင်ဆင်ပြီး လုပ်ကိုင်ထားသင့်သည်။ အချိန်နှောင်းမှလုပ်လျှင် အကျိုးထိခိုက်နစ်နာရတတ်ပေသည်။



## ၁၄၄။ ဘာမဆို ကံကြမ္မာပေါ်မှာတည်သည်

ဆိုလိုရင်း။ ။အမှုကိစ္စမှန်သမျှ ကံကြမ္မာပေါ်မှာတည်ကြောင်း။

ရှင်းလင်းချက်။ ။ကံဟူသည် ကမ္မ = အမှုအလုပ်ကိုဆိုရာ မိမိခံစားရသော အဆိုးအကောင်းမှန်သမျှ မိမိလုပ်ဆောင်ချက်ပေါ်တည်ကြောင်း ချင်းလူမျိုးတို့၏ ကံအမြင်ကို ဖော်ပြသောစကားပုံဖြစ်သည်။ မြန်မာ၌လည်း အလားတူစကားပုံ အများအပြားရှိပေသည်။

အကျိုးသက်ရောက်ပုံ။ ။ကောင်းကျိုးဖြစ်ရန် ကောင်းသည့်အမှုကို ပြုအပ်ကြောင်း သတိပြုစေသည်။

## ၁၄၅။ မေတ္တာဖြင့်အရင်းတည်လျှင် မေတ္တာတုံ့ပြန်၍ ရန်ဖြင့်အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်

ဆိုလိုရင်း။ ။မိမိလိုချင်ရာကို အရင်းတည်လျှင် အလားတူ တုံ့ပြန်ခံရမည်။

ရှင်းလင်းချက်။ ။မေတ္တာအရင်းတည်လျှင် မေတ္တာရပြီး ရန်အရင်းတည်လျှင် ရန်ရနိုင်ပုံကို ဖော်ပြသော အဖိုးတန်စကားပုံ ဖြစ်သည်။ ရန်စရှိသူနှစ်ဦးသည် ပဦးနှင့်တဦး ရန်ဖြင့်သာ တပြန်တလှည့် ဆက်ဆံနေပါက မည်သည့်အခါမျှ ရန်မအေးနိုင်၊ တဦးဦးက မေတ္တာဖြင့်ဆက်ဆံပြီး ရန်စဖြတ်မှ ရန်ပြေငြိမ်း နိုင်ပေမည်။ "တဦးမေတ္တာ တဦးမှာ" "ကိုယ့်မေတ္တာ သူ့မေတ္တာ"ဟူသော မြန်မာ့ဆိုရိုးစကားများနှင့် အလားတူဖြစ်သည်။

အကျိုးသက်ရောက်ပုံ။ ။ဖြူစင်သော မေတ္တာစိတ်အခြေခံဖြင့် ဆက်ဆံပါက မိတ်ကောင်း ဆွေကောင်းများရပြီး ဘဝ၌စိတ်အေးချမ်းသာ ရပေမည်။ ရန်ဖြင့်ဆက်ဆံနေပါက လူမုန်းများပြီး စိတ်မချမ်းမသာ ဖြစ်ရတတ်ပေမည်။ ထို့ကြောင့် မိမိ၏စိတ်ထား အပြုအမူ အပြောအဆိုကို အစဉ်သုံးသပ်ကြည့်ပြီး ရန်စိတ်မမွေး မေတ္တာစိတ်သာ မွေးအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### ၁၄၆။ များများလိုချင်ချင် နည်းနည်းရ

မြန်မာစကားပုံ (၉၅) အလိုကြီး အရနည်းကို ကြည့်ပါ။

ချင်းလူမျိုးများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ တောင်ပေါ်ဒေသဖြစ်သဖြင့် တောခုတ်၊ တောင်ယာမီးရှို့ပြီး တနေရာမှ တနေရာသို့ ရွှေ့ပြောင်းစိုက်သော တောင်ယာစိုက်ပျိုးနည်း ဖြစ်သည်။ အမြင့်ပေ ၄၀၀၀ ခန့်ရှိသော နေရာများ၌ ကျွန်းသစ် အမျိုးမျိုး ပေါက်ရောက်နေပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ပင်များကိုလည်း ချင်းတောင် အတက် တောင်ကမ်းပါးယံတလိုက်၌ တွေ့ရှိနိုင်သည်။

သစ်ကြီး ဝါးကြီးများကို အိမ်ဆောက်ရန် "တွမ်ပွဲ" ပြုလုပ်သော အထိမ်းအမှတ် တိုင်စိုက်ရန်၊ အိမ်ရှေ့ကွက်လပ်၌ ပျဉ်ခင်းရန်၊ သေဆုံးသူများအတွက် မှတ်တိုင်စိုက်ရန် အတွက် ခုတ်ယူအသုံးပြုလေ့ရှိကြသည်။ ချင်းတောင်သည် သစ်ကြီးဝါးကြီးများ ပေါက်ရောက်သော်လည်း အဓိကရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေးလုပ်ငန်း လူမှုအသုံးအဆောင်များအတွက် သစ်ပင် အများအပြားကို ခုတ်ယူကြသည်။ သစ်ကြီး ဝါးကြီး မျိုးစေ့များမှာလည်း တောမီးလောင်ရပါသဖြင့် သစ်ပင်ပေါက်နည်းလာသည်။ ပေါက်စအပင်များမှာ ထင်းခုတ်ခံရ၊ မီးသင့် လေတိုက် ခံရသဖြင့် သစ်တောပြုန်းမည်ကို စိုးရိမ်နေရပေသည်။ ထို့ကြောင့် အမြော်အမြင်ရှိသော ချင်းလူကြီးသူမများက တောမပြုန်းရန် အရေးကြီးပုံကို အောက်ပါစကားပုံနှင့် သတိပေးကြသည်။

### ၁၄၇။ သစ်ပင်ကြောင့် မိုးရွာ၍၊ မိုးကြောင့် သစ်ပင်ပေါက်ရသည်

ဆိုလိုရင်း။ ။မိုးနှင့်သစ်ပင်သည် တခုနှင့်တခု အပြန်အလှန် မှီတွယ် အကျိုးပြုနေကြောင်း။

ရှင်းလင်းချက်။ ။မိုးနှင့်သစ်ပင်သည် အပြန်အလှန်မှီတွယ်ကာ အကျိုးဖြစ်ထွန်းနေပေသည်။ ထို့အတူ လောက၌ မိုးနှင့်သစ်ပင်ကဲ့သို့ တဦးအပေါ်တဦး မှီတွယ်ကာ နှစ်ဦးစလုံး အကျိုးဖြစ်ထွန်းရသော ကိစ္စများ၌လည်း အထက်ပါစကားပုံကို သုံးလေ့ရှိကြသည်။



"ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"ဟူသော မြန်မာစကားပုံနှင့် တူပေသည်။ ဖော်ပြပါစကားပုံသည် ချင်းတောင်တန်း၌ အရေးကြီးသော သစ်တောမပြုန်းတီးရေးကို တဘက်တလမ်းက ထိန်းပေးနေရသည်ဟု ဆိုနိုင်သည်။ သစ်ပင်သည် ရာသီဥတုကို ထိန်းသည်။ ရာသီဥတုသည် ချင်းလူမျိုးများ၏ စီးပွားရေးကို အကျိုးပြုစေ ဆုတ်ယုတ်စေနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။တဦးနှင့်တဦး အမှီသဟဲပြုကာ နှစ်ဦးစလုံး အကျိုးဖြစ်ထွန်းရသော ကိစ္စမျိုး၌ တဦးအကျိုးကိုတဦးက မထိခိုက်အောင် စောင့်ထိန်းရန်သတိပြုသင့်ကြောင်း တွေ့ရှိရသည်။

## (၁၀) လူရှေ

လူရှေတို့သည် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ရှိ "တာဟန်း" ကျေးရွာ အပါအဝင် ကျေးရွာ (၁၄) ရွာခန့်၌ နေထိုင်ကြသည်။

### ၁၄၈။ ကောင်းသောလမ်းသည် မတ်စောက်ပြီး မကောင်းသောလမ်းသည် ညီညာသည်

ဆိုလိုရင်း။ ။လူတော်လူကောင်းဖြစ်ရန် ခက်ခဲသလောက် လူဖျင်းလူညံ့ဖြစ်ရန် လွယ်ကူသည်။ တနည်း ကောင်းရန် ခက်၍ ဆိုးရန်လွယ်သည်။

ရှင်းလင်းချက်။ ။လူတော်လူကောင်းဟူသည် လွယ်လွယ်နှင့် မဖြစ်နိုင်။ ဗီဇ ပတ်ဝန်းကျင်၊ အလေ့အလာ၊ ကြိုးစားအားထုတ်မှု စသော အကြောင်းများကြောင့်သာ ဖြစ်လာနိုင်သည်။ ထို့ကြောင့် လူတော်လူကောင်းဖြစ်ရန် ကြိုးပမ်းရသည်မှာ မတ်စောက်သောလမ်းပမာ အတက်ရခက်လှသည်။လူဖျင်းလူညံ့ဟူသည် မည်သို့မျှကြိုးစားအားထုတ်ရန် မလို၊ ပျင်းရိငြီးငွေ့စွာ အချိန်ကို အလဟဿ ဖြုန်းတီးနေခြင်းအားဖြင့် ဖြစ်လာနိုင်ပေရာ လူဖျင်းလူညံ့ ဖြစ်ရေးသည် ညီညာသောလမ်းကို လျှောက်ရသည့်ပမာ လွယ်ကူလှသာ လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။လူကောင်း လူညံ့ ဖြစ်ရေး၏ ဆန့်ကျင်ဘက် လမ်းနှစ်သွယ်ကို မြင်တွေ့နိုင်ပြီး မိမိကိုယ်တိုင် လူတော်လူကောင်း ဖြစ်လာအောင် ကြိုးစားသင့်ကြောင်းသတိပြုရသည်။

**၁၄၉။ ကျားသောနွားနောက်က ကျားသောနွားနောက်ပင် မွေးတတ်၍ ကျားကလည်း ကျားကိုပင် မွေးတတ်သည်၊ ဆီးဖြူပင်က အခြားသစ်သီးများမသီးတတ်ချေ**

**ဆိုလိုရင်း။** ။မျိုးရိုးဗီဇပြ။

**ရှင်းလင်းချက်။** ။တိရစ္ဆာန်ပင်ဖြစ်စေ၊ သစ်ပင် ပင်ဖြစ်စေ မျိုးရိုးကို လိုက်ပြီး ပေါက်ဖွားလာတတ်သည်။ မြန်မာစကားပုံ "ငှက်ပျောပင်စိုက် မိလိုက်ဖပါ"နှင့် အလားတူဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မျိုးရိုးဟူသည် အစဉ်လိုက်တတ်ကြောင်း သိရသည်။

**၁၅၀။ ပြောပြီးသားစကားနှင့် ဖိတ်ပြီးသောရေကို ပြန်၍မကျုံးနိုင်တော့ပါ**

**ဆိုလိုရင်း။** ။စကားပြောရာ၌ ဆင်ခြင်ဘပ်ကြောင်း။

**ရှင်းလင်းချက်။** ။စကားပြောသည့်အခါ မချင့်ချိန်ပဲ အလွန်အကျွံမပြောသင့်။ စကားလွန်သွားသဖြင့် တဘက်သားကို ထိခိုက်လျှင်ဖြစ်စေ မှားသွားလျှင်ဖြစ်စေ ပြန်ရုပ်သိမ်း၍မရနိုင်တော့ပေ။ ထို့ကြောင့် လူရှေ့တို့က လွန်သွားသောစကားသည် ဖိတ်သွားသောရေနှင့်တူသည်။ ဖိတ်ပြီးသောရေကို ပြန်ကျုံးယူရန်မရသကဲ့သို့ ပြောပြီးသားစကားကိုလည်း ပြန်သိမ်း၍မရဟုဆိုကြသည်။ မြန်မာ "ကြွမ်းကျံ နှုတ်ရ၊ စကားကျံ နှုတ်မရ" ရခိုင် "ကြမ်းကျံကေ နှုတ်ရ၊ စကားကျံကေ နှုတ်မရ" စကားပုံတို့သည် အထက်ပါစကားပုံနှင့် သဘောတူဖြစ်သည်။



**အကျိုးသက်ရောက်ပုံ။** ။လူများသည် နေ့စဉ်စကားပြောဆိုနေကြရသဖြင့် စကားသည် အရေးကြီးလှ၏။ စကားကြောင့် ချစ်ကြမုန်းကြရတတ်ပေသည်။ ထို့ကြောင့် စကားပြောရာ၌ အစွန်းလွတ်အောင်ပြောတတ်ရန် လိုအပ်ကြောင်း သတိပြုစေသည်။

**၁၅၁။ ။လောဘကြီး၍ ကြမ်းကြုတ်သောသူ၏ကြီးပွားခြင်းသည် ယာယီမျှသာဖြစ်သည်**

**ဆိုလိုရင်း။** ။လောဘကြီးခြင်းနှင့် ကြမ်းကြုတ်ခြင်းကိုအခြေခံသော ကြီးပွားမှုသည် တာရှည်မခံ။

**ရှင်းလင်းချက်။** ။လောဘတကြီးနှင့် ပစ္စည်းဥစ္စာရှာဖွေရရှိလာလျှင် မိမိပတ်ဝန်းကျင်၏ နှစ်သက်လိုလားမှုကို ခံရမည်မဟုတ်။ တဖန်ကြမ်းကြုတ်ခြင်းပါ ရောစွက်လာပါက စောင့်ထိန်းအပ်သော လူ့ကျင့်ဝတ်သိက္ခာကို ချိုးဖောက်နေသဖြင့် လူအများ၏ မလိုမုန်းထားကိုသာ ခံရပေတော့မည်။ထို့ကြောင့် ဖော်ပြပါနှစ်ချက်အကြောင်းရင်းဖြင့်ရလာသော ဥစ္စာပစ္စည်း၊ တိုးတက်လာသောကြီးပွားချမ်းသာသည် ခဏမျှသာခံပေမည်။

**အကျိုးသက်ရောက်ပုံ။** ။တရားနည်းလမ်းမကျသော ကြီးပွားတိုးတက်ခြင်းမျိုးကို သတိပြုရသည်။

**၁၅၂။ ဝေဝေမျှမျှလုပ်တတ်သောသူသည် အသက်ရှည်တတ်၍၊ တကိုယ်ကောင်းကြံပြီး စားတတ်သောသူသည် အသက်တိုလေ့ရှိသည်**

**ဆိုလိုရင်း။** ။တကိုယ်ကောင်းမကြံပဲ မျှမျှတတ ဝေစားရန်။

**ရှင်းလင်းချက်။** ။ဝေဝေမျှမျှလုပ်တတ်ခြင်း၏ အကျိုးကျေးဇူးကြီးပုံနှင့် [illegible]ကိုယ်ကောင်းကြံခြင်း၏ အကျိုးမဲ့ပုံကို နှိုင်းယှဉ်ပြထားခြင်းဖြစ်သည်။ ဝေဝေမျှမျှ[illegible]သည် မိမိဖို့ကိုချည်းမကြည့်၊ မိမိလည်းစား သူတပါးအားလည်း ခွဲဝေပေး၏။ မိမိစားရသဖြင့် စိတ်ချမ်းသာရသည့်တူ သူတပါးစားရသည်ကိုမြင်ပြီး စိတ်ချမ်းမြေ့မှုကို ထပ်ဆင့်

www.burmeseclassic.com



ရအုံးမည်ဖြစ်သည်။ ထိုသူမှာ အတ္တ ပရ မျှသဖြင့် ကိုယ်စိတ်ချမ်းသာပြီး အသက်ရှည်မည်။ တကိုယ်ကောင်းကြံသူမှာ မိမိအတွက်ချည်းကိုသာ ကြည့်နေသဖြင့် သူတပါးဒုက္ခကိုနားမလည်နိုင်။ ထိုသူမှာ စိတ်ချမ်းမြေ့မှုမရနိုင်သည့်အတွက် အသက်တိုလေ့ရှိသည်ဟု ဆိုပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အတ္တ ပရ နှစ်ဘက်မျှအောင် အားထုတ်ရသည်။

## (၁၁) တအာန်း

တအာန်းမှာ ပလောင်ကိုပင် ဆိုသည်။ ယင်းတို့ အချင်းချင်း"တအာန်း"ဟု ခေါ်ကြသည်။ ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် "တောင်ပိုင်နယ်"၌ အများဆုံးနေထိုင်ကြပြီး နမ္မတူ၊ သီပေါ၊ မိုးမိတ်နယ်များတိုင်အောင် ပျံ့နှံ့နေထိုင်ကြပေသည်။ ပလေးခေါ် ပလောင်အနွယ်ဝင်တို့သည် ရှမ်းပြည်တောင်ပိုင်း ကလောနယ်အတွင်းပိုင်း၌ အများဆုံးနေထိုင်ကြသည်။

### ၁၅၃။ ကျီးလိုဝိုင်းကူညီပြီး၊ ကြက်သွန်ဖြူဥလို စုစည်းပါ

**ဆိုလိုရင်း။** ။မိမိတို့အချင်းချင်း ဝိုင်းဝန်းကူညီပြီး စုစုစည်းစည်း နေထိုင်ကြရန်။

**ရှင်းလင်းချက်။** ။တိရစ္ဆာန်လောက၌ အချင်းချင်းရိုင်းပင်းမှုတွင် ကျီးမှာထူးသည်။ ကျီးတကောင်သေလျှင် သို့မဟုတ် ကျီးတကောင် အော်မြည်သံကြားလျှင် ရပ်နီးရပ်ဝေးရှိ ကြားကြားသမျှ ကျီးများသည် ထိုနေရာသို့ စုပြုံရောက်ရှိလာပြီး ဆူညံနေအောင် ဝိုင်းအာကြပေတော့သည်။ ထို့ကြောင့် ကိုယ့်အမျိုးကိုသိတတ်လွန်းသော၊ အမျိုးထိလျှင် မခံတတ်သူများကို မြန်မာ၌ ကျီးမျိုးဟု ဆိုစမှတ်ပြုကြသည်။ တအာန်းတို့က ကျီးတို့၏ အချင်းချင်း ကူညီညာသော သဘာဝကို နှစ်သက်ပြီး ကျီးလိုဝိုင်းကူညီဖို့ စကားပုံပြုထားခြင်းဖြစ်သည်။ ကြက်သွန်ဖြူဥမှာလည်း အမွှာအတက်လေးများသည် တခုနှင့်တခု နီးနီးကပ်ကပ် ပူးတွဲပြီး တခုတည်းအဖြစ် သိပ်သည်းစွာ တည်ရှိနေပေသည်။ ထို့ကြောင့် မိမိတို့အချင်းချင်း စုစုစည်းစည်းရှိဖို့ကိုမူ ကြက်သွန်ဖြူဥကို ပမာပြု၍ ဆုံးမခြင်းဖြစ်သည်။



**အကျိုးသက်ရောက်ပုံ။** ။မိသားစုတစုမှသည် တမြို့၊ တနယ်၊ တပြည်ထောင်လုံးအထိ အကျိုးသက်ရောက်မှု ရှိသည်။ မိသားစု စည်းလုံးညီညွတ်လျှင် အားလုံးမှာ အကျိုးဖြစ်ထွန်းအောင်မြင်မည်။ ပြည်နယ်များ စုစည်းထားသော တိုင်းပြည်တပြည်သည် ရိုင်းပင်းကူညီပြီး စည်းလုံးညီညွတ်လျှင် တိုင်းပြည်သေးသော်လည်း ပြင်ပမှ မည်သည့်အင်အားကြီးရန်သူမျှ ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်။ ထို့ကြောင့် မိသားစုတစုမှသည် တတိုင်းပြည်လုံးအထိ မှတ်သားလိုက်နာသင့်သော စကားပုံဖြစ်သည်။

### ၁၅၄။ ကျွဲနှစ်ကောင်ခတ်လျှင် ကန်သင်းပျက်သည်

**ဆိုလိုရင်း။** ။အင်အားကြီး ပုဂ္ဂိုလ်နှစ်ဦး၏ အာဃာတ မာန်မာန ခိုက်ရန်ဒေါသကြောင့် ကြားလူများ ထိခိုက်နစ်နာ ဖြစ်ရခြင်း။

**ရှင်းလင်းချက်။** ။ကျွဲနှစ်ကောင်ခတ်သည့်အခါ တကောင်နှင့်တကောင် တိုးဝှေ့တိုက်ခိုက်ခြင်း ပြေးလွှားခြင်းကြောင့် ကန်သင်းမှာ ပျက်ရသည်။ ထို့တူ အာဏာရှိအင်အားကြီး လူပုဂ္ဂိုလ်နှစ်ဦး ပဋိပက္ခကြောင့် ထိုသူများနှင့်ပတ်သက်ရာ ကြားလူများမှာလည်း တဦးနှင့်တဦး အမျက်သို မုန်းတီးခြင်း၊ အကျိုးပျက်ပြားခြင်းများ ဖြစ်ကြရသည်။

**အကျိုးသက်ရောက်ပုံ။** ။ပုဂ္ဂိုလ်နှစ်ဦး၏ ခိုက်ရန်ဒေါသကြောင့် နီးနွယ်ရာ ကြားလူများ၏ အကျိုးစီးပွားကို မထိခိုက်မနစ်မွန်းစေသင့်။

### ၁၅၅။ ကြွေးယူတုန်းက ကျေးဇူးရှင်၊ ကြွေးဆပ်မည့်အခါ ရန်သူထင်

**ဆိုလိုရင်း။** ။ကြွေးယူစဉ်က ဝမ်းမြောက်ဝမ်းသာဖြစ်ကြသော်လည်း ပြန်ဆပ်ရသည့်အခါ မုန်းတီးတတ်ကြသည်။

**ရှင်းလင်းချက်။** ။ကြွေးလိုချင်၍ သွားချေးသည့်အခါ ရလျှင် ကျေးဇူးတင်စကားပြောဆိုပြီး ဝမ်းသာတတ်ကြသည်။ ထိုကြွေးကို ပြန်ဆပ်ရမည့်အခါ၌ မဆပ်ချင်ကြတော့။

16 U.P.—R. 193—20000—16-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ရမည့် အချိန်၌ ကျေးဇူးရှင်ကိုပင် ရန်သူထင်တတ်ကြသော လူ့လောကသဘာဝပြ စကားပုံပင် ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ကြွေးဆပ်ရမည့်အချိန်၌ ကြွေးရှင်ကို ရန်သူမမှတ်သင့်ကြောင်း ဆင်ခြင်သင့်သည်။

## ၁၅၆။ ဉာဏ်အားပြိုင်လျှင် ပညာရ၍၊ လူအားပြိုင်လျှင် အနာရသည်

**ဆိုလိုရင်း။** ။လူအားချင်းပြိုင်သည်ထက် ဉာဏ်အားချင်းပြိုင်ပြီး ပညာရခြင်းသည်သာ အကျိုးများသည်။

**ရှင်းလင်းချက်။** ။လူအားချင်းပြိုင်လျှင် နှစ်ဘက်စလုံးမှာ ထိခိုက်ဒဏ်ရာရပြီးမှ တဘက်ဘက်က အနိုင်ရမည်။ သို့မဟုတ် နှစ်ဘက်စလုံးနာပြီး မရှုံး မနိုင် ဖြစ်လျှင်လည်း ဖြစ်မည်။ ဉာဏ်အားပြိုင်သည့်ကိစ္စမှာမူ ပြိုင်တိုင်း ပညာရသဖြင့် နှစ်ဘက်စလုံး အကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အတွက် ကောင်းသောယှဉ်ပြိုင်ခြင်း ဖြစ်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။အကျိုးမဲ့သော ယှဉ်ပြိုင်ခြင်းမျိုး မပြုအပ်။ အကျိုးဖြစ်ထွန်းသော ယှဉ်ပြိုင်ခြင်းမျိုးသာ ပြုအပ်သည်။

## ၁၅၇။ မနေတတ်လျှင် နေစရာမြေကျဉ်းမည်

**ဆိုလိုရင်း။** ။လူ့လောက၌ နေတတ်အောင်နေရန်။

**ရှင်းလင်းချက်။** ။လူ့လောကသည် စားဝတ်နေထိုင်ရေး အမှုကိစ္စ အမျိုးမျိုးဖြင့် ရှုပ်ထွေး လိမ်ယှက်နေပေရာ၊ ယင်းသို့သော အခြေအနေပတ်ဝန်းကျင်နှင့် လိုက်လျောအောင် နေတတ်ရန်လိုပေသည်။တနေရာ၌ မိမိစိတ်အလိုနှင့်မတိုက်ဆိုင်သဖြင့် တနေရာသို့ရွှေ့ပြောင်းပြန်လည်း အခြားတမျိုးသော ပြဿနာအမှုကိစ္စများနှင့် တွေ့ကြုံရပေဦးမည်။ စိတ်ကြိုက်မတွေ့တိုင်း နေရာအနှံ့ပြောင်းရွှေ့နေပါလျှင် နေစရာမြေကျဉ်းသွားမည်ဟု ဆိုလိုသည်။



**အကျိုးသက်ရောက်ပုံ။** ။လူဟူ၍ဖြစ်လာလျှင် မိမိအလိုကျချည်း မကြည့်သင့်။ မိမိပတ်ဝန်းကျင်၏ အလိုကိုပါ လိုက်လျောနေထိုင်တတ်သော အလေ့ မွေးမြူပါက စိတ်ချမ်းသာစွာ ရနိုင်ပေမည်။

## ၁၅၈။ မိဘစကားမနာယူက အမြီးပေါက်မည်

**ဆိုလိုရင်း။** ။မိဘစကားနားမထောင်က လူဖြစ်ရှုံးမည်။

**ရှင်းလင်းချက်။** ။မိဘဟူသည် သားသမီးကို လူတော်လူကောင်းသာ ဖြစ်စေချင်သည့်အတွက် မကောင်းရာကိုမြစ်ပြီး ကောင်းရာညွှန်ကြသည်။ မိဘ ဖြစ်လာကတည်းက သားသမီးထက် ဘဝသင်ခန်းစာ အမြောက်အမြားကို ရခဲ့ပြီးဖြစ်ကြသည်။ ထို့ကြောင့် မိဘစကားကို မကောင်းထင်ပြီး ဆိုဆုံးမသည်ကို မနာယူက အမှားသာတွေ့ကြမည်။ လူဖြစ်ရှုံးပြီး ခွေးသာဖြစ်မည်ဟု ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။မိဘဆုံးမစကားကို နာယူအပ်လှကြောင်း ညွှန်ပြသည်။

## ၁၅၉။ ရဲသူမပြော၊ ပြောသူမရဲ

**ဆိုလိုရင်း။** ။ရဲရင့်သူက ရဲကြောင်းထုတ်ဖော် မပြော၊ ရဲသည်ဟု ကြွားဝါနေသူသည် တကယ်မရဲ။

**ရှင်းလင်းချက်။** ။ရဲရင့်သူသည် မိမိ၏စွမ်းရည်သတ္တိကို သိရှိစိတ်ချပြီး ဖြစ်သည့်အတွက် ထုတ်ဖော်နေရန်မလို။ အန္တရာယ်ကြုံလျှင် လက်တွေ့လုပ်ဆောင်ပြလိုက်သည်။ ရဲသူဖြစ်ကြောင်း ထုတ်ဖော်ဝင့်ကြွားနေသူမှာ မိမိအစွမ်းကို မသိသူများအား ရှိလာအောင် ပြောဆိုခြင်းမျှသာဖြစ်ရာ အန္တရာယ်နှင့်ကြုံလျှင်၊ အောင်မြင်စွာ ရင်ဆိုင်နိုင်စွမ်းရှိသူ မဟုတ်။ မြန်မာစကားပုံ “လူပြောမသန်၊လူသန်မပြော” နှင့် သဘောချင်းဆင်ပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ရဲရင့်သူ၏အပြုအမူမျိုးကို အတုယူရာသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၆၀။ လုပ်ခွင်မှာနေထွက်သူသည်၊ တသက်လုံးမဆင်းရဲ**

**ဆိုလိုရင်း။** ။ဝီရိယ အကျိုးပြ။

**ရှင်းလင်းချက်။** ။လုပ်ခွင်မှာ နေထွက်ဆိုသည်မှာ အလုပ်ခွင်သို့ နေမထွက်မီ ရောက်ပြီး အလုပ်လုပ်နေယင်း နေထွက်လာခြင်းကို ဆိုပေသည်။ ဤသို့ ဝီရိယစိုက်ထုတ်ပြီး အလုပ်ကြိုးစားခြင်းဖြင့် အလုပ်ကြွေးလည်းမတင်နိုင်၊ မိမိကသာလုပ်ငန်းအပေါ် ဖိဖိစီးစီး နှင့် အနိုင်ရနေပေမည်။ ထိုသူမှာ အလုပ်ဟောင်းများလည်းပြီး၊ အလုပ်သစ်များကိုလည်း တီထွင် လုပ်ကိုင်နိုင်ပေမည်။ ထိုသူမျိုးသည် တသက်လုံးမဆင်းရဲပဲ ကြီးပွားတိုးတက်နိုင် ကြောင်းကို တအာန်းတို့က ရိုးရိုးနှင့်လေးလေးနက်နက် မှာကြားထားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။အလုပ်တန်ဖိုးကို နားလည်သဘောပေါက်စေပြီး အလုပ်ကြိုးစားချင်စိတ်ကို ဖြစ်ပေါ်စေသည်။

**၁၆၁။ သူ့အိမ်ထမင်းစား၊ သူ့ခြံထဲမစင်စွန့်သည်**

**ဆိုလိုရင်း။** ။ကျေးဇူးမဲ့ပြုခြင်း။

**ရှင်းလင်းချက်။** ။သူ့အိမ်၌ထမင်းစားပါက သူ့ကျေးဇူးသည် မိမိအပေါ် တင်ရှိနေပေပြီ။ ထမင်းသည် အသက်သခင်ကျေးဇူးရှင်ဖြစ်ရာ ထမင်းကျွေးသူဆိုက အသက်ပေးသူ ဟုပင်ဆိုရမည်။ ထိုသို့ကျေးဇူးကြီးပါလျက် ကျေးဇူးတုံ့ကိုမပြုပဲ သူ့ခြံထဲ မစင်စွန့်ခြင်းသည် ကျေးဇူးရှင်ကို အစွမ်းကုန် ပြစ်မှားစော်ကားလိုက်ခြင်းပင် ဖြစ်သည်။တအာန်းတို့ကကျေးဇူးမဲ့ ပြုတတ်ခြင်းကို အလွန်စက်ဆုပ်ကြသည်။ ထို့ကြောင့် အထက်ပါစကားပုံဖြင့် ဆိုဆုံးမထား ခြင်းဖြစ်ပေသည်။ မြန်မာစကားပုံ "သားရေပေါ် အိပ် သားရေနားစား၊ အရိပ်နေနေ အခက်ချိုးချိုး" သည် အထက်ပါစကားပုံနှင့်သဘောတူဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။သူတထူးကပြုဖူးသောကျေးဇူးကို မမေ့အပ်၊ ကျေးဇူးရှင်ကို မပြစ်မှားသင့်။ ကျေးဇူးတုံ့ကိုမပြုနိုင်သည့်တိုင် ကျေးဇူးရှင်ကိုစော်ကားမှုမျိုး မဖြစ်ရအောင် အထူးရှောင်ရှားရပေမည်။



**၁၆၂။ အိမ်တွင်းမီး အပြင်ဘက်မမွှေးနှင့်၊ အပြင်မီး အိမ်တွင်းမယူလာနှင့်**

**ဆိုလိုရင်း။** ။အိမ်တွင်းအိမ်ပြင်ကိစ္စကို စည်းခြားပြီး ဆောင်ရွက်အပ်ပုံ။

**ရှင်းလင်းချက်။** ။"အိမ်တွင်းမီး အပြင်ဘက်မမွှေးနှင့်" မှာ အိမ်တွင်း၌ တောက်လောင်နေသော အမှုကိစ္စအရှုပ်အထွေးများကို အိမ်ပြင်သို့သယ်ဆောင်ပြီး မီးထပ်မပွားသင့်။ အိမ်ပြင်ကိစ္စများကို အိမ်တွင်းသို့သယ်လာပြီး မိမိအိမ်၌ အရှုပ်အထွေးများ မဖြစ်စေသင့်။ အိမ်တွင်းကိစ္စကို အပြင်တစ်ပါးတရံဆံကြားပါက တဆင့်မှတဆင့်ပြောခြင်းဖြင့် မကောင်းသတင်းလည်းပျံ့တတ်သည်။ မိမိအားလည်း အထင်အမြင်သေးတတ်သည်။ ထို့ကြောင့် အိမ်တွင်းမပြေလည်မှုများကို အပြင်မပျံ့စေပဲ အိမ်တွင်းမှာသာ ငြိမ်းအောင်ပြုရသည်။ အိမ်ပြင်အရှုပ်အထွေးများ အိမ်တွင်းပါလာခြင်းဖြင့် အကျိုးစီးပွားထိခိုက်စေနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။အိမ်တွင်း အိမ်ပြင်ကိစ္စများကို စည်းခြား ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်။

## (၁၂) ထားဝယ်

ထားဝယ်နယ်မှာ တနင်္သာရီကမ်းရိုးအတွင်းပိုင်း၌တည်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှု မလေ့ထုံးစံနှင့် ကျေးလက်တေးဂီတအကများ ကြွင်းကျန်ရာနယ်မြေတခုဖြစ်သည်။ ထားဝယ်နယ်မှ ဒေသသုံးစကား ဝေါဟာရ၊ ပုံပြင်၊ ကျေးလက်သီချင်း ဂီတ၊ အကနှင့် ဓလေ့ထုံးစံတို့လည်း တမူထူးခြားသည်။

**၁၆၃။ ငါးမရှိတဲ့အရပ်မှာ ငါးဖျင်းသလက်သည် ငါးကောင်းဖြစ်၏**

**ဆိုလိုရင်း။** ။တန်ဖိုးရှိသည့်အရာမရှိလျှင် တန်ဖိုးမဲ့တို့ အသုံးဝင် နေရာရတတ်သည်။

**ရှင်းလင်းချက်။** ။ပဒိုင်းစကားပုံ "ငါးမရှိတော့ ဖားစွံ၊ စောင်မရှိတော့ အပတ်စုတ်ကန္နေး" နှင့်သဘောတူသည်။ သာကေသာကွာခြား၏။ ထားဝယ်ဒေသမှာ ငါးမျိုးစုံ

www.burmeseclassic.com



ပေါသော ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သောကြောင့် ငါးနှင့်သာခကပြထားခြင်းဖြစ်၏။ ငါးဖျင်းသလက်မှာ ငါးအညံ့စားဖြစ်သော်လည်း ငါးမရှိသည့်အရပ်ဒေသ၌ ငါးကောင်းဖြစ်နေ၏။ ငါးပေါသောဒေသများ၌ ငါးဖျင်းသလက်မှာ တန်ဖိုးမရှိပေ။

**အကျိုးသက်ရောက်ပုံ။** ။မရှိ၊ မရနိုင်သည့်အခါ၌ အရှိ၊ အရကို နေရာတကျဖြစ်အောင် အသုံးပြုသင့်သည်။

**၁၆၄။ စပါးရှင် မျောက်လိုက်**

**ဆိုလိုရင်း။** ။ပြောင်းပြန်ဖြစ်တတ်သော လောကသဘောပြသည်။

**ရှင်းလင်းချက်။** ။မျောက်သည်တိရစ္ဆာန်လောက၌ အဆော့ဆုံး၊ အဖျက်တတ်ဆုံး သတ္တဝါဖြစ်သည်။ မျောက်သည် စပါးပုံကိုမွှေနှောက်ဆော့ကစားရာ စပါးရှင်က အမျက်ဒေါသထွက်ပြီး မျောက်ကိုလိုက်ရိုက်ရမည်ဖြစ်၏။ သို့သော် လောက၌ ကပြောင်းကပြန်ဖြစ်ရပုံမှာ မျောက်ကပင် စပါးရှင်ကို ပြန်လိုက်နေသည်ဟုဆိုသည်။ မြန်မာစကားပုံ "အိမ်ရှင်ညှော်မောင်း" နှင့် သဘောတူသည်။

**အကျိုးသက်ရောက်ပုံ။** ။ ကပြောင်းကပြန် ဖြစ်တတ်သော လောကသဘောကိုဆင်ခြင်ဖွယ်ဖြစ်သည်။

**၁၆၅။ စာဗူးတောင်းအကြံကောင်းသဖြင့်၊ အိမ်ကောင်းရာကောင်းနှင့်နေရသည်**

**ဆိုလိုရင်း။** ။အကြံဉာဏ်ကောင်းများနှင့် ကြိုးစား၍လုပ်ကိုင်လျှင် အောင်မြင်မှုရရှိနိုင်သည်။

**ရှင်းလင်းချက်။** ။စာဗူးတောင်းငှက်ကလေးများသည် ငယ်သော်လည်း လုံ့လရှိပြီး အကြံဉာဏ်ကောင်းကြသည်။ ယင်းသတ္တဝါလေးများသည် မြက် ကောက်ရိုးအစအန



ကလေးများကို နှုတ်သီးဖြင့်ကိုက်ချီပြီး နေစရာအသိုက်ကလေးများ ယက်လုပ်ထားကြ၏။ စာဗူးတောင်းသိုက်မှာ အလျား ၂၀" ပတ်ဝန်းကျင်နှင့် လုံးပတ် ထွာဆိုင်သာသာရှိ၏။ စာဗူးတောင်း၏ ထက်ဝက်ခန့် တပေလောက်တွင် နေစရာချိုင့်ကလေးဖွဲ့ထားပြီး ၎င်းအတွင်းသို့ လေ၊ နေ၊ မိုး မထိုးဖောက်နိုင်အောင် တွင်းချိုင့်၏အောက်မှဆက်၍ တပေခန့်ရှည်လျားသော ပြောင်း တတ်ထား၏။ ထိုပြောင်းမှပင် အတွင်းသို့ဝင်၏။ ညအခါလင်းထိန်နေရန်ပိုးစုန်းကြူးကောင်ကလေးများကိုဖမ်းပြီး ရွှံ့နှင့်ကပ်ထား၏။ ပိုးစုန်းကြူးမှာ နေရာမရွေ့နိုင်ပဲ မှိတ်တုတ်မှိတ်တုတ်နှင့်လင်းနေ၏။ စာဗူးတောင်းသိုက်ကလေးမှာ သပ်သပ်ရပ်ရပ်နှင့် မိုးလေဒဏ်ခံနိုင်ပြီး နေစချင့်ဖွယ်ဖြစ်၏။ မိုးလေတိုက်ခတ်သည့်အခါ ဟို သည် ယိမ်းထိုးနေသော်လည်း ပြုတ်ကျခြင်းမရှိ။ ထို့ကြောင့် ထားဝယ်လူကြီးသူမများက ပျင်းရိသူများ လုံ့လစိုက်ချင်အောင် အကြံမထုတ်ချင်သူများ အကြံဉာဏ်ကောင်း ထုတ်ချင်လာအောင် စာဗူးတောင်း၏သာဓကနှင့် ဆုံးမထားခြင်းဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။စာဗူးတောင်း၏ နမူနာကောင်းကိုယူပြီး မည်သည့်ကိစ္စ၌မဆို အကြံအစည် လုံ့လဝီရိယ စိုက်ထုတ်လုပ်ကိုင်လျှင် အောင်မြင်နိုင်၏။ တိုးတက်နိုင်၏။ တကြိမ်နှင့်မအောင်မြင်လျှင် အကြိမ်ကြိမ်ကြိုးစားသင့်၏။ စိတ်မပျက် လက်မလျှော့သင့်သော အသိကိုပေးသည်။

**၁၆၆။ လိပ်ကျုံ့ လူမသိ**

**ဆိုလိုရင်း။** ။မိမိအခြေအနေမှန်ကို မိမိသာသိနိုင်မည်။

**ရှင်းလင်းချက်။** ။ထားဝယ်သည် ကမ်းရိုးတန်းဒေသဖြစ်ရာ လိပ် ငါးများ၏ သဘာဝကို အတွေ့အမြင်များသဖြင့် ဒေသဝန်းကျင်နှင့်လိုက်လျောစွာလူ့အတွင်းသဘောကို ဖော်ပြထားသော စကားပုံဖြစ်၏။

လိပ်သည် အပေါ်ယံက မာကျောထူထဲသော အခွံကြီးရှိသဖြင့် လူမမြင်နိုင်သော အတွင်းဘက်၌ လိပ်မည်မျှကျုံ့သည်ကို ကေန်မသိနိုင်။ အပေါ်ယံမှ မှန်းဆကြည့်ရမျှသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ထိုနည်းတူ လူတို့မှာလည်း မိမိ၏တကယ့်အဖြစ်အပျက်အခြေအနေမှန်ကို အခြားသူတို့မသိနိုင်၊ မိမိတဦးတည်းသာ သိနိုင်သည်။

**အကျိုးသက်ရောက်ပုံ။** ။လူ့အတွင်းသဘောကို အမြင်နှင့်မသိနိုင်ကြောင်း ညွှန်ပြသည်။

**၁၆၇။ လည်းထက်ဘီးကြီး**

**ဆိုလိုရင်း။** ။အချိုးမကျခြင်းပြ။

**ရှင်းလင်းချက်။** ။လှည်းနှင့်ဘီးမှာ အချိုးအစားပမာဏ ပြေပြစ်ညီညွတ်ရမည်ကို ဘီးကလှည်းထက် မလိုအပ်ပဲကြီးနေခြင်းဖြင့် အဆင်မပြေအချိုးမကျဖြစ်သည်ကို ဖော်ပြထားခြင်းဖြစ်၏။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်အရာမဆို အဆင်ပြေအချိုးကျအောင် ဉာဏ်ပညာဖြင့် ချင့်ချိန်ဆောင်ရွက်ရာသည်။

## (၁၃) ခနွန်နှင့် တောင်ရိုး

ခနွန်နှင့် တောင်ရိုးတို့သည် ရှမ်းပြည်တောင်ပိုင်း ကလော၊ ရပ်စောက်၊ အောင်ပန်း၊ ရွှာင်၊ ရေဦး၊ ပွေးလှ၊ ပင်းတယ၊ ကျုံးပင်မို၊ ဘော်ဆိုင်းစသော မြို့နယ်ကျေးရွာများ၌ နေထိုင်ကြသည်။ အင်းလေးအနောက်ဘက်ကမ်း တောင်ပေါ်ဒေသများ၌လည်း ကျေးရွာတည်ထောင်ပြီး နေထိုင်ကြသည်။ ပုံပန်းသွင်ပြင်မှာ မြန်မာတောင်သူလယ်သမားများနှင့် အလွန်ဆင်သည်။

ခနွတောင်ရိုးတို့သည် လုံ့လဝီရိယရှိပြီး ယောကျ်ားရော မိန်းမပါ အားသွန်ခွန်စိုက် လုပ်ကိုင်ကြသည်။ သမားရိုးကျတောင်ယာစနစ်ကို အများဆုံးကျင့်သုံးပြီး သစ်တောခုတ်၊



မြေကြီးမီးဖုတ်ပြီး စိုက်ပျိုးလေ့ရှိကြသည်။ လုံ့လဝီရိယရှိသော လူမျိုးများ ဖြစ်သဖြင့် ပျင်းရိခြင်းကို အားမပေးသော စကားပုံများကို တွေ့ရှိနိုင်သည်။

**၁၆၈။ တစလောင်းကုန်လို့မှ လူးမှန်း ဆပ်မှန်း မသိ**

ဆိုလိုရင်း။ ။လူနုံလူညံ့တို့၏သဘော။ တနည်း မိမိလုပ်ဆောင်နေသော အလုပ်ဒခု၏ အကြောင်း အကျိုး၊ အကောင်း အဆိုးကို မသိရှိခြင်း။

ရှင်းလင်းချက်။ ။လူးဆပ်ဟူသည် ချက်၊ ပေါင်းစားရသော စားစရာတမျိုးဖြစ်သည်။ လူးနှင့်ဆပ်မှာ ခပ်ဆင်ဆင်ဖြစ်ရာ မသိသူအဖို့ တစလောင်းကုန်အောင်စားသော်လည်း လူး၊ ဆပ် မကွဲနိုင်။ ထို့ကြောင့် လူး၊ ဆပ်ထွက်ရာနယ်၌နေပြီး တစလောင်းလုံးစားသော်လည်း လူး၊ ဆပ်မသဲကွဲသူကို အပြစ်တင်သောစကားဖြစ်သည်။ ထို့အတူ လူအချို့သည် မိမိတို့ပေါင်းသင်းနေထိုင်ရာ ပတ်ဝန်းကျင်ရှိ လူများအကြောင်းကို မသိရှိ၊ အမှုမဲ့ အမှတ်မဲ့ နေလေ့ရှိသည်။ ထိုသို့နေခြင်းဖြင့် မိမိပတ်ဝန်းကျင်ရှိလူသည် လူဆိုးလူကောင်း အကျိုးလိုသူ မလိုသူစသည်ဖြင့် သတိမပြု၊ ထိုလူကြောင့် မိမိဒုက္ခရောက်ခဲ့ရသည်ကို ရောက်မှန်းမသိသဖြင့် လူနုံ လူဖျင်း အဖြစ်သို့ ရောက်ရှိရသည်။ ထို့အတူ အလုပ်တခုခုကို တဦးဦး၏ စေခိုင်းချက်အရ ဆောင်ရွက်လိုက်သော်လည်း လုပ်သာလုပ်လိုက်သည် ဘာမှန်းမှမသိလျှင်လည်း အလားတူ သုံးနိုင်သည်။ မြန်မာစကားပုံ "မြင်းစီးလို့ အထီးမှန်းအမမှန်းမသိ"နှင့် ဆင်သည်။

အကျိုးသက်ရောက်ပုံ။ ။မည်သည့်အခါမျှ အမှုမဲ့အမှတ်မဲ့မလုပ်သင့်။ နုံအ်နမဲ့ မနေသင့်။ မိမိလုပ်ဆောင်သမျှ၏ အဆိုးအကောင်းကို သတိပြုဆင်ခြင်ရာသည်။

17 U.P.--S. 193—20000—21-10-80. M. M.

www.burmeseclassic.com

www.burmeseclassic.com



**၁၇၀။ နွားပျင်းချိုကုပ်၊ လူပျင်းမီးမှုတ်**

**ဆိုလိုရင်း။** ။လူတိရစ္ဆာန်တို့၏ ပျင်းရိခြင်းပြလက္ခဏာ။

**ရှင်းလင်းချက်။** ။နွားပျင်း၏လက္ခဏာမှာ ချိုကုပ်သည်။ လူပျင်း၏လက္ခဏာမှာ မီးမှုတ်သည်ဆိုရာ၌ လူပျင်းသည် ဝီရိယနည်းသဖြင့် ထင်းကို ခုတ်ထစ်ဖြတ်တောက်ခြင်းလည်းမရှိ။ နေရောင်ရခိုက်လည်း မလှန်းသဖြင့် စိုထိုင်းနေသောထင်းဖြင့် ထမင်းဟင်းချက်ပြုတ်ရာ မီးခိုးတအူအူ မီးတမှုတ်မှုတ်နှင့် အလုပ်ရှုပ် အချိန်ကုန်နေပုံကို ပြသည်။

**အကျိုးသက်ရောက်ပုံ။** ။ပျင်းရိခြင်းသည် သူတပါးကဲ့ရဲ့ဖွယ်ဖြစ်ပြီး မကောင်းသောအကျိုးဆက်များလည်း သက်ရောက်စေသဖြင့် လောကီလောကုတ်အမှုများ၌ ထကြွလုံ့လရှိသင့်သည်။

**၁၇၁။ ယာနားနီးချင်း ဆွေမျိုးရင်း**

**ဆိုလိုရင်း။** ။မိမိ၏ အိမ်နားချင်းများကို ဆွေမျိုးရင်းချာပမာ သဘောထားသင့်ကြောင်း။

**ရှင်းလင်းချက်။** ။မနု တောင်ရိုးတို့မှာ တောင်ယာလုပ်ကိုင် စားသောက်သူများဖြစ်ကြ၍ မိမိတို့ပတ်ဝန်းကျင်ရှိ သာမကကိုဆောင်ပြီး "ယာနားနီးချင်း"ဟု သုံးထားခြင်းဖြစ်၏။ မိမိ၌ဆွေမျိုးသားချင်းများရှိသော်လည်း အရပ်ဝေး၌နေပါက အရေးအကြောင်းတစုံတရာရှိခဲ့သော် ရုတ်တရက်လာရောက်ရန် လွယ်မည်မဟုတ်။ အိမ်နီးချင်းကသာ ရုတ်ခြည်းကူညီနိုင်မည်။ ထို့ကြောင့် မိမိအိမ် မိမိပတ်ဝန်းကျင်အနီးရှိလူများကို ခင်မင်ရင်းနှီးအောင် ဆက်ဆံသင့်ပုံ၊ ဆွေမျိုးရင်းချာပမာ သဘောထားသင့်ပုံကို မှာကြားထားသော စကားပုံဖြစ်သည်။ အထက်ပါစကားပုံသည် အခြေခံအကျဆုံးသော တအိမ်ထောင်ချင်းမှ အကျယ်ပြန့်ဆုံးသော တိုင်းပြည် အဆင့်အထိ အကျုံးဝင်အသုံးပြုနိုင်ပေသည်။



**အကျိုးသက်ရောက်ပုံ။** ။မိမိအိမ်နီးနားချင်းများနှင့် လိုက်လျောညီထွေဆက်ဆံပြီး ရင်းနှီးသင့်ကြောင်း သတိပြုစေသည်။

**၁၇၂။ လူဖျင်းရှိရာ လူပျင်းလာ၊ အမှိုက်ရှိရာ ခွေးချေးလာ**

**ဆိုလိုရင်း။** ။သဘာဝတူသူ အချင်းချင်း ပေါင်းဖော်မိကြပုံကို ဆိုသည်။

**ရှင်းလင်းချက်။** ။လူပျင်းဟူသည် လုံ့လထုတ်ပြီးမကြိုးစားချင်သူ၊ လူဖျင်းမှာ ပျင်းသည့်အတွက် ညံ့ဖျင်းသွားသူ ဖြစ်သည်။ လူဖျင်း အချင်းချင်းသည် အလေ့တူသည့်အတွက် အပေါင်းအဖော် ဖြစ်တတ်ကြသည်။ ဝီရိယရှိသူများမှာ အစဉ်အမြဲနိုးကြားထကြွမှု ရှိနေသဖြင့် ယင်းလူမျိုးများနှင့် ဆန့်ကျင်ဘက် ဖြစ်တော့သည်။ ဤနှစ်မျိုးနှစ်စား၏ အလေ့အထ အပြုအမူ အကျင့်စရိုက်များလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေပေ၏။ ထို့ကြောင့် ဝီရိယရှိသူနှင့် လူဖျင်း၊လူပျင်းတို့သည် မည်သည့်အခါမျှ အဖော်အဖက်စစ် မဖြစ်နိုင်ကြပေ။ မနုတောင်ရိုးတို့က ဤသို့ဖြစ်တတ်သော သဘာဝကိုလည်း မြင်တတ်ကြသည့်ပြင် ပျင်းသည့်စရိုက်ကိုလည်း အားမပေးကြ။ ထို့ကြောင့် လူပျင်းလူဖျင်းကို ရှုတ်ချနှိမ့်ချသည့် အနေဖြင့် အမှိုက် ခွေးချေးတို့နှင့် နှိုင်းပြထားပေသည်။ မြန်မာ၌ "သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့"ဟူသော စကားပုံမျိုးဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ အပေါင်းအသင်းကိုကြည့်ပြီး မိမိ၏ အခြေအနေကို သိနိုင်သည်။ မိမိ၏ မိတ်ရင်းဆွေချာများသည် လူဖျင်းချည်း ဖြစ်နေပါက မိမိလည်း အလားတူ ဖြစ်ကြောင်း သတိရသင့်သည်။ ကိုယ့်ကိုယ်ကို ဝီရိယရှိသူဖြစ်လာအောင် ပြုပြင်သင့်ကြောင်း နှလုံးသွင်းသင့်သည်။

## (၁၄) ပအိုဝ်း

ပအိုဝ်းတို့သည် သထုံ၊ တောင်ငူ၊ ဖားအံ၊ ပဲနွယ်ကုန်း စသော မြို့ရွာများနှင့် ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ ပင်လုံ၊ ဟိုပုန်း၊ ပင်လောင်း၊ ရပ်စောက်တဝိုက် မြို့၊ ကျေး

www.burmeseclassic.com



ရွာများ၌ နေထိုင်ကြသည်။ ပင်လောင်းနယ်၌ ပအိုဝ်း ၈၂ ရာခိုင်နှုန်းခန့်ရှိသည်။ ပအိုဝ်းမှာ အနွယ် (၁၀)မျိုးခန့် ရှိ၏။ ပအိုဝ်းတို့သည် ဗုဒ္ဓဘာသာနှင့်ရိုးရာနတ်များ ကိုးကွယ်ကြသည်။ ရိုးသားပြီး လုံ့လဝီရိယလည်း ရှိသူများဖြစ်ကြ၏။ ယောကျ်ားရော မိန်းမပါ အား သွန်ခွန်စိုက် အလုပ်လုပ်ကြသည်။

## ၁၇၃။ ငါးမရှိတော့ ဖားစွံ၊ စောင်မရှိတော့ အဝတ်စုတ်ကန္နေး

**ဆိုလိုရင်း။** ။တန်ဖိုးရှိသည့် အရာမရှိလျှင် တန်ဖိုးမဲ့တို့ အသုံးဝင်နေရတတ်သည်။

**ရှင်းလင်းချက်။** ။ငါးနှင့်ဖားတွင် ငါးမှာ အရသာပိုရှိပြီး ဖားမှာ ငါးလောက် အရသာမရှိပဲ ပေါပေါရနိုင်သည့်အတွက် တန်ဖိုးနည်းသည်။ ငါးရလျှင် ဖားကို မစားကြ။ ငါးမရရှိနိုင်သည့်အခါ ဖားကိုစားကြရသဖြင့် ဖားမှာ အသုံးဝင်တော့သည်။ ထို့အတူ အေးသောအရပ်၌ စောင်မခြုံနိုင်သည့်သူများမှာ စောင်အစား အဝတ်စုတ်ကို ခြုံပြီးကွေးကြရတော့သည်။ အဝတ်စုတ်နှင့် နွေးကြရတော့သည်။

**အကျိုးသက်ရောက်ပုံ။** ။မရှိသည့်အရာ၊ မရနိုင်သည့်အရာကို မျှော်လင့်ပြီး အချိန်ကုန်နေမည့်အစားအရ၊ အရှိကိုသာနေရာတကျဖြစ်အောင် အသုံးပြုသင့်ကြောင်း သင်ခန်းစာယူရမည်။

## ၁၇၄။ မှန်တဲ့စကားကိုပြောလျှင် နားထောင်ရခက်၊ ဖြောင့်တဲ့သစ်ပင်ဟာ အတက်ရခက်

**ဆိုလိုရင်း။** ။မှန်လွန်းသောစကားသည် တဘက်သားကိုတိုက်ရိုက် ထိခိုက်စေသဖြင့် နားဝင်မချို ဖြစ်တတ်သည်။

**ရှင်းလင်းချက်။** ။အထက်ပါ သဘောကိုပေါ်လွင်အောင် မှန်သောစကားနှင့် ဖြောင့်သည့်သစ်ပင်ကို ယှဉ်ပြထားသည်။ အဖုအထစ် အကွေ့အကောက် များသောသစ်ပင်ကို တက်ရာ၌ ဖု၊ ထစ်၊ ကောက်၊ ကွေ့သည့်နေရာများကို နင်းကာချိတ်ကာ တွယ်ကာဖြင့် အလွယ်တကူ တက်ရောက်သွားနိုင်သည်။ ဖြောင့်သည့် သစ်ပင်မှာမူ ချိတ်စရာ တွယ်စရာမရှိသဖြင့် အတက်ရခက်လှသည်။ ထိုနည်းတူ တဦးတယောက်၏ ချွတ်ယွင်းချက်အားနည်းချက်ကို အမှန်အတိုင်း ဖြောင့်ဖြောင့်ကြီး ပြောလိုက်လျှင် တဘက်သား၌ နားထောင်ရခက်သွားပေမည်။ ပရိယာယ်ဖြင့် သွယ်ကာ ဝိုက်ကာ ပြောမှသာ တဘက်သား၌ နားခံသာပေမည်။



**အကျိုးသက်ရောက်ပုံ။** ။လူပုဂ္ဂိုလ်တယောက်ကို စေတနာရှိသဖြင့် သတိပေးပြောဆိုသည့်အခါ မိမိရည်မှန်းချက် အောင်မြင်အောင် အမှန်စကားကိုပင် သင့်တင့်လျောက်ပတ်သော နည်းပရိယာယ်သုံးကာ နားဝင်ချိုအောင် ပြောသင့်ကြောင်း သတိမူစေသည်။

## ၁၇၅။ အထဲက ဖျင်ကြမ်း၊ အပြင်က ဖဲ

**ဆိုလိုရင်း။** ။မရှိပဲနှင့် ရှိဟန်ဆောင်ပြီး ကြွားဝါခြင်း။

**ရှင်းလင်းချက်။** ။ကြွားဝါတတ်သူတို့၏သဘောမှာ လူအထင်အမြင် ကြီးအောင် ဟန်ဆောင်တတ်ကြသည်။ မိမိ၌ မရှိပါပဲလျက် လူရာဝင်အောင်၊ ဂုဏ်ကြီးအောင် ပိုးဖဲဝတ်ပြီး ရှိဟန်ဆောင်ကြသည်။ မချမ်းသာသူဖြစ်သောကြောင့် အထဲမှ ဖျင်ကြမ်းဝတ်ပြီး အပြင်မှ ပိုးဖဲကို ထပ်ဆင့်ဝတ်ထားရသည်။ ဖျင်ကြမ်းမှာ မိမိ၏ အခြေအနေအရင်းမှန်ဖြစ်ပြီး ပိုးဖဲမှာ ရှိဟန်ဆောင်ကာ ဂုဏ်လုပ်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် မရှိပဲနှင့် ရှိဟန်ဆောင်၍ ကြွားဝါချင်တတ်သူတို့၏ သဘောကို အထက်ပါစကားပုံက ဖော်ပြနေပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ကြွားဝါဟန်ဆောင်မှုသည် စိတ်ပန်းလူပန်း ဖြစ်ရပြီး တဒင်္ဂသာခံမည်။ ကြာလျှင် အမှန်အတိုင်းသာ ပေါ်လာပေမည်။ ပတ်ဝန်းကျင်က ကြွားဝါမှန်းသိလျှင် ပို၍ အထင်အမြင်သေးခြင်းကို ခံရတတ်ပေရာ မိမိ၏အခြေအနေမှန်နှင့် ထိုက်သင့်လျောက်ပတ်စွာ နေထိုင်သင့်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၇၆။ အလုပ်တလံ၊ အပြောအထွာ**

**ဆိုလိုရင်း။** ။များများလုပ် နည်းနည်းပြော။

**ရှင်းလင်းချက်။** ။အလုပ်များများလုပ်ရန် တိုက်တွန်းအားပေးသော **စကားပုံ** ဖြစ်သည်။စကားများများပြောနေလျှင် အလုပ်ဖင့်နွှေးမည်။ ထို့ကြောင့် အလုပ်နှင့်**စကား၏** အချိုးအဆကို ပအိုဝ်းလူကြီးသူမတို့က အလုပ်တလံ၊အပြောတထွာ ဟု နှိုင်းယှဉ်ပြထားခြင်း ဖြစ်သည်။ တလံတွင် ရှစ်ထွာရှိသဖြင့် ရှစ်ချိုးတစ်ချိုးခန့်သာပြောပြီး ကျန်သော ရှစ်ချိုး ခုနစ်ချိုးကို အလုပ်လုပ်ပါ ဟု ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ။** ။နည်းနည်းပြောပြီး များများလုပ်သင့်ကြောင်း သတိပြုဖွယ်ဖြစ်သည်။

**၁၇၇။ ဦးချိုကိုရွက်ထားတဲ့နွားဟာ ဦးချိုကိုပြန်မမြင်ဘူး၊ ကံကိုရွက်ထားတဲ့သူဟာ ကံကိုပြန်မမြင်ဘူး**

**ဆိုလိုရင်း။** ။မိမိပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်ကံ၏ အကျိုးပေးကို မမြင်နိုင်ကြောင်း။

**ရှင်းလင်းချက်။** ။မြန်မာစကားပုံ "ကံထမ်းလာတာ မမြင်ရ၊ လုံ ထမ်းလာတာသာ မြင်ရ" နှင့် သဘောချင်းဆင်သည်။ ပအိုဝ်းတို့၏ ကံနှင့်ပတ်သက်သော ယုံကြည်မှုကိုလည်း တွေ့နိုင်သည်။ မြန်မာတို့က မမြင်သာသည့် ကံသဘောကို မြင်သာသော လုံ ထမ်းသည့် သာဓကနှင့်ဆန့်ကျင်နှိုင်းပြီး ထင်ရှားစေသည်။ ပအိုဝ်းတို့က မမြင်သာသည့် အနက်တူချင်း ထပ်တူပြု၍ လေးနက်အောင် ဟပ်ပြသည်။

**အကျိုးသက်ရောက်ပုံ။** ။ကောင်းသော အကျိုးဖြစ်ရလေအောင် ကောင်းသော အားထုတ်ခြင်းဖြင့်သာ အရင်းတည်အပ်ပုံကို သတိရစေသည်။



## (၁၅) မွန်

ပုသိမ်၊ မုတ္တမ၊ ဟံသာဝတီနယ်မြေကို ရှေးအခါက ရာမညတိုင်း မွန်သုံးရပ် ဟု ခေါ်ဆိုကြသည်။ ယခုမူ မွန်တို့သည် မြစ်ဝကျွန်းပေါ် မြေပြန့်အရပ်များသို့တိုင် ပျံ့နှံ့ နေထိုင်ကြသည်။ အထူးသဖြင့် ဘီလူးကျွန်းနှင့် မော်လမြိုင်၊ ရေးမြို့နယ် ကျေးရွာများ၌ အများဆုံးနေထိုင်ကြသည်။ မွန်တို့သည် မြန်မာများကဲ့သို့ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး လယ်ယာကိုင်းကျွန်း လုပ်ငန်းများနှင့် အသက်မွေးကြသည်။ ကျေးလက်ကို အခြေပြုပြီး အေးချမ်းစွာ နေထိုင်လိုသူများ ဖြစ်ကြ၏။

**၁၇၈။ ကဒတ်က အမြစ်လိုက်၊ သားသမီးက မျိုးရိုးလိုက်**

**ဆိုလိုရင်း။** ။မျိုးရိုးဟူသည် အစဉ်အဆက်လိုက်တတ်ကြောင်း။

**ရှင်းလင်းချက်။** ။ကဒတ်ဟူသည် ပလောပီနံဥကဲ့သို့ ဥတမျိုး၏ အမည်ဖြစ်ပြီး အမြစ်သွားရာနောက်သို့ ဥကလိုက်ဥတတ်သည်။ ကဒတ်ဟင်းခါးမှာ မွန်တို့နှစ်သက်သော ရိုးရာဟင်းတမယ်ဖြစ်သည်။ ကဒတ်ဥပမာကဲ့သို့ သားသမီးသည်လည်း မျိုးရိုးလိုက်တတ်ပုံကို အထက်ပါစကားပုံက ပြဆိုသည်။ မျိုးရိုး၏ ထူးခြားသော စိတ်နေသဘောထား၊အမူအကျင့် အလေ့အလာများသည် သားစဉ်မြေးဆက်လိုက်ပါတတ်လေသည်။ မြန်မာစကားပုံ "ငှက် ပျောပင်စိုက်၊ မိလိုက်ဖပါ" နှင့်အလားတူသည်။

**အကျိုးသက်ရောက်ပုံ။** ။သားသမီးများတွင်အမူအကျင့်၊အလေ့အထကောင်းများ ရရှိအောင် မိဘများက ဂရုပြုဆင်ခြင်ပြီး သွန်သင်ပေးအပ်သည်။

**၁၇၉။ နွားကောင်းမကောင်း လှည်းဆွဲမှသိ၊ လူကောင်းမကောင်း အတူနေမှသိ**

**ဆိုလိုရင်း။** ။လူ့အကြောင်းကို အတူနေမှသာ သိနိုင်သည်။

**ရှင်းလင်းချက်။** ။နွားကောင်း မကောင်းကို အပေါ်ယံအကဲခတ်ရုံဖြင့်မသိ၊ လှည်း ဆွဲကြည့်မှသာ သိနိုင်သည်။ ဇွဲရှိသောနွား၊ နွားကောင်းဖြစ်ပါမှ မည်မျှလေးသောဝန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ အားသွန်ပြီးဆွဲသည်။ ပေကပ်ကပ်နိုင်သောနွား ဘဲကျင့်သောနွားဖြစ်ပါက မည်မျှ ရိုက်နှက်မောင်းသော်လည်း မြေခွဲဝပ်ချလိုက်ခြင်း၊ လှည်းကိုလမ်းဘေးဆွဲချခြင်း၊ ရပ်နေခြင်း ဖြည်းဖြည်းနွေးနွေးသွားခြင်း စသည်ဖြင့် အမျိုးမျိုး ဒုက္ခပေးတော့၏။ ထိုနည်းတူ လူတို့မှာလည်း တဦးတယောက်၏ သဘောရင်းကို အပေါ်ယံပေါင်းကြည့်စဉ်ကမူ အမျိုးမျိုး ဟန်ဆောင်နေသဖြင့် မသိသာနိုင်၊ အတူတူကြာရှည်ပေါင်းကြည့်သည့်အခါ မိမိ၏အခြေခံ စိတ်ရင်းကိုမလှဲဖယ်နိုင်တော့၊ တယောက်၏ အဆိုးအကောင်းကို တယောက်ကသိမြင်နိုင်တော့သည်။ ဖော်ပြပါစကားပုံသည် မြန်မာစကားပုံ "ရွှေအကြောင်းဖယောင်းမှသိ၊ လူ့အကြောင်း ပေါင်းမှသိ" နှင့် သဘောတူသည်။

**အကျိုးသက်ရောက်ပုံ။** ။လူ့အကြောင်းကို အတူတကွ ကြာရှည်နေကြည့်ပြီးမှသာ အဆိုးအကောင်း ပြောရသည်။

**၁၈၀။ နှီးကို အဖျားကဖြာပြီး၊ သားသမီးကို ငယ်စဉ်က ဆုံးမရသည်**

**ဆိုလိုရင်း။** ။သားသမီးကို ငယ်စဉ်ကပင် ဆုံးမသင့်ကြောင်း။

**ရှင်းလင်းချက်။** ။"သားသမီးကို ငယ်စဉ်ကတည်းက မဆုံးမသော် မိဘတလည် ရန်သူမည်ခဲ့" စသည်ဖြင့် မြန်မာတို့ဆိုစကားကဲ့သို့ မွန်တို့ကလည်း သားသမီးကို ငယ်ကတည်းကဆုံးမသင့်ကြောင်း ခံယူကြသည်။ သားသမီးများကို တနှစ်မှငါးနှစ်ထိ ချော့မော့ယုယရမည်။ ငါးနှစ်မှ တဆယ့်ငါးနှစ်အထိ ရိုက်တန်လျှင် ရိုက်ဆုံးမရမည်။ တဆယ့်ငါးနှစ်ကျော်သော် နည်းပေးလမ်းပြဆုံးမရမည်ဟု လည်းကောင်း၊ အိုးထိန်းသည် သည် အိုးကို ကောင်းစေလိုသောစိတ်ဖြင့် အထပ်ထပ်ပုတ်ခတ်သကဲ့သို့ မိဘတို့သည်လည်း သားသမီးများကို လိမ္မာစေချင်သော စေတနာဖြင့် ရိုက်၍ဆုံးမသင့်သည်ဟု လည်းကောင်း၊ နီတိကျမ်းများ၌ ပြဆိုထားသည်။ မွန်တို့ကလည်း သားသမီးများကို ငယ်ကတည်းကဆုံးမသင့်ကြောင်း ယုံကြည်ကြသည်။ ထို့ကြောင့် နှီးကို အဖျားကစပြီးဖြာလျှင် သပ်ရပ်ပါးလွှာသော နှီးကောင်းများကိုရမည်။ သက်သောင့်သက်သာနှင့် အလုပ်ပြီးမည်။ သားသမီးကိုလည်းငယ်ကတည်းက ဆုံးမခဲ့လျှင် လိမ္မာယဉ်ကျေးသော သားသမီးကောင်းများ



ဖြစ်မည်။ မိဘများအဖို့လည်း ငယ်စဉ်ကတည်းက ပုံသွင်းလာသဖြင့် မပင်ပန်းပဲနှင့် ဆိုဆုံးမလွယ်မည်။ သားသမီးကိုကြီးမှဆုံးမလျှင် ဆုံးမရခက်ပြီး မိဘများစိတ်ဆင်းရဲရမည် ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။သားသမီးကို လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများ ဖြစ်အောင် ငယ်ကတည်းက သွန်သင်ဆုံးမရမည်ဟူသော အသိကိုရသည်။

**၁၈၁။ မိခင်ကသားကိုချစ်သလို၊ သားကပြန်ချစ်လျှင် နတ်ပြည်ကျဉ်းလတ္တံ့**

**ဆိုလိုရင်း။** ။မိခင်က သားအပေါ်မေတ္တာထားသလောက် သားကတုံ့ပြန်ရိုးမရှိပုံကိုဆိုသည်။

**ရှင်းလင်းချက်။** ။မွန်မိခင်တို့သည် သားကို အထူးအမွှမ်းတင်ပြီး အချစ်ပိုတတ်ကြသည်။ သားကမူ မိခင်မေတ္တာထားသလောက် မတုံ့ပြန်တတ်ကြ။ ထို့ကြောင့် မိခင်က ချစ်သည့်နည်းတူသာ သားကတုံ့ပြန်လျှင် သားယောကျာ်းအားလုံး နတ်ပြည်ရောက်သွားပြီး နတ်ပြည်ကျဉ်းသွားမည်ဟုဆိုသည်။ မြန်မာ "စုန်ရေသာရှိ၊ ဆန်ရေမရှိ" ဆိုသော စကားပုံပမာဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိခင်မေတ္တာကို သိနားလည်ပြီး အစွမ်းကုန်မေတ္တာတုံ့ပြန်ရာသည်။

**၁၈၂။ လွှတ်သောငါးကြီးမြီး၊ သေသောသားဖွံ့သည်**

**ဆိုလိုရင်း။** ။ဆုံးရှုံးသောအရာကို ပိုမိုတန်ဖိုးထားတတ်ကြသည်။

**ရှင်းလင်းချက်။** ။လူ့သဘောမှာ မိမိလက်ဝယ်ရှိအရာထက် လက်လွှတ်သွားသော အရာကို ပို၍ ကောင်းသယောင် ထင်တတ်ကြသည်။ လက်ထဲရှိ ငါးတကောင်ကို တန်ဖိုးထားရမည့်အစား ငါးများချိတ်တွင်မိပြီးမှ ပြန်လွှတ်သွားသောငါးကို ပိုကြီးသည်ဟု

18 U.P.—S. 193—20000—21-10-80; M. M.

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ပြီး တသသ ဖြစ်တတ်ကြသည်။ ထို့တူ အသက်ထင်ရှား ရှိနေသော သား သမီးများထက် ဆုံးသွားသော သားကို ပို၍ ဖွံ့ဖြိုးသည်၊ ချော၊ လှသည်၊ လိမ္မာသည်ဟု ထင်မြင်ပြီး နှမြောမဆုံး ပြောမဆုံး ဖြစ်တတ်ကြလေသည်။

**အကျိုးသက်ရောက်ပုံ။** ။ထို့ကြောင့် လက်လွှတ်သွားသောအရာကို နှမြောတသ တန်ဖိုးထားနေမည့်အစား မိမိလက်ဝယ်ရှိအရာကို အလေးထားသင့်သည်။ မိမိလက်ရှိ ဝတ္ထု ပစ္စည်း စသည်တို့၏ နှစ်သက်မြတ်နိုးစရာ အကွက်ကောင်းများကို ဂရုမူ၍ ကြည့်သင့်သည်။ သားသမီးဆိုပါကလည်း သေသူကို ချီးမွမ်းတသ နေမည့်အစား အသက်ထင်ရှားရှိ သားသမီးများကိုသာ ကောင်းကွက်မြင် ချီးမွမ်းခြင်း၊ ကောင်းသထက်ကောင်းအောင် ပြုပြင်ခြင်းတွင် အာရုံညွတ်သင့်သည်။

**၁၈၃။ အောက်ခြေရောက်သည်အထိငုပ်၊ အဆုံးရောက်သည်အထိသွား**

မြန်မာစကားပုံ "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" နှင့် အတူတူပင် ဖြစ်သည်။

## (၁၆) ရခိုင်

ရခိုင်အမျိုးသားတို့သည် ရခိုင်ပြည်နယ်၌ အများဆုံးအခြေစိုက် နေထိုင်ကြပြီး မြန်မာတပြည်လုံး ပျံ့နှံ့နေထိုင်လျက် ရှိကြသည်။ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်များကို ကိုးကွယ်ကြသည်။

**၁၈၄။ ကျွဲနား စောင်းတီး**

**ဆိုလိုရင်း။** ။တန်ဖိုးမသိသူ အပါးဝယ် အဖိုးတန်များသည် အချည်းနှီး ဖြစ်သည်။

**ရှင်းလင်းချက်။** ။ကျွဲမှာ တိရစ္ဆာန်မျှသာဖြစ်ရာ သာယာသောဂီတသံကို နာခံနိုင်သည်မဟုတ်။ ထို့ကြောင့် ကျွဲအနားတွင် စောင်းတီးပြသော်လည်း အချည်းနှီးအကျိုး



မဲ့သာ ဖြစ်မည်။ ထို့အတူ လောက၌ အနှစ်သာရကိုမသိသော လူများလည်း ရှိပေသည်။ ထိုသူမျိုးသည် အသိပညာ၊ အတတ်ပညာများကို လေးစားရမှန်း တန်ဖိုးထားရမှန်းမသိနိုင်ကြ။ အဖိုးတန်စကား၊ ပညာရပ် ပညာရှိ စသည်တို့ ပတ်ဝန်းကျင်ဝယ် ကျင်လည်နေသော်လည်း ပေါ့ပေါ့တန်တန်သဘောထားကာ မသိကျိုးကျွန်ပြု၍လည်းကောင်း၊ လျစ်လျူရှု၍လည်းကောင်း နေထိုင်တတ်ကြသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိပတ်ဝန်းကျင်ရှိ လူအသီးသီး၊ ပညာရပ်အဖုံဖုံ၏ တန်ဖိုးကို ဂရုပြုလေ့လာအပ်ပြီး မှတ်သားတန်သည်မှတ်သား၊ လိုက်နာတန်သည်ကိုလိုက်နာ စသည်ဖြင့်လုပ်ဆောင်ရာသည်။

**၁၈၅။ ခွေးလိမ္မာအမြီးကုပ်၊ လူလိမ္မာနောက်ဆုတ်**

**ဆိုလိုရင်း။** ။အင်အားချင်း မတူလျှင် နောက်ဆုတ်သင့်ကြောင်း။

**ရှင်းလင်းချက်။** ။ခွေးသဘာဝ၌ အမြီးကုပ်ခြင်းမှာ အရှုံးပေးလိုက်ခြင်း ဖြစ်သည်။ ခွေးချင်းရန်ဖြစ်၍ ရှုံးမည်ထင်လျှင် လိမ္မာသောခွေးက အမြီးကုပ်ပြီး အရှုံးပေးလိုက်သည်။ ခွေးမိုက်မှာမူ အကိုက်အခဲ အစုတ်အပြဲခံပြီး ခုခံနေတတ်သည်။ ထို့တူ လူမှာလည်း မိမိထက် အင်အားကြီးမားလှ၍ မိမိမနိုင် ရှုံးမည်ထင်လျှင် လူလိမ္မာမှ ရှေ့မတိုးပဲ နောက်ဆုတ်တတ်သည်။ လူမိုက်မှ အထိ အနာခံပြီး တုံ့ပြန်နေတတ်သည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိထက်အင်အားကြီးမားသဖြင့် မိမိနိုင်မည်မထင်သူနှင့် မယှဉ်ပြိုင်အပ်ကြောင်း သတိပြုရာသည်။

**၁၈၆။ ဆန်းလျှင်တချက် ရိုးလျှင်တသက်**

**ဆိုလိုရင်း။** ။ရိုးသားခြင်းသည် အကောင်းဆုံးဖြစ်သည်။

**ရှင်းလင်းချက်။** ။ဆန်းဟူသည် မရိုးသားခြင်းဖြစ်ပြီး ရိုးဟူသည်မှာ ဖြောင့်မတ်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်ခြင်းကိုဆိုသည်။ ဆန်းခြင်းမှာ ခဏပန်းသာခံပြီး ရိုးခြင်းသည် တသက်လုံးအတွက် ရေရှည်ခံပေ၏။

**ဥပမာ။** ။စီးပွားရှာရာ၌ ဥပဒေမလွတ်ကင်းသော အဆန်းနည်းဖြင့် မြတ်လမ်းလိုက် စီးပွားရှာခြင်းမျိုးသည် ခဏလောက်သာခံပြီး ရိုးသားမှန်ကန်သောနည်းဖြင့် ရှာဖွေခြင်းသည် တသက်တာလုံးအတွက် စိတ်အေးချမ်းသာရပေမည်။
ရခိုင်လူမျိုးတို့၏ ရိုးသားဖြောင့်မတ်ခြင်းကို လိုလားအားပေးသော စကားပုံဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ဆန်းခြင်းကယာယီ၊ ရိုးခြင်းကထာဝရ ဖြစ်သည့်အတွက် ရိုးသားမှန်ကန်စွာ လုပ်ဆောင်သင့်ကြောင်း သတိရစေသည်။

**၁၈၇။ တမိုးလယ်ထွန်၊ နွားထီးလား နွားမလားမသိ**

**ဆိုလိုရင်း။** ။အလုပ်တခုကို အမှုမဲ့အမှတ်မဲ့လုပ်တတ်ခြင်း။

**ရှင်းလင်းချက်။** ။မြန်မာ "ခရီးတွင်လို့ ရွာစဉ်မသိ" မနုတောင်ရိုး "တစလောင်းကုန်လို့မှ လူးမှန်းဆပ်မှန်းမသိ" စကားပုံများနှင့်သဘောတူသည်။ အမှုမဲ့အမှတ်မဲ့လုပ်တတ်ခြင်းကို မြန်မာတို့က ခရီးသွားသည့်သာဓက၊ မနုတောင်ရိုးတို့က လူးဆပ်စားသည့်သာဓက၊ ရခိုင်တို့ကလယ်ထွန်သည့် သာဓကများသာ ခြားနားသည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိ လုပ်ငန်းဆောင်တာများကို အမှတ်မဲ့မလုပ်ထိုက်ကြောင်း သတိပြုရမည်။

**၁၈၈။ မဟိစွာထက် မသိစွာခက်**

**ဆိုလိုရင်း။** ။ဥစ္စာပစ္စည်းမရှိသည်ထက် အခါအခွင့်မသိသည်ကပို၍ ခက်ကြောင်း။



**ရှင်းလင်းချက်။** ။ဥစ္စာပစ္စည်းမရှိသည်မှာ မခက်လှ။ ဉာဏ်ဝီရိယ စိုက်ထုတ်ပြီး လုပ်ကိုင်က ကံအကြောင်းညီညွတ်လာလျှင် ဥစ္စာပစ္စည်းအတန်အသင့် ရှိလာနိုင်သည်။ ကြွယ်ဝချမ်းသာသူလည်း ဖြစ်လာနိုင်သည်။ ထို့ကြောင့် ဥစ္စာပစ္စည်းဟူသည် ရှိလာအောင် လုပ်ရန် မခဲယဉ်းလှ။ မသိတတ်ခြင်းမှာ အခါအခွင့် အကြောင်းအကျိုး အကောင်းအဆိုး လူ့အရိပ်အခြည် အရိပ်အကဲ စသည်တို့ကို မသိတတ်ခြင်းဖြစ်သည်။ ယင်းသို့မသိတတ်သူကို တတ်သိအောင် နားလည်အောင် အရိပ်အကဲကိုသိတတ်အောင် ပြောဆိုသွန်သင်ရသည်မှာ အလွန်ခက်လှ၏။ မြန်မာ၌လည်း "မရှိတာထက် မသိတာခက်"ဟူသော အလားတူစကားပုံရှိသည်။

**အကျိုးသက်ရောက်ပုံ။** ။လူမှုဆက်ဆံရေးနယ်ပယ်တွင် လူအမျိုးမျိုး စရိုက်အထွေထွေရှိရာ လူ့အရိပ်အခြည်ကို နားလည်နိုင်ဖို့လိုအပ်လှသည်။ မိမိ၌ ယင်းသို့သော ချွတ်ယွင်းချက်မျိုးရှိပါမူ ပညာဗဟုသုတစသည်များကို လေ့လာဆည်းပူးပြီး မိမိချွတ်ယွင်းချက်များကို ပြုပြင်သင့်ကြောင်း သတိပြုရမည်။

## (၁၇) ရှမ်း

ရှမ်းတို့သည် ရှမ်းပြည်နှင့် မြစ်ကြီးနားခရိုင် အင်းတော်ကြီးနယ်များ၌ အများဆုံးနေထိုင်ကြပြီး အထက်ချင်းတွင်းနှင့် မြေပြန့်အရပ်များ၌လည်း ပျံ့နှံ့နေထိုင်ကြသည်။ ဗုဒ္ဓဘာသာနှင့်ရိုးရာနတ်များကို ကိုးကွယ်ကြသည်။ ရိုးသားပြီး ရောင့်ရဲတင်းတိမ်ကြသည်။ တောသူတောင်သားများဘဝ အေးအေးချမ်းချမ်းနေထိုင်လိုကြသည်။

**၁၈၉။ ကိုယ့်အမှားမမြင်ပဲနှင့်၊ သူများအပြစ်မတင်ပါနှင့်**

**ဆိုလိုရင်း။** ။မိမိအမှားကို မြင်အောင်ကြည့်တတ်ရန် လိုကြောင်း။

**ရှင်းလင်းချက်။** ။လူ့သဘာဝမှာ ကိုယ့်အမှားကိုမမြင်တတ်ကြ။ သူများအမှားကိုမူ လျင်မြန်စွာမြင်ပြီး အပြစ်တင်စောတတ်သည်။ ရှမ်းလူမျိုးတို့က ယင်းသို့ မပြုမူမိအောင် မိမိအမှားကို ဦးစွာကြည့်တတ်ရန်သတိပေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးသက်ရောက်ပုံ။** ။တဦးတယောက်က အမှားပြုလျှင် ချက်ချင်းအပြစ်တင်မစေသင့်၊ မိမိကိုယ်တိုင်လည်း ဤသို့ပြုမိ မှားမိတတ်ခြင်းရှိနိုင်ပုံကို ဆင်ခြင်ရမည်။

**၁၉၀။ နွားကွဲလျှင် အမဲသားဖြစ်မည်**

**ဆိုလိုရင်း။** ။စည်းလုံးညီညွတ်မှုမရှိခြင်း၏ အပြစ်ကိုပြသည်။

**ရှင်းလင်းချက်။** ။မြန်မာစကားပုံ "နွားကွဲကျားကိုက်" နှင့် သဘောတူသည်။ မြန်မာတို့က ကျားကိုက်ခံရမည့်အဆင့်ထိပြောပြီး ရှမ်းတို့ကမူ အမဲသား ဖြစ်သွားမည့် နောက်ဆုံးအဆင့်အထိ ပြောသည်။

**အကျိုးသက်ရောက်ပုံ။** ။စည်းလုံးညီညွတ်မှုမရှိလျှင် ပြင်ပအန္တရာယ် ဝင်လာပြီး ဒုက္ခဖြစ်နိုင်ကြောင်း သဘောပေါက်ပြီး အချင်းချင်းညီညွတ်အောင် အစဉ်ကြိုးပမ်းဖို့လိုကြောင်း သတိပြုစေသည်။

**၁၉၁။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရာ၊ ကျားဆိုးနှင့် တွေ့သောအခါ ကံကိုမယုံရာ**

**ဆိုလိုရင်း။** ။ကံကိုချည်း တဘက်သတ် အားကိုးမနေသင့်ပဲ လုံ့လဝီရိယစိုက်ထုတ်ပြီး လုပ်ကိုင်ဖို့ လိုကြောင်း။

**ရှင်းလင်းချက်။** ။ထိုသဘောကိုပေါ်အောင် ရှမ်းတို့က ဥပမာနှစ်ခုနှင့် ယှဉ်ပြပြီး မှာကြားထားသည်။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုအားကိုးကာ ဉာဏ် ဝီရိယ စိုက်ထုတ်ပြီး လှော်ခတ်ခြင်း၊ ထိန်းပေးခြင်း စသည်များကို မပြုပဲ မနေသင့်။ လှေကောင်းသော်လည်း ရေစီးသန်က တိမ်းမှောက်သွားနိုင်ပေသည်။ ရေစီးသန်းသောမြစ်တွင် လှေကောင်းလည်းပါ ဉာဏ် ဝီရိယ စိုက်ထုတ်ခြင်းလည်းရှိပါမှ လိုရာခရီးသို့ ရောက်ပေမည်။ ထို့အတူကျားဆိုးနှင့်တွေ့သောအခါ၌လည်း ငါ ကံကောင်းသည်၊ ငါ့ကို ကျားမကိုက်ဟု မယူဆသင့်၊ ကျားဆိုးဟူသည် လူကိုတွေ့လျှင် ကိုက်ခဲသတ်ဖြတ်စားမည် ကေန်ဖြစ်ရာ



ဉာဏ် ဝီရိယကျူပြီး သေဘေးလွတ်အောင် ရှောင်တိမ်းဖို့လိုအပ်ပေသည်။ အထက်ပါ စကားပုံသည် မြန်မာတို့၏ ကံယုံ၍ ဆူးပုံမနင်းရာ၊ ကျားရဲရာ ကြမ္မာမယိုးသာဟူသော စကားပုံနှင့် သဘောတူပင် ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။ကံဟူသည် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ ဟူ၍ရှိရာ အတိတ်ကိုချည်း မပုံအပ်၊ ပစ္စုပ္ပန်၌လည်း မည်သည့်အမှု၌မဆို ဝီရိယစိုက်ထုတ်ရန် လိုအပ်ကြောင်း သတိပြုအပ်သည်။

**၁၉၂။ လူပေါ်ကြော့သည် တနှစ်လုံးစကားပြော၏၊ လူလိမ္မာကား အချိန်အခွင့်ကို လိုက်၍သာ ပြောတတ်သည်**

**ဆိုလိုရင်း။** ။စကားအပြောအဆိုသည် လူ့အတိမ်အနက်ကို ဖော်ပြနေကြောင်း။

**ရှင်းလင်းချက်။** ။ပေါ့ပေါ့တန်တန် ကြော့ကြော့မော့မော့ နေတတ်သူကို လူပေါ်ကြော့ဟု ဆိုစမှတ်ပြုကြ၏။ လူပေါ်ကြော့သည် မည်သည့်အရာကိုမျှ အလေးအနက်မထား၊ ကြိုးကြိုးစားစား လုပ်ကိုင်ချင်စိတ်လည်း မရှိတတ်။ စကားပြောဖော်ရှိလျှင် အချိန်ရှိသရွေ့ ပြောနေမည့်လူစားမျိုးဖြစ်သည်။ လူလိမ္မာမူ အချိန်ရှိသရွေ့ စကားမပြော၊ အချိန် အခါအခွင့်ကိုလိုက်၍သာ ပြောသည်။

**အကျိုးသက်ရောက်ပုံ။** ။စကားများများပြောခြင်းသည် အထင်အမြင်သေးဖွယ်ဖြစ်သဖြင့် အချိန်အခွင့်ကိုကြည့်ပြီး သင့်တင့်လျောက်ပတ်စွာ ပြောရသည်။

**၁၉၃။ လောဘကြီးသူ အရှက်မရှိ၊ အရှက်ရှိသူ လောဘမကြီး**

**ဆိုလိုရင်း။** ။လောဘကြီးလွန်းခြင်းသည် ရှက်ဖွယ်ဖြစ်ကြောင်း။

**ရှင်းလင်းချက်။** ။လောဘကြီးသူသည် စီးပွားဥစ္စာရမည်ဆိုလျှင် ရှက်ရမှန်း မသိတော့ပဲ ရနိုင်မည့်သူကို နှိမ့်ချကာလည်း ပြောမည်။ ဝပ်တွားကာလည်း ဆိုမည်။

www.burmeseclassic.com



မှသားစကားလည်း အလွယ်တကူ ထွက်မည်။ ရနိုင်မည့်လမ်းကို အစမ်းမရ ရှိက်ပါမည်။ လူ့စည်းကမ်းကျင့်ဝတ်ကို ဖောက်ရမည်ဆိုလျှင်လည်း ချိုးဖောက်ပစ်လိုက်မည်။ ထို့ကြောင့် လောဘကြီးသူသည် အရှက်မရှိဟု ဆိုခြင်းဖြစ်သည်။ အရှက်ရှိသူမှာ လောဘသားတို့၏ အမူ အကျင့် စရိုက်များကိုမနှစ်မြို့ မလိုလားနိုင်ပဲ ယင်းသို့ ပြုမူလုပ်ဆောင်ရမည်ကို အလွန် အမင်း ရှက်နေပေမည်။ ထို့ကြောင့် ရှမ်းတို့က လောဘကြီးသူနှင့် မကြီးသူတို့၏ ခြားနား ခြင်းကို အရှက်ဖြင့် စည်းခြားပြထားခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** ။လူအများ ကဲ့ရဲ့ဖွယ်ဖြစ်လောက်အောင် အလွန်အမင်း လောဘမကြီးသင့်ကြောင်း သတိပြုသင့်သည်။

**၁၉၄။ သူ့ထမင်းစားပြီး သူ့အတင်းကိုမပြောနှင့်၊ မိုးကြိုးမပစ်သော်လည်း ဆင်းရဲ တာရှည်တတ်သည်**

**ဆိုလိုရင်း။** ။သူ့ကျေးဇူးကို သိရန်။

**ရှင်းလင်းချက်။** ။ထမင်းသည် လူ၏အသက်သခင်ကျေးဇူးရှင်ဖြစ်ရာ သူ့ထမင်း စားပြီးလျှင် သူ့ကျေးဇူးသည် မိမိအပေါ်၌ တင်ရှိနေပေပြီ။ ထို့ကြောင့် ကျေးဇူးရှင်၏ မကောင်းသတင်းကို မပြောသင့်။ ကျေးဇူးရှင်ကိုမကောင်းပြောလျှင် မိုးကြိုးချက်ချင်းမပစ် သော်လည်း မိမိ၌ အကျိုးကျေးဇူးမဖြစ်ထွန်းပဲ ဆင်းရဲတာရှည်တတ်သည်ဟု ဆိုဆုံးမ ထားသော စကားပုံဖြစ်၏။

**အကျိုးသက်ရောက်ပုံ။** ။ကျေးဇူးမဲ့မပြုမိရန် အထူးရှောင်ရှားသင့်ပေသည်။

**၁၉၅။ အချောင်းတရာရှိသောမြား၊ လူအများမချိုးနိုင်**

**ဆိုလိုရင်း။** ။စည်းလုံးညီညွတ်မှုအား (တနည်း) စုပေါင်းအား၏ အကျိုးများ ပုံကိုပြသည်။



**ရှင်းလင်းချက်။** ။မြားတချောင်းကို လူတဦးတည်းကပင် လွယ်ကူစွာချိုးဖဲ့ပစ် နိုင်သည်။ တစုတစည်းသော မြားချောင်းတရာဖြစ်ပါက လူတဦးမဆိုထားနှင့်၊ လူအများ ကလည်း မချိုးနိုင်ပေ။ ထိုနည်းတူတဦးစီကွဲပြားနေပါကပြင်ပမှအလွယ်နှင့်ဖိနှိပ်နိုင်သည်။ တညီတညွတ်တည်းဖြစ်ပါက ရန်သူ မည်မျှအင်အားကြီးပါစေ။ မထိုးဖောက် မနှောင့်ယှက် နိုင်ချေ။

**အကျိုးသက်ရောက်ပုံ။** ။စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်သဖြင့် အချင်း ချင်း စည်းလုံးညီညွတ်ကြရာသည်။

## (၁၈) **အင်းလေး**

ညောင်ရွှေအရှေ့ဘက် ဆင်တောင်၊ သက်လွတ်တောင်နှင့် အနောက်ဘက်သံတောင် တောင်တန်းကြီးအကြားရှိ မြေပြန့်ကား ညောင်ရွှေ အင်းလေးဒေသပင်ဖြစ်၏။ အင်းလေးကို အကြောင်းပြု၍ ထိုဒေသရှိလူများကို အင်းသားဟု ခေါ်ကြသည်။ အင်းလေးကန်သည် တောင်နှင့်မြောက်အလျား ၁၂ မိုင်၊ အရှေ့အနောက်အနံ ၄ မိုင်ရှိ၏။ အင်းသူအင်းသား တို့သည် မြန်မာတို့နှင့်မခြားကြကြောင်း တွေ့ရသည်။

**၁၉၆။ ကွဲပါးစောင်းတီး၊ ကလီးနားစာဖတ်**
**လွှ**

ကွဲပါးစောင်းတီး၊ ကျီးနားစာဖတ်

**ဆိုလိုရင်း။** ။တန်ဖိုးမသိသူအပါးဝယ် အဖိုးတန်များသည် အချည်းနှီးဖြစ်သည်။

**ရှင်းလင်းချက်။** ။စောင်းတီးခြင်း၊ စာဖတ်ခြင်းဟူသည် တန်ဖိုးရှိသောအလုပ် များဖြစ်သည်။ တိရစ္ဆာန်မျှဖြစ်သော ကျွဲ၊ ကျီးအပါးဝယ် အဖိုးတန်များလုပ်ပြသော်လည်း နားထောင်ရမှန်း၊ မှတ်သားရမှန်းမသိသည့်အတွက် အလဟဿသာ ဖြစ်ပေမည်။ ထို့တူ

19 U.P.—S. 193—20000—21-10-80, M. M.

www.burmeseclassic.com



မည်မျှအဖိုးတန်သော အရာဖြစ်ပါစေ၊ မသိနားမလည်သူလက်ဝယ် အချည်းနှီးသာ ဖြစ်ပေမည်။

**အကျိုးသက်ရောက်ပုံ။** ။မိမိပတ်ဝန်းကျင်ရှိ အဖိုးတန်များကို သိရှိနားလည်ပြီး အဖိုးထိုက်အောင် အသုံးပြုသင့်ပေသည်။

**၁၉၇။ မရှိလျှင်ဖားတကောင်၊ ရှိလျှင်ကျားတကောင်**

**ဆိုလိုရင်း။** ။မရှိလျှင်မရှိသည့်အလျောက် ရှိလျှင်ရှိသည့်အလျောက် စားသောက် နေထိုင်တတ်ရန်။

**ရှင်းလင်းချက်။** ။မရှိသည့်အခါ၌ ဖားတကောင်လောက်မျှနှင့်လည်း စားတတ်ရမည်။ ဖောဖောသီသီ စားသုံးနိုင်သည့်အခါ ကျားတကောင်လောက်လည်း စားပါ။

**အကျိုးသက်ရောက်ပုံ။** ။မိမိ၏ လက်ငင်းအခြေအနေနှင့် လိုက်လျောညီထွေအောင် စားသောက်နေတတ်ရန် သတိပြုရမည်။

**၁၉၈။ မလိုတမာခါး၊ လိုသကာပျား**

**လိုဆိုရင်း။** ။မနှစ်သက်လျှင် အပြစ်မြင်ပြီး နှစ်သက်လျှင် အချစ်ဝင်တတ်သည်။ မုန်းသူ၏စကားမှာ ခါးပြီး၊ ချစ်သူ၏စကားမှာ ချိုတတ်သည်။

**ရှင်းလင်းချက်။** ။လူမှုဆက်ဆံရေး၌ လူ၏ အမူအရာ အပြောအဆိုများသည် အတွင်းစိတ်အခြေခံအတိုင်း ဖြစ်ပေါ်တတ်၏။ မလိုလားမနှစ်သက်စိတ် အခြေခံရှိသည့်အခါ ပြောဆိုဆက်ဆံမှုများသည် တမာကဲ့သို့ခါးတတ်၏။ စိတ်က လိုလားနှစ်သက်ပါမူ မျက်နှာ



အနေအထားကအစ စကားလုံးများအဆုံး အားလုံးသည် သကာပျားပမာ ချိုသာနေတတ်ပေသည်။ ညင်သာပျော့ပျောင်းပြီး နားဝင်ပီယံဖြစ်နေပေသည်။

**အကျိုးသက်ရောက်ပုံ။** ။ချစ်သူရောမုန်းသူကိုပါ မေတ္တာစိတ်အရင်းခံဖြင့် ဆက်ဆံနိုင်လျှင် အကောင်းဆုံးဖြစ်ပေသည်။

**၁၉၉။ မီးလောင်မှ ရေမွှေရိုးရှည်ရှာသလို**

**ဆိုလိုရင်း။** ။အရေးကြုံလာမှ ကပျာကယာလုပ်ဆောင်ခြင်း။

**ရှင်းလင်းချက်။** ။မီးဘေးကြိုတင်ကာကွယ်ရာ၌ မီးချိတ် မီးခတ် စသည့်ကိရိယာများကို အဆင်သင့်စုဆောင်းထားရှိရမည်။ ထိုသို့မထားသူသည် မီးလောင်မှမီးငြိမ်းသတ်ရန် ရေမွှေရိုးရှည်လိုက်ရှာသည့် အဖြစ်မျိုးကြုံရမည်။ (ရေမွှေရိုးရှည်မှာ ရေမှုတ်ရိုးရှည်ကို ဆိုသည်။)

**အကျိုးသက်ရောက်ပုံ။** ။အရေးကိစ္စကြုံတော့မှ ပျာပျာလောင်လောင်လုပ်ဆောင်မနေရရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း သတိပြုရမည်။

**၂၀၀။ လှေပျောက်မှလှေကြိုးရှာ၊ အထည်ပျောက်မှအိမ်အောက်ထရံကာ**

**ဆိုလိုရင်း။** ။တစုံတခုဆုံးရှုံးပြီးမှ သတိရကာ အကာအကွယ် လုပ်ဆောင်ခြင်း။

**ရှင်းလင်းချက်။** ။အင်းသားတို့သည် အင်းလေးကန်ထဲ၌ အိမ်ဆောက်နေထိုင်ကြသဖြင့် တနေရာမှတနေရာသို့ သွားလာသောအခါ လှေကိုအသုံးပြုကြရသည်။ အထက်ပါ စကားပုံသည် အင်းသားတို့၏ နေထိုင်မှုပတ်ဝန်းကျင်နှင့်ဆက်စပ်ပြီး သင်ခန်းစာပေးသော စကားပုံဖြစ်သည်။ လှေကိုအသုံးမလိုသည့်အချိန်၌ လူမခိုးနိုင်ရန် မပျောက်ပျက်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင် သို့မဟုတ် တစုံတခုမှာဖြစ်စေ ကြိုးဖြင့်နှောင်တည်းထားရသည်။ ထိုသို့မလုပ်ပဲထားသဖြင့် လှေပျောက်ပြီးမှ လှေချည်ရန်ကြိုးရှာခြင်း၊ အထည်ပျောက်ပြီးမှ သူခိုးဝင်လာသော အိမ်အောက်ကိုထရံကာခြင်းမျိုးသည် ဆုံးရှုံးပြီးမှလုပ်ဆောင်ခြင်းဖြစ်၍နောက်ကျနေသည်။

**အကျိုးသက်ရောက်ပုံ။** ။မည်သည့်ကိစ္စမျိုး၌မဆို အသိ၊သတိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှုရှိအပ်ကြောင်း သင်ခန်းစာပေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com